## အခန်း(၄၉၁) - သူတို့နဲ့ ကစားကြတာပေါ့။

မကြာခင် ရှာဖွေမှုရလဒ်က ဝမ်ကျီကျွင်း ရှေ့တွင် ပေါ်လာသည်။

“အရှေ့တောင်ဘက် အရပ်မှာ အင်မော်တယ် အဆင့်သုံးနဲ့ အင်မော်တယ်အဆင့်ငါး နှစ်ယောက် ရှိတယ်”

ဝမ်ကျီကျွင်းသည် ခဏ္တမျှ တုံ့ဆိုင်းသွားပြီးနောက် မြူခိုးသစ်တောထဲမှ ပြန်ထွက်လာသည်။

"နှစ်ယောက်တစ်ယောက် တိုက်ပွဲက ပျော်ဖို့ မကောင်းဘူး။ ငါ့ကို ကူညီဖို့ တစ်ယောက် ရှာရမယ်"

ထို့နောက် နေရာကူးပြောင်းခြင်း ခါတ်ကြွင်းကို ဆင့်ခေါ်ပြီး အထဲဝင်သွားသည်။ မကြာခင် ဒုတိယဥ္စာနမှူးကျန်း၏ လက်ကိုဆွဲပြီး နေရာကူး ပြောင်းခြင်း ခါတ်ကြွင်းထဲမှ ပြန်ထွက်လာသည်။

"အခု ငါ့လက်ကို လွှတ်ပေးလို့ ရပြီ"

ကျန်းရွှယ်ဖန်း၏ မျက်နှာတွင် အမူအရာကင်းမဲ့လျက် ရှိနေသော်လည်း သူ၏

ဘယ်ဘက်လက်ကို ဆုတ်ကိုင်ထားဆဲ ဖြစ်သော ဝမ်ကျီကျွင်းကို ထိတ်လန့်တကြား ကြည့်လိုက်သည်။

အမျိုးသားနှစ်ယောက် ဖြစ်သော ဒုတိယဌာနမှူး နှစ်ယောက်က လက်ကိုင်ပြီး နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းထဲသို့ ဝင်သွားသည့် မြင်ကွင်းကို မြင်ယောင်ကြည့်ပါ။ ဤမြင်ကွင်းကို သိုင်းပညာ မုဆိုးကောလိပ်ရှိ ဆရာပေါင်း ရာကျော်က မြင်ခဲ့ကြပြီး သူတို့၏ မျက်နှာပေါ်တွင် ဖြစ်ပေါ်နေသော အမူအရာများကို စကားလုံး

တစ်လုံးနှင့်သာ ဖော်ပြနိုင်သည်။ အင်မတန် အံ့ဩမှင်တက် နေခြင်းပင်။

ကျန်းရွှယ်ဖန်းသည် ဝမ်ကျီကျွင်း ယခုလုပ်ခဲ့သော လုပ်ရပ်လေးတစ်ခုက နှစ်ပေါင်းများစွာ သူ တည်ဆောက်ခဲ့ရသော ပုံရိပ်ကို ထိခိုက် ပျက်ဆီးစေနိုင်သည်ဟု ခံစားနေရသည်။

"အာ ငါ တောင်ပန်ပါတယ်။ အခု ငါ အရမ်း စိတ်လောနေလို့။ မဟုတ်ဘူး အရမ်း စိုးရိမ်နေလို့ပါ"

ဝမ်ကျီကျွင်းက လက်ကို ကမန်းကတန်း လွှတ်ပေးပြီး ရှင်းပြလိုက်သည်။

“ပြောပါဦး၊ ဘာဖြစ်လို့လဲ”

ကျန်းရှယ်ဖန်းသည် ဝမ်ကျီကျွင်းက သူတစ်ယောက်တည်း မကိုင်တွယ်နိုင်သဖြင့် သူ့ကို ခေါ်ထုတ်လာကြောင်း သတိထားမိသည်။

“အင်မော်တယ်အဆင့်သုံး တစ်ယောက်နဲ့ အင်မော်တယ်အဆင့်ငါး တစ်ယောက် အတူတူ ရှိနေတယ်”

ဝမ်ကျီကျွင်းက ရှင်းပြလိုက်ရဦ

"ဒါဆိုရင် ငါက အဆင့်သုံးကို တိုက်ခိုက်မယ်။ မင်းက အဆင့်ငါးကို ထိန်းထားလိုက်။ ငါ သူ့ကို သတ်ပြီးရင် မင်းကိုလာကူညီမယ်"

ကျန်းရှယ်ဖန်းက လိုရင်း တန်းပြောလိုက်သည်။

"ကောင်းပြီလေ"

ဝမ်ကျီကျွင်းသည် အင်မော်တယ်အဆင့်ငါး ဖြစ်ပြီး ကျန်းရှယ်ဖန်းက အင်မော်တယ် အဆင့်လေးသာ ဖြစ်သော်လည်း ချက်ချင်း သဘောတူလိုက်သည်။ ထို့ကြောင့် အင်မော်တယ် အဆင့်ငါးနှင့် တိုက်ခိုက်ချင်မည် မဟုတ်ပေ။

သူတို့ နှစ်ယောက်လုံး တောထဲ ဝင်သွားပြီးနောက် ဝမ်ကျီကျွင်းက ထောက်လှမ်းရေး ခါတ်ကြွင်းကို ထုတ်ယူကာ ရန်သူ၏တည်နေရာကို ဖော်ထုတ်လိုက်၏။

ထောက်လှမ်းရေး ခါတ်ကြွင်း၏ မြင်ကွင်းကို ကြည့်ပြီးနောက် ဝမ်ကျီကျွင်း မျက်မှောင် ကြုတ်သွားသည်။

"ပထမတုန်းက သူတို့က မူလနေရာမှာ စောင့်နေသလို ပြနေပေမယ့် အခုတော့

တစ်ယောက်ယောက်နောက်ကို လိုက်နေသလိုမျိုး အမြန် လှုပ်ရှားနေပါလား”

“ဆရာလင်း နောက်ကို လိုက်ဖမ်းနေတာလား”

ကျန်းရွှယ်ဖန်းက ချက်ချင်း တွေးလိုက်မိသည်။ အကြောင်းမူ ဆရာများအားလုံးထဲ၌ လင်းဟွမ် တစ်ယောက်သာ မိုးကြိုးသိမ်းဌက် ရှိပြီး အင်မော်တယ်အဆင့် လက်ထဲမှ ထွက်ပြေးနိုင်လိမ့်မည်။ ကျန်သည့် ဆရာများမူ အင်မော်တယ် အဆင့် (၂) နှင့် တွေ့လျှင်ပင် ထွက်မပြေးနိုင်ခင် အသတ်ခံရလိမ့်မည်။

တတိယနှစ် တန်းခွဲ (၂) မှ ဆရာရီထိုက်ခုန် တစ်ယောက်တည်းသာ ရွှေမီးလျှံအဆင့် ရှိသည်။ သို့သော်လည်း အင်မော်တယ်အဆင့် နှစ်ယောက်လုံးနှင့် တွေ့ပါက ထွက်ပြေးရန် မဖြစ်နိုင်ဘဲ စက္ကန့်ပိုင်းလေးအတွင်းပင် အသတ်ခံရနိုင်သည်။

"သူတို့နောက်ကို မြန်မြန် လိုက်ရအောင်"

ဝမ်ကျီကျွင်းက ထိုကဲ့သို့ ဖြစ်နိုင်သည်ဟု တွေးမိပြီး သတိပေးလိုက်သည်။ လုမင်က လင်းဟွမ်ကို ကောင်းကောင်းမွန်မွန် ဂရုစိုက်ပေးရန်

အကြိမ်ကြိမ်အခါခါ တောင်းဆိုခဲ့သည့် အကြောင်းကို ပြန်တွေးမိပြီး ထိတ်လန့်သွားသည်။

"ရိုးရိုးသားသား ပြောစမ်းပါ။ သူက ဌာနမှူးရဲ့ တရားမဝင်သားလား"

ကျန်းရွှယ်ဖန်းက တိုးတိုးလေး မေးလိုက်သဖြင့်

"ငါလဲ ဘယ်သိမှာလဲ။ ဌာနမှူးက သူ့ကို ကောင်းကောင်း ဂရုစိုက်ခိုင်းထားတယ်။ တစ်ခုခု ဖြစ်သွားရင် ငါ ဒုက္ခရောက်လိမ့်မယ်။ မင်းလည်း ဌာနမှူးအကြောင်း သိတာပဲ။ ငါ့ကို နေ့တိုင်း ရက်တိုင်း ပြဿနာ ရှာလိမ့်မယ်"

ဝမ်ကျိုကျွင်းသည် လင်းဟွမ်နှင့် လုမင်တို့ကြားက ဆက်ဆံရေး အကြောင်းကို ဘာမှမသိကြောင်း ရှင်းပြလိုက်သည်။ သို့သော် ကျန်း၍ရွှယ်ဖန်းလည်း အတွေးတူနေခဲ့ပြီး ဌာနမှူးနှင့် လင်းဟွမ်တို့၏ ဓါတ်ပုံများကိုပင် ခိုးပြီး နှိုင်းယှဥ်ကြည့်ခဲ့ဖူးသည်။ သူတို့နှစ်ယောက်တွင် အသွင်အပြင် တူညီသည့် အချက် တစ်ခုမျှ မရှိကြောင်း အတည်ပြုပြီးမှ အတွေးပြောင်းလိုက်ခြင်းပင်။

"ငါတို့မှာ အရေးတကြီး လုပ်စရာရှိနေပြီ။ အချိန် မဖြုန်းနဲ့တော့"

သူတို့ နှစ်ယောက်သည် ကောင်းကင်ပေါ် ပျံတက်သွားပြီး ကင်းထောက် ခါတ်ကြွင်း ပြသထားသော တည်နေရာအတိုင်း လျင်မြန်စွာ ပျံသန်းသွားကြသည်။

…

လွန်ခဲ့သော မိနစ်အနည်းငယ်၊ လုဖန်၏ အလောင်းကို တွေ့ခဲ့သောနေရာ…

“ဘာပဲဖြစ်ဖြစ် လုယန်းကို ပြန်ရှင်းပြနိုင်ဖို့အတွက် ထိန်းချုပ်သူ တစ်ယောက်ကိုရှာဖို့ နည်းလမ်းတော့

ရှာမှဖြစ်မယ်။ သူ့ကိုသတ်နိုင်တာ၊ မသတ်နိုင်တာ အသာထားလိုက် အနည်းဆုံးတော့ ကြိုးစားရမှာပဲ”

ယုဝမ်ပင်က ဝူဖန်ကို လှည့်ကြည့်ပြီး

“မင်းဆီမှာ သူ့ကိုရှာဖို့ နည်းလမ်းရှိလား”

“သူ့ကိုသတ်ခဲ့တဲ့ နဂါးမျိုးစပ် တစ်ကောင်ကိုတော့ ငါရှာနိုင်တယ်။ ထိန်းချုပ်သူက နဂါးကို ပြန်သိမ်းတဲ့အခါကျရင် ဒီထောက်လှမ်းမှုကနေ နဂါးရဲ့သခင်က ဘယ်သူလဲ ဆိုတာ ဖော်ထုတ်နိုင်လိမ့်မယ်”

ဝူဖန်က ပခုံး တွန့်ပြလိုက်သည်။

"ဒါဆိုလဲ စမ်းကြည့်ကွာ"

ယုဝမ်ပင်က ခေါင်းညိတ်လိုက်သည်။

ဝူဖန်သည် လုဖန်၏ အလောင်းရှေ့တွင် မတ်တပ်ရပ်လိုက်ပြီး မီးလောင်ပြာကျနေသော အသားတစ်ပိုင်းကို ယူ၍ လက်ဖဝါးပေါ် တင်လိုက်သည်။ ထို့နောက် အခြားလက်ဖဝါးတစ်ခုမှ လှုပ်ရှား၍ အစီအရင်တစ်ခု ဖွဲ့စည်းလိုက်သည်။ ခဏအကြာ မီးလောင်ပြာကျနေသော အသားတုံးမှ

အနက်ရောင် ကြိုးတစ်ချောင်း စိမ့်ထွက်လာပြီး အဝေးသို့ ပျံသန်း ထွက်ခွာသွားသည်။

ဒါသည် ဝူဖန်က မွန်းစတားတစ်ကောင်ထံမှ မရည်ရွယ်ဘဲ ရရှိခဲ့သော မွန်းစတား အတတ်ပညာ တစ်ခုပင် ။ ဒါကို သေမင်းဆံပင်ဟု ခေါ်ပြီး အမှန်တကယ်တွင် သေမင်း လေတိုးသံ၏ အားနည်းသော ဗားရှင်းတစ်မျိုးသာ ။

သေမင်း လေတိုးသံသည် လူသေအလောင်းထံမှ အချက်အလက်အချို့ ထုတ်ယူ နိုင်သော်လည်း သေမင်းဆံပင်ကမူ လူသတ်သူက မည်သူမည်ဝါ

ဖြစ်ကြောင်း ကြည့်ရှုနိုင်ရန် အသုံးပြုသူကို အရိပ်အမြွက်သာ ပေးနိုင်သည်။

အသုံးပြုသူ တစ်ယောက်တည်းသာလျှင် အနက်ရောင် ဆံပင်နှင့် တူသော လှိုင်းကို မြင်နိုင်သည်။

"တွေ့ပြီလား"

ယုဝမ်ပင်က အစီအရင်ပုံစံ ဖွဲ့စည်းနေသော ဝူဖန်၏လက်က ရပ်တန့်သွားသည်ကို မြင်လိုက်လျှင် ချက်ချင်း မေးလိုက်သည်။

“ရပြီ အခု မင်း အလောင်းသိမ်းလို့ ရပြီ”

ယုဝမ်ပင်သည် အလောင်း၏ အခြေအနေကို ကြည့်ပြီး မျက်မှောင်ကြုတ်သွားသည်။ သို့သော်လည်း အလောင်းထည့်အိတ်ကို ထုတ်ယူကာ လုဖန်၏ အလောင်းကို သိမ်းလိုက်သေးသည်။ မကြာခင် အလောင်းသည် အိတ်ထဲ ရောက်သွားပြီးနောက် အင်ပါယာနှလုံးသား လက်စွပ်ရှိ သိုလှောင်ခန်းထဲ ထည့်သိမ်းလိုက်သည်။

“လုဖန်အလောင်းကို ဘယ်သူမှ မမှတ်မိနိုင်တော့ မျောက်ဝံနတ်ဆိုးရဲ့ အလောင်းကိုလဲ ယူသွားရမှာပဲ”

ဝူဖန်က သတိပေးလိုက်သည်။

ယုဝမ်ပင်သည် ထိုကဲ့သို့ မလုပ်ဆောင်ချင်သော်လည်း နတ်ဆိုးမျောက်ဝံ၏ အလောင်းကို ယူပြီး အလားတူ ပြုလုပ်လိုက်သည်။

"နဂါးမျိုးစိပ်ကို ထိန်းချုပ်သူက ပြန်မသိမ်းသေးဘူး။ ဒီကောင် တစ်ကောင်တည်း လုပ်ခဲ့တာလည်း ဖြစ်နိုင်တယ်။ ထိန်းချုပ်သူကို ရှာမတွေ့ရင်တော့ အဲ့ဒီနဂါးမျိုးစပ်ကို သတ်ပြီး လုယန်းဆီ ယူသွားရမယ့် နည်းလမ်းပဲ ရှိတော့တယ်"

ဝူဖန်က ကူကယ်ရာမဲ့စွာ ရယ်မောလိုက်သည်။

"ငါတို့မှာလဲ အချိန်က အကန့်အသတ်နဲ့ ရှိနေတော့ အဲ့ဒီ တစ်နည်းပဲ လုပ်နိုင်လိမ့်မယ်။ လုယန်းက ငါတို့ ဘာပဲလုပ်လုပ် ခွင့်လွှတ်မှာ မဟုတ်ဘူး။ အဲ့ဒါကြောင့် ငါတို့အစားခံမယ့် ဓါးစားခံဖမ်းနိုင်ဖို့ အရေးကြီးတယ်"

လုဖန် အသတ်ခံရသည့် အကြောင်းကို သိလိုက်ကတည်းက ယုဝမ်ပင်၏ မျက်နှာသည် ကျောက်တုံးတစ်တုံးကဲ့သို့ လေးနက် တည်ကြည် နေသည်။

"သွားကြစို့"

ဝူဖန်သည် ဘာမှမပြောတော့ဘဲ သေမင်း ဆံပင်၏လမ်းညွှန်မှု အတိုင်း လိုက်ပါသွားသည်။ အနောက်ဘက် အရပ်သို့ ဦးတည်ပြီး ပျံသန်း ထွက်ခွာသွားကြသည်။

ယုဝမ်ပင်သည် သူ့နောက်မှ လိုက်ပါ၍ ကောင်းကင်ပေါ်မှ ပျံသန်းသွားသည်။

တိုက်ပွဲမြေပြင်သာ ရှုပ်ထွေး၍ ကျန်ခဲ့သည်။

လင်းဟွမ်သည် လိုက်ရှာခံရမည်ကို ကြောက်သောကြောင့် မွန်းစတား နှစ်ကောင်လုံးကို ခေါ်ပြီး အမြန်ဆုံး ထွက်ခွာလာခဲ့သည်။

လင်းဟွမ်သည် အင်မော်တယ်အဆင့် သူတော်စင်နှစ်ယောက်၏ ပစ်မှတ် ဖြစ်လာပြီး ချောကလက်လေး၏ တည်နေရာကို ဖော်ထုတ်ခံလိုက်ရကြောင်း မသိခဲ့ပေ။

သွေးရဲရဲလေးထံမှ ရရှိသော အချက်အလက်များအရ သူတော်စင်အကြီးအကဲနှစ်ယောက်ထဲတွင် အားနည်းသူမှာ အင်မော်တယ်အဆင့်သုံးရှိပြီး သန်မာသူက အင်မော်တယ်အဆင့်လေး သို့မဟုတ် ထိုထက်အဆင့်မြင့်နိုင်ကြောင်း သိရထားသည်။

အကယ်၍ သူ၏ပြိုင်ဘက်က အင်မော်တယ် အဆင့်သုံးသာရှိပါက ဗုက်ဖဲများကို အသုံးပြု၍ တိုက်ခိုက် နိုင်သေးသည်။ သို့သော်လဲ ထိုထက်ပိုအားကောင်းလာပါက ကိုင်တွယ်နိုင်ရန် ယုံကြည်ချက် မရှိတော့ချေ။ ထို့ကြောင့် ပိုင်နှင့် ချောကလက်လေးတို့ကို ခေါ်ဆောင်ပြီး အရင်ဆုံး ထွက်ပြေးလာခဲ့ခြင်းပင် ။

သူတို့ သုံးယောက်သည် ကီလိုမီတာ တစ်ထောင်ခန့် ဝေးကွာသော နေရာအထိ ထွက်ပြေးလာခဲ့ကြသည်။

မြူခိုးသစ်တောရဲ့ နယ်နိမိတ် အစပ်သို့ ရောက်ခါနီး၌ ကျောင်းသားများကို ကယ်တင်ရန် လမ်းကြောင်းသုံးခု ခွဲပြီး လူစု ခွဲလိုက်ကြသည်။

လင်းဟွမ်သည် ပိုင်၊ ချောကလက်လေးတို့နှင့် လမ်းခွဲပြီး ဆယ်မိနစ်ခန့် ကြာသောအခါ ရှောင်ဖိန်ထံမှ အကြောင်းကြားချက် ရုတ်တရက် ထွက်ပေါ်လာသည်။

"တစ်ယောက်ယောက်က ထူးဆန်းတဲ့ နည်းလမ်း အသုံးပြုပြီး ချောကလက်လေးရဲ့ တည်နေရာကို

ပစ်မှတ်ထားနေတယ်။ အဲ့ဒီ မွန်းစတားကတ် တစ်ခုခု မှားနေပြီ"

"သူတော်စင် အကြီးအကဲ ဖြစ်ရမယ်"

လင်းဟွမ် မျက်မှောင်ကြုတ်သွားသည်။

"ချောကလက်လေးကို ပြန်သိမ်းလိုက်"

"ချောကလက်လေးကို ပြန်သိမ်းလိုက်ရင် မင်းဆီ အာရုံပြောင်းသွားဖို့ ဖြစ်နိုင်ချေ များတယ်နော်။ ပြန်သိမ်းချင်တာ သေချာလား"

"သေချာတယ် ပြန်သိမ်းမယ်"

လင်းဟွမ် ခေါင်းညိတ်လိုက်သည်။

ချောကလက်လေးကို ပြန်သိမ်း၍ သဲလွန်စ ရသွားသည်ဖြစ်စေ၊ မရသွားသည်ဖြစ်စေ ချောကလက်လေးက ထိုသူတော်စင် အကြီးအကဲများကို ကိုင်တွယ်နိုင်စွမ်း မရှိသည်မှာ သေချာသည်။

"သူတို့ ငါ့နောက်ကို လိုက်ချင်လဲ လိုက်စမ်းပါစေ။ ဒုဋ္ဌာနမှုုးတွေ မကြာခင် ရောက်လာလိမ့်မယ်။ ခဏလောက် အချိန်ဆွဲထားဖို့က ငါ့အတွက် ပြဿနာ မရှိလောက်ဘူး။ သူတို့နဲ့ ကစားကြတာပေါ့"

## အခန်း(၄၉၂) - မင်းတို့ရှာနေတဲ့ ထိန်းချုပ်သူက ဘယ်သူလဲဆိုတာ ငါသိတယ်။

လင်းဟွမ်က ချောကလက်လေးကို ပြန်သိမ်းလိုက်သည်။

သွေးရဲရဲလေးက အမှောင်ထု စက်လုံးနှင့် အင်ပါယာနှလုံးသားလက်စွပ် အနည်းငယ်ကို အတူတူ သိမ်းထားလိုက်သည်။

လင်းဟွမ်သည် ချောကလက်လေးကို ပြန်သိမ်းလိုက်ပါက သူတော်စင်အဖွဲ့၏ အကြီးအကဲက သူ့ထံ အာရုံပြောင်းလာနိုင်ကြောင်း သိသော်လည်း အဝေးထွက်ပြေးရန် မရွေးချယ်ခဲ့ပေ။ ထိုအစား ပိုနက်ရှိုင်းသော တောထဲသို့ ဝင်သွားခဲ့သည်။ သူတော်စင် အဖွဲ့ဝင်များကို တိုက်ခိုက်ရင်း ကျောင်းသားများကို ကယ်တင်ခြင်းက အချိန်နဲ့အမျှ အရေးကြီးနေသည်။

...

လေထုအလယ်.....

အသည်းအသန် ပျံသန်းနေသော ဝူဖန်သည် ရုတ်တရက် ရပ်တန့်သွားသည်။

“ဘာဖြစ်တာလဲ”

သူ့နောက်မှ လိုက်ပါနေသော ယုဝမ်ပင်က သိချင်စိတ်နှင့် မေးလိုက်သည်။

“သေမင်းဆံပင်ရဲ့ ဦးတည်ချက် ပြောင်းသွားပြီ။။ ပိုင်ရှင်က ငါတို့လိုက်တာတဲ့ သဲလွန်စကို ရသွားပြီး မွန်းစတားကို ပြန်သိမ်းလိုက်တာ ဖြစ်မယ်”

ဝူဖန်က ခက်ထန် ကြမ်းတမ်းနေသော မျက်နှာအမူအရာနှင့် ယုဝမ်ပင်ကို လှမ်းပြော လိုက်သည်။

"ဒါဆိုရင် ဆံပင် ပြနေတဲ့ ကိုသြဒိနိတ်က ထိန်းချုပ်သူပေါ့"

"မင်းက သေမင်းဆံပင်နဲ့ ချည်နှောင်ထားတာကို သူ သိနေတယ်ဆိုတော့ သူ့ရဲ့ဝိညာဉ်စွမ်းအားက မင်းထက် မြင့်နေနိုင်တယ်။ ဒီတော့ သူ့ရဲ့ တိုက်ခိုက်ရေးအဆင့်ကလည်း အနည်းဆုံး အင်မော်တယ် အဆင့် (၄) လို့ ပြောရမယ်။

သိုင်းပညာ မုဆိုးကောလိပ်မှာ အင်မော်တယ်အဆင့် ထိန်းချုပ်သူ တစ်ယောက်က ဘယ်နေရာကနေ ရောက်လာတာလဲ”

ယုဝမ်ပင်၏ မျက်နှာအမူအရာက လေးလံလာသည်။ သူသည် အင်မော်တယ်အဆင့် (၅) ဖြစ်သော်လည်း ထိုကဲ့သို့ ရန်သူနှင့် တိုက်ခိုက်ရန် တွန့်ဆုတ်နေသည်။

တစ်ချိန်က နတ်ဘုရားတပိုင်း ပုဂ္ဂိုလ်သည် ထိန်းချုပ်သူများနှင့် ပတ်သက်၍ မှတ်ချက်ပေးခဲ့ဖူးသည်။ ထိုစကားမှာ အင်မော်တယ်အဆင့်

ထိန်းချုပ်သူ တစ်ယောက်နဲ့ တိုက်ခိုက်ရခြင်းက သူထိန်းချုပ်ထားတဲ့ မွန်းစတား အုပ်ကြီးနဲ့ တိုက်ခိုက်ရတာနဲ့ အတူတူပဲဟု ပြောဆိုခဲ့ခြင်းပင် ။ ဒါသည် လူပေါင်းများစွာက ထိန်းချုပ်သူကို အထင်ကြီးလေးစား နေရသော အကြောင်းအရင်းလည်း ဖြစ်သည်။

ထိန်းချုပ်သူက ပိုမို အားကောင်းလာသည်နှင့်အမျှ ဆင့်ခေါ်နိုင်သော မွန်းစတား အရေအတွက်လည်း ပိုမို များပြားလာပြီး သန္ဓေသုံးကြိမ်ပြောင်း မွန်းစတားတစ်ကောင်ကို

ဆင့်ခေါ်နိုင်သည့် ဖြစ်နိုင်ချေလည်း ပိုများလာသည်။ သန္ဓေသုံးကြိမ်ပြောင်း မွန်းစတား တစ်ကောင်၏ စွမ်းရည်သည် လူသားပါရမီရှင် တစ်ယောက်နှင့်ပင် ယှဉ်နိုင်သည်။ ထို့ကြောင့် ထိန်းချုပ်သူက အဆင့်ကျော် သတ်ဖြတ်ခြင်းမျိုးကို အလွယ်တကူ လုပ်ဆောင်နိုင်၏။

"သူ့နောက် လိုက်အုံးမှာလား"

ဝူဖန်သည် ကြားဖြတ် တိုက်ခိုက်သူ၏ တိုက်ခိုက်အဆင့်ကို ခန့်မှန်းနိုင်သည်နှင့် နောက်ပြန်ဆုတ်ရန် စဉ်းစားနေခဲ့သည်။

“သွားရအောင်။ တကယ်လို့ သူနဲ့မတွေ့ရင် လုယန်းကို ပြန်ရှင်းပြဖို့ ခက်လိမ့်မယ်”

ယုဝမ်ပင်သည် ခေတ္တမျှ တွေဝေသွားခဲ့ပြီး နောက်ဆုံးတွင် ဆုံးဖြတ်ချက် ချလိုက်သည်။

“တကယ်လို့ ငါတို့က သူ့ကို နိုင်အောင် မတိုက်ခိုက်နိုင်ရင် ဓါတ်ပုံရိုက်ပြီး ချက်ချင်း နောက်ပြန်ဆုတ်မယ်။ ပြီးမှ သူ့ကို ဖယ်ရှားပစ်မယ့် နည်းလမ်းတွေ စဥ်းစားလို့ ရပါတယ်ကွာ”

“ကောင်းပြီ”

ဝူဖန်သည် ယုဝမ်ပင်၏ စကားကို နားထောင်ရုံမှအပ ရွေးချယ်စရာ မရှိပေ။

သူတို့နှစ်ယောက်လုံးသည် လင်းဟွမ်ကို အင်မော်တယ်အဆင့်ဟု မှားယွင်း၍ ခန့်မှန်းကြသလို လင်းဟွမ်၏ တိုက်ခိုက်ရေး အစွမ်းကိုလည်း လွဲမှားစွာ ကောက်ချက် ချခဲ့ကြသည်။ လင်းဟွမ်ကို မရှုံးနိမ့်နိုင်သော ရန်သူတစ်ယောက်ဟု တွေးထင်ခဲ့ကြသည်။ ကံကောင်းထောက်မစွာဖြင့် လင်းဟွမ်က ထိုအကြောင်းကို ဘာမှမသိချေ။ ထိုသို့ မဟုတ်ပါက အဖြူရောင် မီးလျှံအဆင့်သာ ရှိသေးသော

လူငယ်လေးက သူတို့နှစ်ယောက်ကို ကြိတ်ရယ်နေလိမ့်မည်။

လင်းဟွမ်သည် မပျံသန်းနိုင်သေးသော်လည်း အင်မော်တယ် အဆင့် (၄) ဟု အထင်ခံနေရသည်။

မြူခိုးသစ်တောထဲရှိ မြူခိုးများပါးနေသောနေရာ၌ လင်းဟွမ်၏ ကောင်းကင်ယံကို ဖြတ်သန်းပြီး ဓါးကို ခုတ်ချလိုက်ရာ ခေါင်းတစ်ခု ပြတ်ကျသွားသည်။ မကြာခင် ထိုအလောင်း၏ လည်ပင်းမှ သွေးများ ပန်းထွက်လာပြီး မီတာအနည်းငယ် ကွာသော သစ်ပင်များပင် စင်ကုန်သည်။

လင်းဟွမ်သည် ထိုအလောင်း၏ ခါးတွင် ချိတ်ထားသော အမှောင်ထုစက်လုံးကို ဓါးနှင့် ချိတ်ယူပြီး သွေးရဲရဲလေးထံ ပစ်ပေးလိုက်သည်။ ထို့နောက် အင်ပါယာနှလုံးသား လက်စွပ် ဝတ်ထားသော လက်ချောင်းအား ခုတ်ဖြတ်ကာ လက်စွပ်ကို ယူလိုက်သည်။ ထို့နောက် ထွက်ခွာရန်လုပ်လိုက်စဥ် ခြိမ်းခြောက်နိုင်သော အော်ဒါနှစ်ခုက သူ့ထံ ချဥ်းကပ်လာကြောင်း ခံစားလိုက်ရသည်။

"သူတော်စင် အဖွဲ့ရဲ့ အကြီးအကဲ နှစ်ယောက်လုံးက ဒီကို ရောက်လာတာလား"

လင်းဟွမ်သည် ခေါင်းမော့ပြီး ကောင်းကင်ပေါ် မော့ကြည့်လိုက်သည်။

နောက်ထပ် အခိုက်အတန့်၌ ဝူဖန်နှင့်ယုဝမ်ပင် တို့သည် သူ့ရှေ့ရောက်လာသည်။

ယုဝမ်ပင်သည် သန့်ရှင်းမီးလျှံအဆင့်သာ ရှိသေးသော လင်းဟွမ်ကို မြင်လိုက်လျှင် လှစ်လျူရှုပြီး ပတ်ဝန်းကျင်ကို လှည့်ပတ် ကြည့်လိုက်သော်လည်း အခြားသူများ မရှိပေ။

"မင်း ခြေရာခံမိတဲ့ နေရာက ဒီနေရာဆိုတာ သေချာရဲ့လား"

ထို့နောက် ဝူဖန်က လင်းဟွမ်ကို ဇဝေဇဝါ စိုက်ကြည့်လိုက်ပြီး

"သေမင်းဆံပင်က အဖြူရောင် မီးလျှံအဆင့်ရှိတဲ့ ဒီလူကို ညွှန်ပြနေတယ်"

"အဖြူရောင် မီးလျှံအဆင့်လား"

ထို့နောက် ယုဝမ်ပင်က လင်းဟွမ်ကို လှည့်ကြည့်လိုက်သည်။ မယုံနိုင်စရာကောင်းအောင် ငယ်ရွယ်လွန်းနေသဖြင့် စိုက်ကြည့်နေသည်။

"မင်း မမှားဘူးဆိုတာ သေချာလား"

"အင်း။ ဖြစ်နိုင်ချေ တစ်ခုတော့ ရှိတယ်။ ထိန်းချုပ်သူက ငါတို့ရဲ့ ထောက်လှမ်းမှုကို သိသွားပြီး ရှုပ်ထွေးအောင် လုပ်လိုက်တာ ဖြစ်လိမ့်တယ်"

လင်းဟွမ်က အဖြူရောင် မီးလျှံအဆင့်သာ ရှိသေးသောကြောင့် အင်မော်တယ် အဆင့် (၁)

မွန်းစတား တစ်ကောင်ကို ဆင့်ခေါ်နိုင်လိမ့်မည်ဟု မထင်ခဲ့ကြချေ။

"ကြွက်စုတ်လေး၊ သိုင်းပညာ မုဆိုးကောလိပ်ရဲ့ ထိန်းချုပ်သူ တစ်ယောက်က အကူအညီပေးဖို့ ဒီကို ရောက်နေလား"

ယုဝမ်ပင်က မေးလိုက်သည်။

"မင်းက ဒီလိုမေးတော့ သူက ဖြေပါ့မလား"

ဝူဖန်သည် စကားမပြောနိုင် ဖြစ်သွားပြီး ယုဝမ်ပင်ကို မျက်လုံးစွေ ကြည့်လိုက်သည်။

"ထိန်းချုပ်သူ ဟုတ်လား"

လင်းဟွမ်က ချက်ချင်း ပြန်တုံ့ပြန်လိုက်သည်။

"အေး အဲ့ဒီ ထိန်းချုပ်သူမှာ နဂါးမျိုးစပ် တစ်ကောင် ပိုင်ထားလား"

ယုဝမ်ပင်က ချက်ချင်း ထပ်မေးလိုက်သည်။

"ရှိတယ်။ ငါ အရင်က တွေ့ဖူးတယ်"

လင်းဟွမ်က အားပါးတရ ပြုံးပြီး ခေါင်းငြိမ့် လိုက်သည်။

ဝူဖန်သည် လင်းဟွမ်၏တုံ့ပြန်မှုကို စိတ်ထဲက မပြောတတ် ဖြစ်နေသည်။ ထိုကြက်စုတ်လေးက သူတို့၏အဖြေကို ဤမျှ အလွယ်တကူ ပြန်ဖြေလိမ့်မည်ဟု မမျှော်လင့်ထားမိပေ။ သာမန် အခြေအနေဆိုလျှင် သူ့ထံမှ မေးခွန်းများ ထွက်လာအောင် ကြံရည်ညှစ်သလို ညှစ်ချနိုင်ရန် နှိပ်စက်ညှင်းပမ်း ရလိမ့်မည်။ ထိုကဲ့သို့ မဟုတ်ပါက သတင်း အချက်အလက်များ ရလိမ့်မည် မဟုတ်ချေ။

"အဲ့ဒီ ထိန်းချုပ်သူရဲ့ နောက်ခံသမိုင်းကို သိလား။ သူ့ရဲ့ တိုက်ခိုက်ရေးအဆင့်က ဘယ်လောက်လဲ။ အင်မော်တယ်အဆင့် ဘယ်အဆင့်မှာ ရှိနေလဲ"

ယုဝမ်ပင်သည် အခြေအနေနှင့် ပက်သက်၍ ဘာမှမသိသဖြင့် သူ့ရှေ့ကို ငတုံးတစ်ယောက် ရောက်နေပြီဟု တွေးလိုက်မိပြီး ထိုမေးခွန်းများကို သိချင်စိတ်ဖြ င့် မေးလိုက်သည်။

"ပြောပြရင် ဘာအကျိုးခံစားခွင့် ရမှာလဲ"

လင်းဟွမ်က ခေါင်း အနည်းငယ်ငြိမ့်ပြီး ပြုံးပြကာ မေးလိုက်သည်။

“မင်း ပြောပြတဲ့ သတင်းအချက်အလက်က တိကျတယ်ဆိုရင် လွှတ်ပေးလိုက်မယ်။ မင်းကို မထိခိုက်စေရဘူးလို့ ကတိပေးတယ်”

ဝူဖန်က အာမခံလိုက်သည်။

“တောင်းပန်တယ်။ ငါက နှုတ်ကတိကို ဘယ်တော့မှ မယုံဘူး”

လင်းဟွမ်က ခေါင်းခါလိုက်သည်။

“မင်း…….”

ဝူဖန်ထံမှ ပြင်းထန်သော သတ်ဖြတ်ချင်သည့် အော်ရာများ စိမ့်ထွက်လာသည်။ သို့သော်လည်း ယုဝမ်ပင်က သူ့ကို တားလိုက်သည်။

“ဒီကောင်က ပိုက်ဆံမက်တဲ့လူပဲ။ မင်းက အတင်းအကြပ် လုပ်နေရင်တော့ အချိန်အတိုလေး အတွင်းမှာ သူ့ဆီက ဘာမှကြားရမှာ မဟုတ်ဘူး။ ပြီးတော့ ငါတို့မှာလည်း အချိန်အများကြီး မရှိဘူး။ အရမ်းတန်ဖိုးကြီးတာ မတောင်းသရွေ့ သူတောင်းတာ ပေးလိုက်။ ငါတို့ ပေးသမျှကို ပြီးမှ ပြန်လု

ယူလို့ရတယ်။ ပစ္စည်းပေးပြီးရင် ထွက်မပြေးနိုင်အောင် မင်းက နယ်မြေကို ပိတ်ဆို့ထားလိုက်”

ယုဝမ်ပင်က ဝူဖန်ကို တိုးတိုးလေး ပြောလိုက်ပြီးနောက် လင်းဟွမ်ကို လှည့်ကြည့်ကာ တိုက်ရိုက် မေးလိုက်သည်။

“မင်း ဘာလိုလဲ”

“ငါက လောဘကြီးတဲ့ လူတစ်ယောက် မဟုတ်ပါဘူး။ မင်းတို့ တစ်ယောက်ချင်းစီက ငါ့ကို အထွတ်အထိပ်အဆင့် ဓါတ်ကြွင်းတစ်ခုစီ ပေးရင်ရပါပြီ”

လင်းဟွမ်က လက်ညှိုးနှင့် နားရွက်ကို ပွတ်သပ်ရင်း ပြောလိုက်သည်။

"မင်း သေချင်နေတာလား"

ဝူဖန်သည် အင်မော်တယ် အဆင့်ပင် မရှိသေးသော ကောင်လေးတစ်ယောက်က သူတို့ကို လာပြီး ငွေညှစ်နေသဖြင့် ဒေါသထွက်သွားသည်။

ယုဝမ်ပင်က ဝူဖန်၏ ပခုံးကိုဖိပြီး ခေါင်းခါ ပြလိုက်သည်။ ထို့နောက် လင်းဟွမ်ကိုကြည့်ပြီး မျက်မှောင်ကြုတ်ကာ

"ငါတို့က မင်းကို ရိုးရိုးသားသား ကမ်းလှမ်းနေတယ်။ ဒါပေမယ့် ဒါက အဓိပ္ပါယ်မရှိတဲ့ တောင်းဆိုမှုပဲ။ အထွတ်အထိပ်အဆင့် ခါတ်ကြွင်း နှစ်ခုပေးဖို့ မဖြစ်နိုင်ဘူး။ ကျိုးကြောင်းဆီလျော်တဲ့ တောင်းဆိုမှု တစ်ခုကို ပြောင်းတောင်း။ အချက်အလက်တွေကို မှောင်ခိုဈေးကွက်ထဲမှာ ဝယ်ရင်တောင် ဒီလောက်ပေးရမှာ မဟုတ်ဘူး"

"ပုံမှန် အခြေအနေမှာဆိုရင် ဘာလောက်မှ မပေးရဘူးဆိုတာ အမှန်ပဲ။ ဒါပေမယ့် အခုက အခြေအနေ မတူဘူးလေ။ ပြည်ထောင်စု အစိုးရနဲ့

မုဆိုးအဖွဲ့အစည်းက သိုင်းပညာ မုဆိုးကောလိပ် တိုက်ခိုက် ခံနေရတာကို သတင်းရထားတယ်။ မကြာခင် အစွမ်းထက်တဲ့ လူတွေက မြူခိုးသစ်တောထဲကို ရောက်လာတော့မှာ”

“မင်းတို့နှစ်ယောက် ငါ့ဆီက သတင်းအချက်အလက်တွေ မရရင် အခြားသူတွေဆီကလည်း ထိန်းချုပ်သူက ဘယ်သူလဲဆိုတာ သိရဖို့ ပိုတောင်ခက်အုံးမယ်။ မင်းတို့တွေက အဲ့ဒီထိန်းချုပ်သူကို ဘာဖြစ်လို့ ဒီလောက် စိတ်အားထက်သန်စွာ ရှာနေလဲတော့

ငါမသိဘူး။ ဒါပေမယ့် အစကတည်းကလည်း မင်းတို့က ငါ့ကို မသတ်ခဲ့ဘူး။ အဲ့ဒီအစား ငါ့ကို စိတ်ရှည်ရှည်နဲ့ မေးနေတယ်။ ဒါက မင်းတို့နှစ်ယောက်လုံးအတွက် အရမ်း အရေးပါနေတယ်ဆိုတာ ပြသနေတာပဲ။”

“အချက်အလက်ဆိုတာ သဲကန္တာရထဲက ရေလိုပဲ ရှားတယ်။ အဲ့ဒါကြောင့် ပိုက်ဆံ အများကြီး ပိုကုန်ကျတယ်”

သူတို့နှစ်ယောက်လုံးသည် လင်းဟွမ်၏ စကားကို ပြန်ပြီး မချေပနိုင် ဖြစ်နေသည်။ အကယ်၍

ယုဝမ်ပင်သာ ဝူဖန်ကိုမတားခဲ့လျှင် လင်းဟွမ်ကို ချက်ချင်း ပြေးသတ်လောက်သည်။ သို့သော်လည်း ယခုမူ လင်းဟွမ်၏စကားကို နားထောင်ပြီးနောက် ယုဝမ်ပင် ပါ ဒေါသ ပေါက်ကွဲသွားသည်။

"ငါတို့ သူ့ကို အရှင်ဖမ်းသွားမယ်ဆိုရင် ဘယ်လိုလဲ။ ပြီးမှ သူ့ဆီက အဖြေမထွက်မချင်း ရိုက်မေးလို့ရတာပဲ"

ဝူဖန်ထံမှ အသံတစ်ခု ထွက်ပေါ်လာသည်။

"လုယန်းရဲ့ ဒေါသကို ဖြေဖျောက်ဖို့ ပစ်မှတ်တစ်ခု လိုနေတာဆိုတော့ သူ့စိတ်ကို ထိန်းနိုင်ဖို့

ရွေးချယ်စရာနှစ်ခုပဲ ရှိတယ်။ ထိန်းချုပ်သူရဲ့ အလောင်း ဒါမှမဟုတ် အဲ့ဒီနဂါးရဲ့ အလောင်းကို ပြန်ယူသွားရမယ်။ ဒီကောင်ကို ဖမ်းသွားရုံနဲ့ လုဖန်က ငါ့တို့ကို လွှတ်ပေးမှာ မဟုတ်ဘူး။ ထိန်းချုပ်သူနဲ့ ပတ်သက်တဲ့ သတင်းတွေ ရနိုင်ပေမယ့် လုယန်းစိတ်ကို ငြိမ်အောင် ထိန်းနိုင်မှာမဟုတ်ဘူး။ အချက်အလက်တွေ ရယူနိုင်ရင်တောင် ထိန်းချုပ်သူကို ဒီအတိုင်း လွှတ်ပေးခဲ့လို့ ငါတို့ကို အသုံးမကျဘူးလို့ ယူဆ လိမ့်မယ်”

ယုဝမ်ပင်သည် ဆင်ခြင်တုံတရား ရှိနေသေးပြီး ဒေါသစိတ်ကို ပြင်းပြင်းထန်ထန် ဖိနှိပ်နေရသည်။

“ငါတို့ ပေးလိုက်သမျှ ပြန်ရမယ်ဆိုတော့ သူ့ဆီက အဖြေရမယ့် နည်းလမ်းပဲ စဥ်းစားကြတာပေါ့”

“ညီအစ်ကို၊ ငါတို့မှာ အထွတ်အထိပ်အဆင့် ဓါတ်ကြွင်းနှစ်ခုပဲ ရှိတယ်။ နှစ်ခု တောင်းတာကတော့ လက်တွေ့ မကျဘူး”

ဆွေးနွေးပြီးနောက် ယုဝမ်ပင်က ပြောလိုက်သည်။

"ငါ့မှာ အထွတ်အထိပ်ဓါတ်ကြွင်း အဆင့် ချပ်ဝတ်ရတနာ အပို တစ်ခုရှိတယ်။ မင်း ငါတို့နဲ့ ညှိနှိုင်းမယ်ဆိုရင် အဲ့ဒီ ချပ်ဝတ်တန်ဆာ မင်းကို ပေးမယ်။ တကယ်လို့ မင်းက လက်မခံနိုင်ဘူးရင် ဒီနေရာကနေ မင်း အသက်ရှင်ရက် လွတ်မြောက် စေရမယ်လို့ ပေးထားတဲ့ ကတိနဲ့ပက်သက်ပြီး ငါလည်း ဘာမှ မတတ်နိုင်ဘူး"

ယုဝမ်ပင်က နောက်ဆုံးစကားကို ရည်ရွယ်ချက် ရှိရှိ ဖောင်းပေးပြီး ပြောလိုက်သည်။

"ကောင်းပြီလေ တစ်ခုဆိုတော့လည်း တစ်ခုပေါ့။ မင်းတို့က ဒီလောက် ဆင်းရဲမွန်း ငါ မသိလိုက်ဘူး"

လင်းဟွမ်က မကျေနပ် ဖြစ်နေသော ဟန်အမူအရာနှင့် လက်ကို ဆန့်ထုတ်လိုက်သည်။

ယုဝမ်ပင်က ချပ်ဝတ်တန်ဆာ ထုတ်ယူပြီး လင်းဟွမ်ထံ ပစ်ပေးလိုက်သည်။ လင်းဟွမ်သည် ချပ်ဝတ်တန်ဆာကို ရသည်နှင့် တပြိုင်နက် တစ်ခုခု မှားယွင်းနေခြင်း ရှိ၊မရှိ သေချာစွာ စစ်ဆေးလိုက်သည်။ ထို့နောက် သိုလှောင်လက်စွပ်ထဲ ထည့်လိုက်သည်။

"အခု ငါတို့သိချင်တာ ပြောလို့ရပြီလား"

ယုဝမ်ပင်က မေးလိုက်သည်။

"ဒါပေါ့....."

လင်းဟွမ်က စပ်ဖြဲဖြဲ ပြုံးလိုက်ပြီး..

"တကယ်တော့ မင်းတို့ နှစ်ယောက် လိုက်ရှာနေတဲ့ ထိန်းချုပ်သူက ငါပဲ။"

## အခန်း(၄၉၃) - တိုက်ခိုက်ခြင်း။

"တကယ်တော့ မင်းတို့နှစ်ယောက် လိုက်ရှာနေတဲ့ ထိန်းချုပ်သူက ငါပဲ"

လင်းဟွမ်သည် သူ့ကိုယ်သူ လက်ညှိုးထိုး၍ စပ်ဖြဲဖြဲ ပြုံးနေစဉ် ရှောင်ဖိန်နှင့် စိတ်ချင်း ဆက်သွယ်၍ ယာယီ အသွင်ပြောင်းကတ်ကို အသုံးပြုလိုက်သည်။

"ယာယီ အသွင်းပြောင်းကတ် အသုံးပြီး ယုတ်ညံ့မှင်စာမိစ္ဆာ အဖြစ်ပြောင်းမယ်။ ဒါပေမယ့် လူပုံစံကိုတော့ ထိန်းထား"

"ယာယီ အသွင်ပြောင်းကတ်ကို လူသားပုံစံနဲ့ အသက်သွင်းရင် မွန်းစတားစွမ်းရည် အားလုံး ဆုံးရှုံးသွားမယ်။ ဒါပေမယ့် မင်းရဲ့ တိုက်ခိုက်ရေး အဆင့်တော့ မြင့်တက်လာမယ်။"

"လူသားပုံစံ ထိန်းထားပြီး အသွင်ပြောင်းချင်တာ သေချာလား"

"ဟုတ်တယ် သေချာတယ်"

လင်းဟွမ်က ပြတ်သားစွာ အဖြေပေးလိုက်သည်။ ယာယီ အသွင်ပြောင်းကတ်က တိုက်ခိုက်ရေးအဆင့် မြှင့်တက်ရန်အတွက် အသုံးပြုနိုင်ကြောင်း လွန်ခဲ့သောရက်အနည်းငယ်က ချောကလက်လေး ထံမှ မထင်မှတ်ဘဲ တွေ့ရှိခဲ့ရသည်။

တိုက်ခိုက်ရေးအဆင့်ကို မြှင့်တင်နေစဉ်အတွင်း ယာယီအသွင်ပြောင်းကတ်မှ ဖြစ်ပေါ်သော ရုပ်အဆင်းသဏ္ဍာန် ပြောင်းလဲမှုကို ထိန်းချုပ်ထားနိုင်သည်။ သို့သော်လည်း ထိုကဲ့သို့ ပြုလုပ်ခြင်းက ပြောင်းလိုက်သော မွန်းစတား၏

မွန်းစတားစွမ်းရည်ကို အသုံးမပြုနိုင်သလို မွန်းစတား၏ ခန္ဓာကိုယ်ဖွဲ့စည်းပုံကိုလည်း ပိုင်ဆိုင်လိမ့်မည် မဟုတ်ချေ။

ထို့အပြင် ယာယီ အသွင်ပြောင်းကတ်၏ လုပ်ဆောင်ချက် တစိတ်တပိုင်းကို ကန့်သတ်ထားသော်လည်း ကတ်တစ်ခုချင်းစီတိုင်းက တစ်နာရီသာ အသုံးပြုနိုင်သည်။ အသုံးပြုမှု အတိုင်းအတာမှာ သာမန်အခြေအနေ ကြာချိန်နှင့် အတူတူပင်။ တိုက်ခိုက်ရေး အဆင့် မြင့်တက်လာသည့် အကျိုးသက်ရောက်မှုမှာလည်း

တစ်နာရီ ကြာသောအခါ အလိုလို ပျောက်ကွယ်သွားလိမ့်မည်။

“ယာယီအသွင်ပြောင်းကတ် တစ်ကတ်ကို အသုံးပြု နေပါတယ်။ ရုပ်ပိုင်းဆိုင်ရာ အသွင်ပြောင်းလဲခြင်း အကျိုးသက်ရောက်မှုကို ကန့်သတ်ပါနေတယ်။ တိုက်ခိုက်ရေး အဆင့်ကို ရွှေမီးလျှံအဆင့်အဖြစ် ယာယီ တိုးမြှင့် ပေးထားပါတယ်။”

ရှောင်ဖိန်ထံမှာ အကြောင်းကြားချက် ထွက်ပေါ်လာသည်နှင့် လင်းဟွမ်၏ တိုက်ခိုက်ရေး

အဆင့်က မြင့်တက်လာသည်။ တစ်စက္ကန့် မပြည့်ခင် အချိန်လေးမှာပင် အဖြူရောင်မီးလျှံအဆင့်မှ ရွှေမီးလျှံအဆင့်အထိ မြင့်တက်သွားသည်။ သူ၏ စွမ်းအားများ ရှုးသွပ်စွာ ခုန်ပေါက်၍ တိုးတက်လာသည်မှာ မမှားယွင်းကြောင်း ခံစားမိသည်။

ယုဝမ်ပင်နှင့် ဝူဖန်တို့လည်း လင်းဟွမ်၏ တိုက်ခိုက်ရေး စွမ်းအားက ပေါက်ကွဲထွက်၍ ခုန်ပေါက် တိုးတက်လာသည်ကို ခံစားမိပြီး ထိတ်လန့်သွားကြသည်။ ထို့နောက် သူတို့

အတွေးများမှ ပြန်လည် လွတ်မြောက်၍ စိတ်အေးသွားသည်။

"မင်းက မင်းရဲ့ တိုက်ခိုက်ရေးအဆင့်ကို ဖုံးကွယ်ထားတယ်ပေါ့။ တကယ်တော့ မင်းက ရွှေရောင် မီးလျှံအဆင့်ကိုး မင်းက လုဖန်ကို သတ်နိုင်ခဲ့တာ ဆန်းတော့မဆန်းပါဘူး"

ဝူဖန် အံ့အောသင့်သွားပြီး သူ၏ စုံစမ်းထောက်လှမ်းမှု ရလဒ်က ဘာကြောင့် ကမောက်ကမ ဖြစ်သွားလဲ ဆိုသည်ကို သဘောပေါက်သွားသည်။ လင်းဟွမ်က နဂါး၏

သခင် ဖြစ်နေသောကြောင့် သေမင်းဆံပင်က ညွှန်ပြနေခြင်းပင်။

လင်းဟွမ်၏ စွမ်းဆောင်မှုက ရှုတ်ထွေးလှ၏။ လင်းဟွမ်၏ တိုက်ခိုက်ရေးအဆင့်က အဖြူရောင် မီးလျှံအဆင့်သာ ရှိသောကြောင့် ကြက်သွေးရောင် မီးလျှံအဆင့် သို့မဟုတ် အပြာရောင် မီးလျှံအဆင့် မွန်းစတားကိုသာ ထိန်းချုပ်နိုင်မည်ဟု ဝူဖန်နှင့် ယုဝမ်ပင်တို့က ယူဆခဲ့ကြသည်။ အပြာရောင် မီးလျှံအဆင့်ထက် ပိုမြင့်သော မွန်းစတား တစ်ကောင်ကို ထိန်းချုပ်နိုင်သည့် ဖြစ်နိုင်ချေက

နည်းပါးလှ၏။ မွန်းစတားအုပ်စုလိုက် ဆင့်ခေါ်လျှင်ပင် တိုက်ခိုက်ရေးအဆင့် ကွာခြားချက်ကြီးမားလွန်းသောကြောင့် အင်မော်တယ်အဆင့် လူတစ်ယောက်ကို သတ်ဖြတ်ရန် မဖြစ်နိုင်ပေ။

ဒါကလည်း သူတို့နှစ်ယောက်က လင်းဟွမ်ကို မြင်လိုက်သည့် အခိုက်အတန့်၌ သူတို့၏ ထောက်လှမ်းရေး ရလဒ်က လွဲမှားနေသည်ဟု ထင်ခဲ့ရသည့် အကြောင်းပြချက်ပင် ။

သို့သော်လည်း ယခုမူ လင်းဟွမ်၏ တိုက်ခိုက်ရေးအဆင့်မှာ ရွှေရောင် မီးလျှံအဆင့်

ရောက်နေပြီ ဖြစ်သောကြောင့် အင်မော်တယ်အဆင့် မွန်းစတားတစ်ကောင်ကို ဆင့်ခေါ်နိုင်ခြင်းသည် မဆန်းတော့ချေ။ လုဖန်၏ အင်မော်တယ်အဆင့် တိုက်ပွဲဝိညာဉ်ကို အနိုင်ယူ၍ သတ်ဖြတ်ရန် မခက်ခဲတော့ပေ။။

“တောက်စ်၊ မင်းက ငါ့ကို လိမ်ရဲတယ် ဟုတ်လား”

ယုဝမ်ပင်၏ မျက်နှာသည် ဒေါသစိတ်ကြောင့် နီရဲနေသည်။ သူ၏ အထွတ်အထိပ်အဆင့် ဓါတ်ကြွင်းကို လုညွှ့်စားခြင်း ခံရလိမ့်မည်ဟု မမျှော်လင့်ထားပေ။ သူတို့သည် နှစ်ပေါင်း

တစ်သောင်းခန့် လူအများ၏ လှောင်ပြောင်ကဲ့ရဲ့ခြင်းကို ခံရတော့မည်။ သူတို့ သေသွားလျှင်ပင် လူများက သူတို့ အုတ်ဂူကို ဖြတ်သွားတိုင်း လက်ညှိုးထိုး၍ လှောင်ပြောင် နေကြအုံးမည်။

(အိုး ဒါကလေ အထွတ်အထိပ် ခါတ်ကြွင်း အလိမ်ခံရတဲ့ ငတုံးတွေရဲ့အုတ်ဂူလေ)

ယုဝမ်ပင်သည် ထိုအကြောင်း တွေးရင်း၊ တွေးရင်း ဒေါသက မြင့်သထက် မြင့်တက်လာသည်။ မကြာခင် သူ့လက်ထဲ၌ ရှည်လျားသော အနက်ရောင် လှံကြီးတစ်ချောင်း လျင်မြန်စွာ ဖွဲ့စည်းလာသည်။

ဒါသည် ရှည်လျားသော အနက်ရောင် လုံ တစ်ချောင်းဖြစ်ပြီး အလျားနှစ်မီတာ ရှည့်ပြီး လုံးပတ်က ခုနှစ် စင်တီမီတာခန့် ထူသည်။ လုံထိပ်ဖျားကို မေ့ထားပါက ယုဝမ်ပင် လက်ထဲတွင် ရှည်းလျားသော အနက်ရောင် ဝါးလုံးတစ်ချောင်း ကိုင်ထားသည်နှင့် ပိုတူသည်။

လုံပေါ်တွင် ရုပ်ထွေး၍ လှပသော ပုံစံများ ရေးဆွဲထားသည်။ မသိပါက အင်းကွက် အမှတ်အသားများနှင့် တူသည်။ အများ မမြင်နိုင်သော နေရာတွင် ရေးဆွဲထားသဖြင့်

သာမန်ကာလျှံကာ ကြည့်တတ်သည့် မည်သူမျှ မတွေ့နိုင်ပေ။ သို့သော်လည်း လင်းပွှမ်ကမူသည် မျက်နှာပြင်ပေါ်မှ မိန်ဖျော့ဖျော့ လင်းနေသော အလင်းရောင်များကို အခြေခံ၍ ဒီလုံရှည်က လုမင် ပေးထားသော ဇိုးနီးယားဓါးနှင့် ဆင်တူကြောင်း အလွယ်တကူ ဆုံးဖြတ်နိုင်သည်။ နှစ်ခုလုံးသည် အထွတ်အထိပ်အဆင့် ဓါတ်ကြွင်းများပင် ။

"ငရဲ သွားစမ်း"

ယုဝမ်ပင်က စက္ကန့်မဆိုင်းဘဲ လင်းပွှမ်ကို လုံရှည်နှင့် တိုက်ခိုက်လိုက်သည်။ လုံထိပ်ဖျား

တိုးဝင်လာသည့် အခိုက်အတန့်၌ လေထဲကို မြွားများ ပစ်လိုက်သကဲ့သို့အနက်ရောင် အလင်းတန်းများ ဖြတ်ခနဲ လက်သွားသည်။

ကြည့်လိုက်ပါက လုံးနှင့်တိုက်ခိုက်ခြင်း မဟုတ်ဘဲ စက်သေနတ်များ အဆက်မပြတ် ပစ်ခတ်ခြင်းနှင့် တူနေသည်။ ဤအခိုက်အတန့်၌ လုံ့ရှည်က အနီးကပ်တိုက်ခိုက်မှုများတွင် အကျိုးမရှိသည့် ပုံဖြစ်နေသည်။ ထိုအစား အဝေးရောက် တိုက်ခိုက်မှုများ ကျွမ်းကျင်သော သေနတ်သမားနှင့် ပို၍ တူနေသည်။

အနက်ရောင် အလင်းတန်းများသည် အသံထက် အဆအနည်းငယ် ပိုမြန်သောနှုန်းနှင့် လေထုကို ဖြတ်သန်းပြီး လေခွင်းသံများ ထွက်ပေါ်နေသည်။ လေပြင်းများပါ အတူတူ သယ်ဆောင်လာသောကြောင့် ဖြတ်သန်းသွားသည့် နေရာတိုင်း၌ သစ်ပင်များ လွင့်ထွက်၍ လဲကျသည်။

ထိုအတွဲလိုက် တိုက်ခိုက်မှုသည် မိုးသည်းထန်စွာ ရွာသွန်းနေသည်နှင့် တူပြီး လင်းဟွမ်အပေါ် ဖောက်ခွဲထုတ်နေသော ယုဝမ်ပင်၏ ဒေါသနှင့် ဆက်စပ်နေသည်။

မရေမတွက်နိုင်သော အနက်ရောင် အလင်းတန်းများ ရိုက်ခတ်လာသည်။ သို့သော်လည်း လင်းဟွမ်ကမူ စိုးရိမ်ခြင်း လုံးဝ မရှိပေ။ ပြုံးပြီး ရှေ့သို့ခြေတစ်လှမ်း တိုးလိုက်ပြီးနောက် မူလနေရာမှ ချက်ချင်း ပျောက်ကွယ်သွားသည်။

လင်းဟွမ်သည် ရှောင်တိမ်းဖို့ မရွေးခဲ့ဘဲ လေထဲတွင် တိုက်ရိုက် ပျောက်ကွယ်သွားခြင်းပင်။

လင်းဟွမ် ပျောက်ကွယ်သွားသည်နှင့် တပြိုင်နက် အနက်ရောင် လုံ့အလင်းများက လင်းဟွမ် ရပ်နေခဲ့သော နေရာတစ်ခုလုံးကို ဝါးမြိုသွားသည်။

အနက်ရောင် အလင်းတန်းများသည် မြေပြင်ကို ထိမှန်သွားပြီး ကျယ်လောင်သော အသံများက ထွက်ပေါ်လာကာ ကီလိုမီတာ တစ်ထောင်ကျော် အကွာအဝေးအထိပင် မိုးကြိုးသံအလား ကျယ်လောင်စွာ ပဲ့တင်သံ ထပ်သွားသည်။ မြေပြင်လည်း တုန်ခါသွားပြီး ကီလိုမီတာ တစ်ရာအတွင်း လျှောင်လှုပ်သလို ဖြစ်သွားသည်။ မီးတောင်တစ်ခု ပေါက်ကွဲသွားသည်နှင့် တူလှ၏။

ခဏအကြာ တိုက်ခိုက်မှုက ရပ်တန့်သွားသည်။ ဖုန်မှုန့်များ မရှင်းသေးသည့် အချိန်မှာပင်

မြေပြင်တစ်ခုလုံးကို ဥက္ကာခဲ မုန်တိုင်းကြီး တိုက်ခိုက်သွားသကဲ့သို့ ယောင်ဝါးဝါး မြင်လိုက်ရသည်။ မီတာ တစ်ရာခန့်နက်သော တွင်းပေါက်ကြီးများက နေရာအနှံ့ ဖြစ်ပေါ်နေသည်။ ဒါသည် မညီမညာ ဖြစ်နေသော လမျက်နှာပြင်နှင့်ပင် တူနေသည်။

လေးကီလိုမီတာ အတွင်းတွင် အပင်များ လုံးဝ မရှိတော့ချေ။ ထိုတိုက်ခိုက်မှုကြောင့် အပင်များအားလုံး သုတ်သင် ရှင်းလင်း ခံလိုက်

ရသည်။ နေရာအနှံ့၌ ပျံ့ကြဲနေသော သစ်သား အပိုင်းအစများစွာ ရှိနေသည်။

"သူ့ အလောင်းကိုတောင် ရှာဖို့ခက်သွားပြီ"

ဝူဖန်သည် ခေါင်းရှုပ်သွားပြီး နဖူးကိုလက်နှင့် ပြန်ပိတ်ရိုက်လိုက်သည်။ ယုဝမ်ပင်က အလောင်း ပြန်ယူရမည့် ကိစ္စကို ထည့်သွင်းမစဉ်းစားဘဲ ဒေါသတကြီး တိုက်ခိုက်လိမ့်မည်ဟု မထင်ထားခဲ့ပေ။

"အမ်..."

ယုဝမ်ပင်လည်း ဒေါသစိတ်ပြန်ကျလာသည့်အချိန်မှ လုယန်းထံ သတင်းပို့ရမည့် ကိစ္စကို ပြန်သတိရသွားပြီး မျက်နှာ အမူအရာ တောင့်တင်းသွားသည်။

"ဟော့ မင်းတို့ နှစ်ယောက်က ငါ့အလောင်း ရှာနေကြတာလား။ မင်းတို့ကောင်တွေ တော်တော် အကျင့်ဆိုးတာပဲ"

တောထဲမှ အသံတစ်ခု ထွက်ပေါ်လာသည်။

ယုဝမ်ပင်နှင့် ဝူဖန်တို့ လှည့်ကြည့်လိုက်ရာ သစ်ကိုင်းပေါ်တွင် အခန့်သား ရပ်နေသော လင်းဟွမ်ကို တွေ့လိုက်ရသည်။

လင်းဟွမ်က သူတို့ကိုစပ်ဖြဲဖြဲ ပြုံးပြ၍ လက်ဝှေ့ယမ်း ပြနေသည်။

"မင်းတို့နှစ်ယောက်က ငါ့ကို ဘာဖြစ်လို့ ရှာနေတာလဲ"

"အေး မင်းသတ်ခဲ့တဲ့လူက သူတော်စင် အဖွဲ့အစည်း ဒုတိယ အကြီးအကဲရဲ့မြေးပဲ"

ဝူဖန်သည် ပြန် မပြောခင် ခေတ္တမျှ တွေးလိုက်သေးသည်။

"အို....၊ မင်းက တိုက်ပွဲဝိညာဉ် သုံးခဲ့တဲ့ လူအကြောင်းကို ပြောနေတာလား။ သူက ဒီလို တိုက်ပွဲဝိညာဉ် ကို မထိန်းချုပ်နိုင်ပါဘူး သူ့ကို ကူညီတဲ့လူ တစ်ယောက်တော့ ရှိမှာပေါ့လို့တောင် စောစောက တွေးခဲ့သေးတယ်"

လင်းဟွမ်က ဝန်ခံလိုက်သည်။

"ငါ့ရဲ့ ဆင့်ခေါ်မွန်းစတားက သူ့ကို သတ်လိုက်တာပဲ"

ယုဝမ်ပင် နှင့်ဝူဖန်တို့သည် လင်းဟွမ်စကားကို ကြားပြီးနောက် တစ်ယောက်နှင့် တစ်ယောက် အကြည့်ချင်း ဖလှယ်လိုက်ကြသည်။ လင်းဟွမ်၏ ဝန်ခံချက်က ဝူဖန်၏ ကောက်ချက်နှင့် ကိုက်ညီနေသည်။ လင်းဟွမ်က လူသတ်တရားခံ ဖြစ်ကြောင်း အတည်ပြုလိုက်ကြသည်။

"မင်းက လူသတ်သမားလို့ ဝန်ခံလိုက်တော့ ငါတို့အတွက် လွယ်တာပေါ့"

ယုဝမ်ပင်က မချိပြုံး ပြုံးလိုက်သည်။

"ကြွက်စုတ်လေး မင်း ရွေးချယ်စမ်း။ အရှင်လတ်လတ် အဖမ်းခံမလား ဒါမှမဟုတ် မင်း အလောင်းကို ယူသွားရမလား"

"သူတော်စင် အဖွဲ့တွေက အမြဲတမ်း ဦးနှောက်ဆေး ခံထားရတဲ့ အရူးတွေလို့ ကြားထားတယ်။ သူတော်စင် အဖွဲ့ဝင် မလုပ်ချင်ပါဘူး"

လင်းဟွမ်က ဝေဖန် ရှုံ့ချလိုက်သည်။

"မင်းက ငါတို့အကြောင်း ဘယ်လို သိတာလဲ"

ယုဝမ်ပင်က ရင်ခေါင်းသံကြီးနှင့် အော်ဟစ်လိုက်သည်။

"ဘာပဲဖြစ်ဖြစ် ငါ သိတယ်လေ။ သူတော်စင်အဖွဲ့အစည်းက သူတစ်ပါးကို အပြစ်ပုံချချင်လို့ မင်းတို့က ဒီတွဲ အယောင်ဆောင်နေကြတာပဲ"

လင်းဟွမ်က ဝူဖန်ကို စိုက်ကြည့်ပြီး ပြောလိုက်သည်။ အော်ရာ အားနည်းသည့် တစ်ယောက် ဝူထန်၏အစ်ကို ဖြစ်ကြောင်း ခံစားမိသည်။

"အော် ငါ ဝူထန်ကိုလည်း သိသေးတယ်"

"ရှောင်ထန်လား၊ မင်း သူ့ကို ဘာလုပ်လိုက်ပြီလဲ"

ဝူဖန်သည် ဆက်ပြီး မတည်ငြိမ်နိုင်တော့ချေ။

"ငါ လိုချင်တဲ့ အချက်အလက်တွေလည်း ရသွားပြီဆိုတော့ သူ့ကို အသက် ဆက်ရှင်ခွင့်ပေးတာ အဓိပ္ပါယ် မရှိတော့ဘူး မဟုတ်လား။ ဒါကြောင့် သတ်လိုက်တာပေါ့"

လင်းဟွမ်က စပ်ဖြဲဖြဲအမူအရာနှင့် ရန်စသလို ပြုံးပြီးပြောလိုက်သည် ။

## အခန်း(၄၉၄) - မရဏ တံစဉ်။

“မင်း ငါ့ညီကို သတ်လိုက်တာလား”

ဝူဖန်က လည်ချောင်းကွဲမတတ် အော်ဟစ်လိုက်သည်။ လူသားနှင့်ပင် မတူ၊ သားရဲတစ်ကောင်နှင့် ပို၍ တူနေသည်။

လင်းဟွမ်ကို ဒေါသတကြီး စိုက်ကြည့်နေပြီး သူ၏အစိမ်းရောင် မျက်လုံး သူငယ်အိမ်များက ဒေါင်လိုက် အချွန်ပုံစံ ရုတ်တရက် ပြောင်းသွားပြီး

ပယင်းရောင် တောက်ပလာသည်။ ကြည့်ရသည်မှာ ကြောင်တစ်ကောင်၏ မျက်လုံး ကဲ့သို့ပင်။

"မင်းကို သူ့ရဲ့အသုဘအတွက် ယဇ်ပူဇော်ဖို့ ဖမ်းရမယ်.."

ဝူဖန်သည် နောက်ဆုံးစကားကို ပြောနေစဉ် သူ့ကိုယ်ထဲမှ အန္တရာယ်ရှိသည့် မွန်းစတားနှင့် တူသော အော်ရာများ စိမ့်ထွက်လာသည်။ အရှည် (၂၀) စင်တီမီတာရှိသော ချွန်ထက်သော လက်သည်းများသည် လက်ချောင်း ဆယ်ချောင်းလုံးမှ ထိုးထွက်လာကာ ရုတ်တရက် ဆိုသလို

လက်များကလည်း ထူးထူးခြားခြား ရှည်ထွက်လာသည်။ သို့သော်လည်း လင်းဟွမ်သည် ဒါက ထူးထူးခြားခြား ပြုလုပ်နိုင်စွမ်းရှိသော ခေတ်ကြွင်းတစ်ခု ဖြစ်ကြောင်း သိထားသည်။

"ဟေ့ ဟေ့.. မိန်းမတွေပဲ လက်သည်းနဲ့ကုတ်တာနော်။ ဘာဖြစ်လို့ လက်သည်းရှည် ထားရတာလဲ။ မင်း နှာခေါင်း နှိုက်လို့ မတော်တဆ ဦးနှောက် ထိုးမိသွားမှာ မကြောက်ဘူးလား"

လင်းဟွမ်၏ ရန်စနိုင်စွမ်းသည် (၁၈၀) ဒီဂရီ ကျော်သွားကာ အမုန်တကယ်ကို အံ့မခန်းပင်။

သို့သော်လည်း ဝူဖန်သည် လင်းဟွမ်၏စကားကို လုံးဝ ဂရုမစိုက်ဘဲ အမူအရာကင်းမဲ့သော ပုံစံဖြင့် ရှိနေသည်။ သို့သော်လည်း သူ့လုပ်ရပ်က အရာအားလုံးကို ပြောနေသည်။ ယခုလက်ရှိ၌ လေထဲတွင် ပျံသန်းနေသော သူက တိုက်ပွဲဝင်ပုံစံကို ဖော်ထုတ်ထားသည်။

လူသားတစ်ယောက်ဟု ယူဆရမည့် ဟန်ပန်အမူအရာမျိုး မရှိတော့ပေ။ ထိုအစား

ပြေးထွက်ပြီး ကိုက်တော့မည့် သားရဲတစ်ကောင်နှင့် တူနေသည်။ တခဏလေးအတွင်းမှာပင် ဝူဖန်သည် သူရပ်နေသော မူလနေရာမှ ပျောက်ကွယ်သွားသည်။

"ငရဲမှာ သွားလောင်လိုက်စမ်း"

ထိုအသံသည် လင်းဟွမ်၏နောက်မှ ရုတ်တရက် ထွက်ပေါ်လာပြီး နောက်ထပ် အခိုက်အတန့်၌ ငွေရောင်လက်သည်းများက လင်းဟွမ်၏ ခန္ဓာကိုယ်ကို အပိုင်းပိုင်းခွဲရန် ကြိုးစားလာသည်။ ချွန်ထက်သော လက်သည်းများက လင်းဟွမ်၏

ခန္ဓာကိုယ်ထဲသို့ ချက်ချင်း ထိုးဖောက်ဝင်ရောက်သွားသည်။

ဝူဖန် ရုတ်တရက် မျက်နှာပျက်သွားပြီး အခြားတစ်ဖက်သို့ ချက်ချင်း လှည့်ကြည့်လိုက်သည်။

"ငါ့ကို ရှာနေတာလား.."

လင်းဟွမ်၏ အသံကို ရုတ်တရက် ကြားလိုက်ရစဉ် သူ့ခါးတစ်ဝိုက်တွင် ရွှေရောင်အလင်းတစ်ခု ဖျတ်ခနဲ လက်သွားသည်။ ဝူဖန်သည် ထိုတိုက်ခိုက်မှုကို ကာကွယ်နိုင်ရန်အတွက် ချွန်ထက်သော လက်သည်း ဆယ်ချောင်းကို

ဒိုင်းတစ်ခုဖြစ်အောင် ယှက်ပြီး လည်ပင်းအရှေ့တွင် ပိတ်ဆို့၍ ကာကွယ်လိုက်သလို ခန္ဓာကိုယ်ကိုလည်း တွန့်လူးလိုက်သည်။

ဝုန်း..

အရှိန်အဟုန် အလွန် လျင်မြန်သော ရွှေရောင် အလင်းရောင်သည် ဝူဖန်၏ ချွန်ထက်သော လက်သည်းများနှင့် ချက်ချင်း ထိမှန်သွားသည်။ ပြိုးပြက်လက်နေသော ရွှေရောင် အလင်းတစ်ခု ပေါ်လာပြီးနောက် အဆုံးမရှိသော မိုးကြိုးပစ်သံများ မြည်ဟီးသွားသည်။

နောက်ထပ်အခိုက်အတန့်၌ အရိပ်တစ်ခု လွင့်ထွက်သွားပြီး မြေပြင်ပေါ်တွင် ကီလိုမီတာ (၃၀)ကျော်ရှည်သော စွတ်ကြောင်းကြီး တစ်ခု ဖြစ်သွားသည်။

“မင်းရဲ့ အသက်ရှင်နိုင်စွမ်းက အံ့မခန်းပဲ..”

လင်းဟွမ်က ဂူဖန်ကို မှတ်ချက်ပေးလိုက်သည်။

သူ၏ လက်ရှိ တိုက်ခိုက်ရေး စွမ်းရည်သည် သတ်ဖြတ်သူပုံမှန်ဓါးနှင့် အဆင့်တူသော်လည်း ပို၍ပင် ကြမ်းတမ်းသေးသည်။ ယခုမူ သူ့ထက် တိုက်ခိုက်ရေး အဆင့်မြင့်သော ပြိုင်ဘက်များနှင့်ပင်

တိုက်ခိုက်နိုင်သည်။ ယခုလက်ရှိ၌ ရွှေမီးလျှံအဆင့် ရောက်နေပြီ ဖြစ်သောကြောင့် အင်မော်တယ်အဆင့် (၅) မှ လူများနှင့်ပင် တိုက်ခိုက်နိုင်သည်။

လင်းဟွမ်သည် မိုးကြိုးဆူးကိုပင် ထုတ်သုံးခဲ့ပြီး အင်မော်တယ်အဆင့် (၃) သာရှိသော ဝူဖန်ကို မသတ်နိုင်ခဲ့သဖြင့် အံ့အားသင့်သွားသည်။ သို့ရာတွင် ဝူဖန်က အသက်ရှင်နေသေးသည် ဆိုသော်လည်း ထိုတစ်ချက်တည်းကြောင့် တိုက်ခိုက်ရေး အစွမ်းများ ဆုံးရှုံးသွားဖွယ် ရှိသည်။

လင်းဟွမ်သည် ယုဝမ်ပင်ထံ လှမ်းကြည့် လိုက်ပြီး

"အထွတ်အထိပ် ပါရမီရှင်တစ်ယောက်ကို မြင်ရတာ ငါ ကံကောင်းတာပဲ.."

ယုဝမ်ပင်သည် ဝူဖန် ရှုံးနိမ့်သွားသည့် အခိုက်အတန့်ကို မြင်ပြီးနောက် ငြိမ်ကျသွားသည်။

ဝူဖန်၏ တိုက်ခိုက်ရေးအဆင့်သည် အင်မော်တယ် အဆင့်(၃)သာ ရှိသော်လည်း အင်မော်တယ် အဆင့်(၄)များ ကြားထဲတွင်ပင် အားကောင်းသည်ဟု ယူဆနိုင်သည်။ အင်မော်တယ် အဆင့်(၅)လောက် မသန်မာသော်လည်း အင်မော်တယ် အဆင့်(၄)ထက်

ခြေလှမ်းတစ်ဝက် သာလွန်အောင် အစွမ်းထက်သဖြင့် လင်းဟွမ်က အစွမ်းက အံ့မခမ်းပင်။

"ငါက အရမ်း ချစ်စရာ ကောင်းတယ်လေ။ ငါ့ကိုတွေ့ရတာ မပျော်ဘူးလား"

လင်းဟွမ်က မေးအနည်းငယ်မော့ပြီး စပ်ဖြီးဖြီး အမူအရာနှင့် ပြောလိုက်သည်။

"အေး.. ငါတို့သာ ရန်သူ မဟုတ်ရင် ခါတ်ပုံအတူတူရိုက်ဖို့ တောင်းဆိုမိမှာပဲ"

ယုဝမ်ပင်သည် တည်ငြိမ်နေပြီး ချက်ချင်း မတိုက်ခိုက် ရဲပေ။ လင်းဟွမ်၏ ထိန်းချုပ်သူတစ်ယောက် ဆိုသော အထောက်အထားနှင့် ပတ်သက်၍ ထိတ်လန့် စိုးရိမ်မှုအချို့ ရှိနေသည်။

“ငါသိချင်တာ မင်းက ထိန်းချုပ်သူ တစ်ယောက်ပါ။ ဘာဖြစ်လို့ မင်းရဲ့မွန်းစတားတွေကို မဆင့်ခေါ်တာလဲ..”

လင်းဟွမ် ကိုယ်တိုင်၏ စွမ်းရည်ကပင် ကြောက်စရာကောင်းနေပြီ အကယ်၍

လင်းဟွမ်ထံတွင် တိုက်ခိုက်ရေး အစွမ်း အဆင့်တူသည့် မွန်းစတားတစ်ကောင် သို့မဟုတ် နှစ်ကောင်သာ ပိုင်ဆိုင်ထားပါက ယုဝမ်ပင်တွင် အနိုင်ယူနိုင်မည့် အခွင့်အလမ်း လုံး၀ မရှိတော့ချေ။

"ငါ့ရဲ့ဓါးရေးကို မင်းနဲ့ စမ်းသပ်ကြည့်လို့ မရဘူးလား"

လင်းဟွမ်က ပြန်ချေပလိုက်သည်။

"မင်းမှာ တခြား အကြောင်းပြချက် ရှိမယ်လို့ ထင်တယ်။ မင်းရဲ့ ဆင့်ခေါ်မွန်းစတားက ငါ့ကို မခြိမ်းခြောက်နိုင်လို့ မဟုတ်လား.."

ယုဝမ်ပင်က လင်းဟွမ်၏ တုံ့ပြန်မှုကို သတိထား စောင့်ကြည့်ရင်း အကဲစမ်း လိုက်သည်။

"ငါ သူတော်စင်အဖွဲ့တွေရဲ့ ယုံကြည်မှုကို သံသယ ဝင်ဖူးတယ်"

လင်းဟွမ်က စကားလမ်းကြောင်း ပြောင်းလိုက်သည်။

"ကျေးဇူးပြုပြီး ငါ့ကို ရှင်းပြပေးနိုင်မလား.."

ယုဝမ်ပင်သည် လင်းဟွမ်က သူတော်စင်အဖွဲ့၏ အယူဝါဒကို စိတ်ဝင် စားလိမ့်မည်ဟု

မည်သည့်အချိန်ကမှ မမျှော်လင့်ထားသဖြင့် အံ့အားသင့်သွားသည်။

“မင်းက သူတော်စင် အဖွဲ့ဝင်ထဲမှာ ပါဝင်ဖို့ စိတ်ဝင်စားရင် ငါ မင်းကို ထောက်ခံပေးနိုင်တယ်။ မင်းက ပါရမီရှင်တစ်ယောက် ဖြစ်နေလို့ မင်းကို ကြင်ကြင်နာနာနဲ့ ရက်ရက်ရောရော ဆက်ဆံလိမ့်မယ်။ မင်းဘက်က စိတ်ရင်း မှန်နေသရွေ့ မင်းက ကိုယ်စားလှယ်လောင်း တစ်ယောက် ဖြစ်လာဖို့ အလားအလာ ရှိတယ်။ နတ်ဘုရားသားတော်လည်း ဖြစ်လာနိုင်တယ်”

ယုဝမ်ပင်သည် လင်းဟွမ်ကဲ့သို့ ပါရမီရှင် တစ်ယောက်ကို သူတော်စင်အဖွဲ့ထဲ ရောက်အောင် ခေါ်နိုင်ခဲ့လျှင် ဆုငွေများ ချီးမြှင့်ခံရမည့် အကြောင်းကို ချက်ချင်း တွေးမိသွားသည်။

"တကယ်တော့ ငါ စိတ်ဝင်စားတာက တစ်ခု"

လင်းဟွမ်သည် သူ့စကားကို လွဲမှား၍ ကောက်ချက် ချသွားလိမ့်မည်ဟု မထင်ထားပေ။ ထို့နောက် သူက

"ဘာဖြစ်လို့ မင်းတို့ကောင်တွေက နတ်ဘုရားကို ပူဇော်တာလဲ။ ငါ့ရဲ့ မှတ်ဉာဏ်ထဲမှာတော့

ဘာသာတရား အများစုက မိန်းမတွေကိုပဲ ပူဇော်ပါတယ်။ မင်းတို့ နတ်ဘုရားက ယောကျ်ားရော၊ မိန်းမရော လက်ခံတာလဲ”

ယုဝမ်ပင် မျက်လုံးမှေးသွားပြီးနောက် ရှင်းပြလိုက်သည်။

“ငါတို့ နတ်ဘုရားမှာ လိင်မရှိဘူး.. အထီး အမမရှိဘူး။ သူတို့က အပျိုစင်၊ လူပျိုစင် ဖြစ်နေသရွေ့ သန့်ရှင်းတဲ့ ယဇ်ပူဇော်စရာ ဖြစ်နိုင်တယ်”

"ဒါဆိုရင် မင်းတို့ နတ်ဘုရားက ယောက်ျားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် ဘာလာလာ လက်ခံတယ်လို့ ဝန်ခံခဲ့တာလား.."

လင်းဟွမ်သည် ယုဝမ်ပင် မကြားချင်သော စကားလုံးများကို ဖောင်းပေးပြီး ပြောလိုက်သည်။ ယုဝမ်ပင် ပြန်မငြင်းရသေးခင် လင်းဟွမ်က ဆက်ပြောလိုက်သည်။

"ကျွတ်.... ကျွတ်.... ကျွတ်.... မင်းတို့ နတ်ဘုရားက အထီးရော၊ အမရော ဝါးမယ့်ပုံပဲ။ မင်းတို့ နတ်ဘုရားက လူသားသာဖြစ်ခဲ့ရင်

အရင်ကတည်းက သုတ်သင်ရှင်းလင်း ခံခဲ့ရမယ်ဆိုတာ သိလား။ သူ့ရဲ့မျိုးပွားအင်္ဂါကို ခွဲထုတ်ရုံမကဘူး။ သူ့ဦးနှောက်ကိုပါ ခွဲထုတ်ပြီး တဏှာကြောထနေတဲ့ ဦးနှောက်ကိုပါ ခွဲစိတ်ပစ်ရမယ်။ ဒါမှ သက်ရှိမဟုတ်၊ အထီး၊ အမ မဟုတ် အကုန်လုံး စိတ်ဝင်စားနေတဲ့စိတ် နည်းသွားမှာ။ အဖွဲ့အစည်းထဲမှာ လူနည်းစုကပဲ ဒီလိုခွဲစိတ်မှုမျိုး လုပ်နိုင်တယ်။ မင်းတို့ နတ်ဘုရားအတွက် ငါ ထောက်ခံပေးရမလား”

"မင်းက နတ်ဘုရားကို စော်ကားနေတာလား။ ငါ.... ငါ မင်းကိုသတ်မယ်.."

လင်းဟွမ်၏ ရန်စသောစကားကြောင့် ယုဝမ်ပင် တစ်ယောက် ဆင်ခြင်တုံတရား လုံးဝ ဆုံးရှုံးသွားသည်။ သူ့ခန္ဓာကိုယ်မှ စိမ့်ထွက်လာသော အော်ရာများသည် ပို၍ ပြင်းထန်လာပြီး သူ့ခေါင်းပေါ်တွင် အနက်ရောင် ကံကြမ္မာစွမ်းအားများနှင့် ကြီးမားသော အရိပ်ကြီး တစ်ခု ဖန်တီးလိုက်သည်။

ဒါသည် မီတာ တစ်ရာကျော်မြင့်အောင် ကြီးမားသည့် မွန်းစတားကြီး တစ်ကောင်ပင်။ ခြေထောက်မရှိဘဲ လေထဲ၌ လွင့်မျောနေသည်။ ၎င်းသည် ရှုပ်ယှက်ခတ်နေသော အနက်ရောင် ဝတ်ရုံရှည်ကြီးကို ဝတ်ဆင်ထားပြီး သွေးရဲရဲ အသားစများက ယောင်ဝါးဝါး ပေါ်နေသည်။ ထိုဝတ်ရုံသည် လေတိုက်ခြင်းမရှိဘဲ တလူလူ လွင့်နေသည်။ အရိုးစု မျက်နှာဖုံးကို ဝတ်ဆင် ထားပုံရကာ မျက်နှာဖုံး နောက်ကွယ်တွင် မည်ကဲ့သို့ပုံစံမျိုး ရှိကြောင်း မည်သူမျှ မမြင်နိုင်ပေ။

၎င်း၏ ခေါင်းပေါ်တွင် ကြည့်လင် ထွန်းတောက်နေသော အဖြူရောင် ဦးချိုကြီးတစ်ချောင်းကိုသာ မြင်နိုင်သည်။ ဦးချိုများသည် မျက်နှာထက် နှစ်ဆကျော် ရှည်သည်။

လင်းဟွမ်သည် အောက်သို့ ငုံ့ကြည့်လိုက်ရာ အနက်ရောင် တံစဉ်ကြီးတစ်ချောင်းကို လက်ထဲ၌ တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားကြောင်း မြင်လိုက်ရသည်။

"ဒါက သန္ဓေသုံးကြိမ်ပြောင်း မရဏာတံစဉ် တစ္ဆေ။ မသေမျိုး မျိုးစိတ်ပဲ။ သူ့ရဲ့တိုက်ခိုက်ရေးအဆင့်က အနည်းဆုံး အင်မော်တယ်အဆင့်(၅) ဒါမှမဟုတ် ဒီထက် ပိုမြင့်နိုင်တယ်"

အက်ရှီလက်စထဲမှ သွေးရဲရဲလေး၏ အသံကို ရုတ်တရက် ကြားလိုက်ရသည်။

"သခင်။ မင်း သတိထား။ အဲ့ဒီမွန်းစတားက တိုက်ခိုက်တဲ့ လမ်းကြောင်းတွေ ဖုံးကွယ်ထားနိုင်တယ်။ တိုက်ခိုက်မှုရဲ့ အကျိုးသက်ရောက်မှုက နယ်မြေပိုင်နက် အသိရဲ့

ထိန်းချုပ်ခြင်းနဲ့ ခပ်ဆင်ဆင် တူပေမယ့် သူ့ရဲ့တိုက်ခိုက်မှုက အဝေးကို အကျိုးသက်မှုရှိပြီး ပိုကြောက်စရာ ကောင်းတယ်”

“နားလည်ပြီ”

လင်းဟွမ်သည် သွေးရဲရဲလေး၏ မိတ်ဆက် စကားကို နားထောင်ပြီးနောက် တည်ကြည် လေးနက်သွားသည်။

## အခန်း(၄၉၅) - လင်းဟွမ်နှင့် ယုဝမ်ပင်တို့၏ တိုက်ပွဲ။

လေထဲတွင် မရဏာတံစဉ် တစ္ဆေသည် ပြည့်ပြည့်ဝဝ အကောင်အထည် ပေါ်လာပြီး ၎င်း၏ အပြာရောင် မျက်လုံးများက အောက်သို့ ဖြည်းဖြည်းချင်း ရွေ့လာ၍ လင်းဟွမ်ကို စိုက်ကြည့်နေသည်။

"ဒီကောင့်ကို သတ်.."

ယုဝမ်ပင်၏ မျက်လုံးထဲတွင် ဒေါသအရိပ်များ တလှပ်လှပ် တောက်ပနေပြီး တိုက်ပွဲဝိညာဉ်ကို ညှာတာခြင်း မရှိရန် ညွှန်ကြားလိုက်သည်။ ထို့နောက် မရဏတံစဉ် တစ္ဆေသည် အပြာရောင် မျက်လုံးများနှင့် စိုက်ကြည့်ပြီး အသံနက်ကြီးဖြင့် အော်ဟစ်လိုက်သည်။

ၚင်း၏ အဖြူရောင် အရိုးလက်ထဲတွင် ကိုင်ထားသော အနက်ရောင်တံစဉ်သည် ရုတ်တရက် ရှည်ထွက်လာပြီး လေထုသို့ တိတ်တဆိတ် ဖြတ်သန်းကာ လေထုထဲတွင် မမြင်ရသော

လှိုင်းဂယက်များ ပေါ်လာသည်။ တံစဉ်လှုပ်ရှားသွားသည်နှင့် တစ်ပြိုင်နက် လင်းပွှမ်သည် အန္တရာယ်အာရုံကို ခံစားလိုက်ရသည်။

လေထဲတွင် သဲလွန်စ မပေါ်ဘဲ ဆယ်မီတာကျော်သော အနက်ရောင် လခြမ်းကွေး အလင်းရောင်က ဖျတ်ခနဲ လက်သွားပြီး လင်းပွှမ်၏ခါးထံ တိုးဝင်လာသည်။ ကံဆိုးစွာဖြင့် လင်းပွှမ်သည် သူ၏နယ်မြေပိုင်နက် အသိစိတ် စွမ်းရည် မှားယွင်းမှုကို ပထမဦးဆုံးအကြိမ် ခံစားလိုက်ရ၍ ကမန်းကတမ်း ခြေလှမ်းတစ်လှမ်း

နောက်ဆုတ်ပြီး တိုက်ခိုက်မှုကို ရှောင်တိမ်းနိုင်ခဲ့သည်။

အနက်ရောင် လခြမ်းကွေးပုံစံရှိသော စွမ်းအား၏ တိုက်ခိုက်မှုကြောင့် တုန်ခါ သွားသည်။ ဆယ်ကီလိုမီတာ အတွင်းရှိ သစ်ပင်များအားလုံး ပြိုလဲကုန်ပြီး အနက်ရောင်နယ်မြေ တစ်ခုအဖြစ် ပြောင်းလဲသွားသည်။

ဒါကိုမြင်လိုက်လျှင် လင်းဟွမ်၏ မျက်လုံးသူငယ်အိမ်များ တဆတ်ဆတ် တုန်ခါသွားသည်။

"သခင်။ မရဏာတံစဉ်တစ္ဆေက သေမင်း သွေးမျိုးဆက်တွေ ပါဝင်နေတဲ့ မွန်းစတား တစ်ကောင်ပဲ။ သွေးသိပ်သည်းဆ နိမ့်လို့ နတ်ဘုရားသွေးလို့ မသတ်မှတ်နိုင်ဘူး။ ဒါပေမယ့် လူတစ်ယောက်ရဲ့ တိုက်ခိုက်မှုအပေါ်မှာတော့ လွှမ်းမိုးနိုင်စွမ်း ရှိတယ်။ ပြိုင်ဘက်ဆီကနေ ကံကြမ္မာစွမ်းအား အများကြီး စုပ်ယူနိုင်ပြီးတော့ သူ့ရဲ့တိုက်ခိုက်မှုက လူတစ်ယောက်ရဲ့ အသက်ကို ဝါးမြိုနိုင်တယ်။ ကံကြမ္မာသန်မာတဲ့ ပြိုင်ဘက်ကို အနိုင်မယူနိုင်ပေမယ့် ဒဏ်ရာ ပျောက်ကင်းဖို့ ခဲယဉ်းစေပြီး ကံကြမ္မာစွမ်းအားကို

ကုန်ဆုံးစေနိုင်တယ်။ ဒါကြောင့် ဒီမွန်းစတားရဲ့ တိုက်ခိုက်မှုကို ရှောင်တိမ်းတာ အကောင်းဆုံးပဲ..”

လင်းဟွမ်သည် ခေါင်းညိတ်လိုက်စဉ် ထူးခြားသော လှိုင်းဂယက်တစ်ခုကို ခံစား လိုက်ရသည်။ လင်းဟွမ်သည် နောက်ပြန်မလှည့်ဘဲ ရှေ့သို့ ခြေတစ်လှမ်း တိုးပြီး ပျောက်ကွယ်သွားသည်။ သူ ပျောက်ကွယ်သွားသည်နှင့် တစ်ပြိုင်နက် အနက်ရောင် အလင်းတန်းတစ်ခု ပေါ်လာသည်။ အနက်ရောင် အလင်းတန်းသည် အရှည်

ဆယ်မီတာကျော်သော လျှပ်စစ်ဖြတ်စက်နှင့်ပင် တူနေသည်။

တိုက်ခိုက်မှုနှစ်ခုကို လင်းဟွမ်က ရှောင်တိမ်းသည်ကို မြင်လိုက်လျှင် ယုဝမ်ပင်က မျက်လုံးမှေးပြီး ညွှန်ကြားလိုက်သည်။

“ခပ်များများ တိုက်ခိုက်စမ်း။ ဒီကောင် အားလုံးကို ရှောင်နိုင်မယ်လို့ ငါ မထင်ဘူး”

လေထဲတွင် အနက်ရောင် အလင်းတန်းများ ပေါ်လာပြီး တိုက်ခိုက်မှု အရေအတွက်ကလည်း အနည်းဆုံး နှစ်ဆ ပိုများလာသည်။

သို့သော်လည်း လင်းဟွမ်သည် အနက်ရောင် အလင်းတန်းများ မရောက်ခင် ငါးရှဉ့်တစ်ကောင် ကဲ့သို့ ရှောင်တိမ်းနိုင်ခဲ့သည်။

ယုဝမ်ပင်သည် လင်းဟွမ်က အလင်းတန်းများကို တိုက်ရိုက် မကြည့်ဘဲ တိုက်ခိုက်မှုများကို ရှောင်တိမ်းနိုင်ကြောင်း သတိထားလိုက်မိသဖြင့်

“သူ့မှာ နယ်မြေပိုင်နက် အသိလိုမျိုး နယ်မြေထိန်းချုပ်ခြင်းဆိုင်ရာ ကြိုတင်ခန့်မှန်းနိုင်တဲ့ စွမ်းရည်တစ်မျိုးမျိုး ရှိနေတာလား”

ယုဝမ်ပင်သည် ဒါကို အတည်ပြုပြီးနောက် သူ့တွင်ရှိနေသော စွမ်းရည်များက လင်းဟွမ်အပေါ်၌ သက်ရောက်မှု ရှိမည် မဟုတ်ကြောင်း သိလိုက်သည်။

"သူ့ရဲ့ ခန့်မှန်းနိုင်စွမ်း ဒါမှမဟုတ် နယ်မြေပိုင်နက်အသိပဲ ဖြစ်ဖြစ် ရှောင်နိုင်စွမ်းကတော့ အကန့်အသတ် ရှိမှာပဲ"

ယုဝမ်ပင်က ကောက်ကျစ်စွာ ပြုံးလိုက်ပြီး တိုက်ပွဲဝိညာဉ်ကို စိတ်ချင်း ဆက်သွယ်လိုက်သည်။

"မရဏာတံစဉ် လနတ်ဘုရား စွမ်းရည် ထုတ်လိုက်စမ်း"

"တိုက်ခိုက်မှု ရပ်သွားပြီ"

လင်းဟွမ်သည် နောက်ဆုံး တစ်ကြိမ် တိုက်ခိုက်မှုကို ရှောင်တိမ်းပြီးနောက် ပြိုင်ဘက်၏ တိုက်ခိုက်မှုများ ရပ်တန့်သွားသည်ကို သတိ ထားလိုက်မိသည်။

"သခင် သတိထား.။ လျှပ်တစ်ပြက် လနတ်ဘုရားရဲ့ အကျိုးသက်ရောက်မှုက ဒုက္ခ မပေးနိုင်ဘူးဆိုတာ သူသိသွားတာပဲ ဖြစ်လိမ့်မယ်။

လနတ်ဘုရား သတ်ဖြတ်ခြင်းလိုမျိုး နယ်မြေတစ်ခုလုံးကို တိုက်ခိုက်နိုင်တဲ့ စွမ်းရည်တစ်ခုခု ပြောင်းသုံးလိမ့်မယ်။ လနတ်ဘုရား သတ်ဖြတ်ခြင်း စွမ်းရည်က ပတ်ဝန်းကျင်မှာရှိတဲ့ သက်ရှိတွေကို အလိုလို အာရုံခံနိုင်ပြီး မြူခိုးပုံစံနဲ့ တိုက်ခိုက်တတ်တယ်။ အဲ့ဒါက လရောင်ပုံစံလိုမျိုး ပျံ့နှံ့နေတဲ့ အခိုးငွေ့တွေပဲ။ ဆယ်ကီလိုမီတာအတွင်း ရှိသမျှ အရာအားလုံးကို တိုက်ခိုက်ပြီးတော့ ရှောင်တိမ်းရင်လည်း အသုံးမဝင်ဘူး”

“နားလည်ပြီ..”

လင်းဟွမ်သည် သွေးရဲရဲလေး၏ စကားကို ကြားပြီးနောက် ခေါင်းမော့ကာ တိုက်ပွဲဝိညာဉ်ကို ကြည့်လိုက်သည်။

လေထဲတွင် မရဏတံစဉ် တစ္စေသည် ၎င်း၏လက်များကို လျင်မြန်စွာ လှုပ်ရှားနေပြီး အစီရင်တစ်ခု ဖွဲ့စည်းနေသည်။ ခဏအကြာ ရှုပ်ထွေးသော သင်္ကေတများ လေထဲတွင်ပေါ်လာပြီး အနက်ရောင် တံဆိပ်တစ်ခု ဖြစ်ပေါ်လာသည်။ ထို့နောက် အနက်ရောင်တံစဉ်ကို တံဆိပ်ထဲ ထိုးထည့်လိုက်သည်။

အနက်ရောင် သကော်တသည် တံစဉ်ထဲ နှစ်မြုပ်သွားပြီး တစ်ခုနှင့် တစ်ခု အပြည့်အဝ ပေါင်းစပ်သွားသည်။ ချက်ချင်းဆိုသလို လခြမ်းပုံသဏ္ဍာန်ရှိသော တံစဉ်သည် တံဆိပ်နှင့် ပေါင်းစပ်ပြီးနောက် အနက်ရောင်ကြေးမုံတစ်ခုကဲ့သို့ ဖြစ်လာသည်။

မရဏတံစဉ် တစ္ဆေသည် ကြေးမုံကို လက်နှစ်ဖက်နှင့် ဆုပ်ကိုင်ပြီးနောက် သူ့ထံမှ အနက်ရောင် ကံကြမ္မာစွမ်းအားများသည် ဆည်ရေ ကျိုးပေါက်သည့်အလား စိမ့်ဝင်သွားသည်။

လင်းဟွမ်သည် ခြိမ်းခြောက်မှုကို ခံစားမိသည်နှင့် တစ်ပြိုင်နက် အမှောင်ထုဒိုင်းကို အသက်သွင်းလိုက်သည်။ ယခုအခါ အမှောင်ထုဒိုင်းသည် လုံး၀ ပြီးပြည့်စုံသော စက်လုံးတစ်ခုနှင့် တူနေပြီး လင်းဟွမ်ကို အပြည့်အ၀ ဖုံးအုပ်ထားသည်။

လင်းဟွမ်က အမှောင်ထုဒိုင်းကို အသက်သွင်း၍ ဖုံးအုပ်ပြီးသည်နှင့် တစ်ပြိုင်နက် အနီးအနား တဝိုက်တွင် အနက်ရောင်မြူခိုး အခြောက်အခြား ထွက်ပေါ်လာပြီး ဖုံးလွှမ်းသွားသည်။ အနက်ရောင် အခိုးအငွေ့များသည် အမှောင်ထုဒိုင်းနှင့် ထိပ်တိုက်

ထိမိသွားသောအခါ သန်မာပြီး မာကျောသော၊ သံထည်ပစ္စည်းများ အချင်းချင်း ပွတ်တိုက်သကဲ့သို့ အသံများ ထွက်ပေါ်လာသည်။

လင်းဟွမ်သည် အပြင်ဘက်တွင် ရှိနေသော အနက်ရောင် မြူခိုးများက အလွန်ပြင်းထန်သော အဆိပ်အက်ဆစ်ကဲ့သို့ အမှောင်ထုဒိုင်း အလွှာကို တိုက်စားနေကြောင်း ရှင်းရှင်းလင်းလင်း ခံစားမိသည်။ ပြိုင်ဘက်၏ တိုက်ခိုက်မှုသည် နေရာတစ်ခုလုံး ဖြန့်ကျက် နိုင်သော်လည်း တိုက်ခိုက်ရေး အင်အားမှာ အကန့်အသတ် ရှိသည်။

ဒါကြောင့် အမှောင်ထုဒိုင်း၏ ကာကွယ်ရေးအလွှာကို ဖြတ်ကျော်နိုင်ခြင်း မရှိပေ။

ထိုအစား အမှောင်ထုဒိုင်းကို ထောက်ပံ့ရန်အတွက် အသုံးပြုနေရသော လင်းဟွမ် ခန္ဓာကိုယ်ထဲမှ ထုတ်လွှတ်နေသည့် ကံကြမ္မာစွမ်းအားများကို အဆက်မပြတ် စားသုံးနေသည်။ လင်းဟွမ်သည် သူ၏ကံကြမ္မာစွမ်းအား ကုန်ဆုံးမှုနှုန်းကို တွက်ချက်ထားသည်။

ပြိုင်ဘက်၏ ကံကြမ္မာစွမ်းအား စားသုံးမှုအပေါ် အခြေခံ၍ ပြောရမည် ဆိုပါက

ကံကြမ္မာစွမ်းအားများကို ပြန်လည် ဖြည့်သွင်းရန် ကံကြမ္မာစွမ်းအား ဖြည့်သွင်းခြင်းကတ်ကို အသုံး မပြုလျှင်ပင် အနည်းဆုံး သုံးရက်ကြာအောင် အမှောင်ထုဒိုင်းကို ထိန်းထားနိုင်သည်။

"ဒီလို တိုက်ခိုက်မှုမျိုးက ငါ့ဆီက ကံကြမ္မာစွမ်းအား အများကြီး မကုန်ဘူး။ ဒါပေမယ့် သူ့ဘက်ကတော့ ကံကြမ္မာစွမ်းအား အများကြီး သုံးရလိမ့်မယ်"

လင်းဟွမ်သည် အမှောင်ထုဒိုင်း အတွင်းမှနေ၍ ယုဝမ်ပင်ကို လှမ်းကြည့် လိုက်သည်။

မှောင်မည်းနေသော မြူခိုးများ ဖုံးအုပ်နေဖြင့် မြင်ကွင်းက မရှင်းလင်းပေ။ သို့သော်လည်း လင်းဟွမ်သည် ဒေါသထွက်နေသော ယုဝမ်ပင်က မယုံနိုင်သော မျက်လုံးများနှင့် လှမ်းကြည့်နေကြောင်း တွေ့လိုက်ရသည်။

ရှင်းရှင်းလင်းလင်း ပြောရလျှင် လင်းဟွမ်ဆီမှာ ဤကဲ့သို့ ကာကွယ်ရေး စွမ်းရည်မျိုး ရှိလိမ့်မည်ဟု မမျှော်လင့်ထားသည်မှာ အထင်အရှားပင်။

“တောက်.. ကြွက်စုတ်..”

ယုဝမ်ပင်က ဒေါသတကြီး ကျိန်ဆဲလိုက်သည်။ ဤတစ်ကြိမ်တိုက်ခိုက်မှုတွင် သူ၏ ကံကြမ္မာစွမ်းအား တစ်ဝက်နီးပါးကို သုံးစွဲခဲ့ရသော်လည်း ပြိုင်ဘက်က အကာအကွယ်ဒိုင်းတစ်ခု အသုံးပြုပြီး တိုက်ခိုက်မှု အားလုံးကို ရှောင်တိမ်းသွားသည်။

"ဒီအတိုင်း ဆက်သွားနေလို့တော့ အလုပ်ဖြစ်မှာ မဟုတ်ဘူး။ တိုက်ပွဲရဲ့ လှိုင်းဂယက်တွေကလည်း ပျံ့နှံ့နေတယ်။ သိုင်းပညာ မုဆိုးကောလိပ်က ဒုဋ္ဌာနမျိုးတွေရဲ့ အာရုံကို စွဲဆောင်သွားမှာ သေချာတယ်။ မကြာခင် ရောက်လာကြမှာပဲ"

ယုဝမ်ပင် ခန့်မှန်းတွက်ချက် ကြည့်လိုက်သည်။ ထို့နောက် ဝူဖန်ကို လှည့်ကြည့်လိုက်ရာ မလှုပ်မယှက်ဖြစ်နေကြောင်း သိလိုက် ရသည်။ ဝူဖန်က အသက်ရှင်နေ သေးသော်လည်း မေ့လဲနေပြီ။

"ဒီကောင်က ဒီလောက်တောင် ဝန်ထုပ်ဝန်ပိုး ဖြစ်ရလား။ အခုလက်ရှိ တိုက်ပွဲကလည်း နှစ်ယောက်တစ်ယောက် တိုက်ပွဲ ဖြစ်လာတော့မယ်။ အနိုင်ရစရာ လုံးဝ မရှိတော့ဘူး"

ယုဝမ်ပင် နောက်ပြန် ဆုတ်ချင်နေသည်။

လင်းဟွမ်သည် ယုဝမ်ပင်က ခေါင်းလှည့်၍ ဝူဖန်ကို ကြည့်နေကြောင်း သတိထားလိုက်မိသည်။ ဝူဖန်ကိုခေါ်၍ ထွက်ပြေးနေချင်ပြီး ဖြစ်ကြောင်း သိလိုက်၍

“ဟော့.. ငါ သိပ် မပြင်ဆင်ထားပေမယ့် မင်းရဲ့တိုက်ခိုက်မှုက ဘာမှလည်း ထူးထူးခြားခြား မဟုတ်ပါလား”

လင်းဟွမ်က နောက်တစ်ကြိမ် ရန်စလိုက်သည်။

“ငါကတော့ အစွမ်းထက်တဲ့ တိုက်ကွက် လာနေပြီဆိုပြီး ကြောက်လိုက်ရတာ။ အခုဟာက

ဘာရုပ်မှလည်း မပေါက်ဘူး။ သူတော်စင်အဖွဲ့အစည်းရဲ့ အကြီးအကဲ အားလုံးက မင်းလိုပဲဆိုရင်တော့ သူတော်စင်အဖွဲ့အစည်းရဲ့ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ငါတကယ် ရင်လေးမိတယ်”

“မင်းတို့ နတ်ဘုရားကို ကြည့်ရတာလဲကွာ။ ကျောထောက် နောက်ခံ ကောင်းကောင်း ရှိမယ့်ပုံလည်း မရှိပါဘူး။ ဒါကြောင့်လည်း သူတော်စင်အဖွဲ့ဝင်တွေရဲ့ အရည်အချင်းတွေက လပြွတ်လောက် အားနည်းနေတာပေါ့။ မင်းတို့ နတ်ဘုရားကလည်း အမှိုက်ပဲ ဖြစ်မှာပါ”

"မင်းတို့က မင်းတို့ နတ်ဘုရားကို နေ့တိုင်း ဝတ်ပြုနေပေမယ့် ဘာရလဲ။ ငါ့သာဆိုရင်တော့ ငါ့ကိုကိုးကွယ်ပြီး ယုံကြည်နေရင် နေ့တိုင်း အစားကောင်းကောင်း စားရအောင် လုပ်ပေး လိုက်ဦးမယ်။ ငါ့ကို ကိုးကွယ်ပါလား။ အဲ့လို လုပ်ပေးဖို့ ကတိပေးတယ်"

လင်းဟွမ်သည် သူတို့၏ နတ်ဘုရားနှင့် ခိုင်းနှိုင်း၍ပြောပါက ပြိုင်ဘက်က ဆင်ခြင်တုံတရား ဆုံးရှုံးသွားနိုင်ကြောင်း သိနေသည်။

"ခွေးမသား။ မင်းကို သင်္ချိုင်းထဲ အရောက် ပို့ပေးမယ်"

ယုဝမ်ပင်သည် ထပ်ပြီး သည်းမခံနိုင်တော့ချေ။

## အခန်း(၄၉၆) - စိတ်မကောင်းဘူး။ ငါလည်း မျက်လုံးစွမ်းရည် အကြောင်း နည်းနည်းလေး သိတယ်။

အတွေးအခေါ် ပညာရှင် တစ်ယောက်က 'ကြောင်တစ်ကောင်ရဲ့ မုန်းတီးမှုကို မခံချင်ရင် ကြောင်အမြီးကို ဘယ်တော့မှ တက်မနင်းနဲ့' ဟု ပြောခဲ့ဖူးသည်။

လင်းဟွမ်ကမူ ယုဝမ်ပင်ကို ဘယ်နှစ်ကြိမ်မြောက် စော်ကားမိလည်း ဆိုသည်ကိုပင် မမှတ်မိတော့ချေ။

ဤအချက် တစ်ချက်တည်းနဲ့ပင် ကြောင်၏အမြီးကို တက်နင်း လိုက်သကဲ့သို့ ဆင်ခြင်တွေးခေါ်နိုင်မှု အားလုံး ဆုံးရှုံးသည့်အထိ မုန်းသွားကြောင်း အတည်ပြုနိုင်သည်။

သူတော်စင်အဖွဲ့သည် အဖွဲ့ဝင်များက သူတို့အပေါ် လုံးဝ သစ္စာစောင့်သိစေရန် အဖွဲ့ဝင်များကို ဦးနှောက် ဆေးကြောထားကြသည်။ ထို့ကြောင့် ဘေးထွက်ဆိုးကျိုး အချို့ရှိကြောင်း ဝန်ခံရမည်သာ။

သူတို့သည် နတ်ဘုရားနှင့် ပတ်သက်၍ ဆတ်ဆတ်ထိမခံ ဖြစ်ကြပြီး ထိုအရာနှင့်

ပတ်သက်လာပါက ဆင်ခြင်တုံတရား ဆုံးရှုံးသည်အထိ ရူးသွပ် သွားတတ်ကြသည်။

သူတို့၏ နတ်ဘုရား ဆိုသည်မှာ သူတော်စင် အဖွဲ့ဝင်များအတွက် အဆုံးစွန်သော အမြင့်မြတ်ဆုံး ကိုးကွယ်ရာ ဖြစ်သောကြောင့် နာမည် အမှန်ကိုပင် မခေါ်ကြဘဲ နတ်ဘုရားဟုသာ ခေါ်ဆိုကြသည်။ ဒါသည် သူတို့အတွက် တားမြစ်ချက်ပင်။

သူတို့၏ နတ်ဘုရားကို အရှက်ခွဲခြင်းမှာ သူတော်စင် အဖွဲ့ဝင်များအတွက် အကြီးမားဆုံး အပြစ်ဖြစ်သလို ရန်စမှုလည်း ဖြစ်သည်။

သူတို့၏ ပထမဦးဆုံး အယူဝါဒသည် သူတို့ နတ်ဘုရားအား စော်ကားသည့် လူတိုင်းကို သတ်ပစ်ရပင်န် ။ ဤအယူဝါဒသည် သူတော်စင် အဖွဲ့ဝင်တိုင်း၏ စိတ်ထဲတွင် နက်ရှိုင်းစွာ စွဲထင်နေပြီး သူတို့၏ဒေါသကို မီးစပျိုးပေးနိုင်သည်။

ယခုမူ လင်းဟွမ်က သူတို့၏ အောက်ခြေစည်းကို ခြေထောက်နှင့် ပိတ်ကန်နေသဖြင့် လင်းဟွမ်ကို လွှတ်မပေးနိုင်သည်မှာ သေချာသည်။ သာမန် အခြေအနေများတွင် ယုဝမ်ပင်သည် မည်သည့် ကိစ္စပဲ ဖြစ်လာပါစေ ယဇ်ပူဇော်ခြင်းကသာ

အရေးကြီးကိစ္စဟု ခံယူထားသည်။ သို့သော်လည်း လင်းဟွမ်၏ သူတို့နတ်ဘုရားအပေါ် စော်ကားမှုကို လျစ်လျူမရှုနိုင်ချေ။

သူတော်စင်အဖွဲ့ဝင်များအတွက် သူတို့၏ နတ်ဘုရားကို စော်ကားခြင်းသည် ယောကျ်ားတစ်ယောက်က သူ၏ ဇနီးမယားကို ဖမ်းယူခြင်းခံရပြီး မုဒိန်းကျင့်ခြင်း ခံရကာ အရှက်ကွဲရသည်ထက်ပင် အဆတစ်ရာ ပိုဆိုးသည်ဟု ခံစားရသည်။

ယုဝမ်ပင်သည် ယဇ်ပူဇော်ပွဲအတွက် ခေါးစာခံများ ဖမ်းရမည့် တာဝန်ကိုပင် မေ့သွားသည်။ ယခုလက်ရှိတွင် သူ့စိတ်ထဲ၌ သူ့ရှေ့မှလူငယ်ကို သတ်ပစ်ချင်သည့် စိတ်သာ ရှိတော့သည်။ ဒီကမ္ဘာကြီးထဲမှ လုံးဝ ပျောက်ကွယ်သွားစေချင်သည်။ ဒါသည် သူတို့၏ နတ်ဘုရားအပေါ် အရိုအသေမဲ့၍ စော်ကားခြင်းကြောင့်ပင် ။

အမှောင်ထုဒိုင်း၏ အပြင်ဘက်တွင် အနက်ရောင်မြူခိုးများက လှည့်ပတ် ဝန်းရံနေဆဲဖြစ်ပြီး တိုက်စားသံများက ရပ်တန့်သွားခြင်း မရှိပေ။

လေထဲတွင် ရှိနေသော ယုဝမ်ပင်၏ မျက်လုံးထဲတွင် ဒေါသစိတ်ကြောင့် အနီရောင်သွေးကြောများ ထောင်ထွက်နေသည်။ ကြောင်မျက်နှာဖုံးအောက်မှ သူ့မျက်နှာသည် အင်မတန်မှ ရက်စက် ကြမ်းကြုတ်နေ၏။

ယခု လက်ရှိအချိန်၌ သူ ဆုပ်ကိုင်ထားသော အထွတ်အထိပ် ဓါတ်ကြွင်းထဲသို့

ကံကြမ္မာစွမ်းအားများ ထည့်သွင်း နေသည်။ ဓါတ်ကြွင်းပေါ်ရှိ သင်္ကေတများသည် လျှင်မြန်စွာ တောက်ပလာပြီး ရတနာလက်ကိုင်မှ တစ်ဆင့် လုံ့ထိပ်ဖျားအထိ တစ်ခုလုံး လောင်ကျွမ်းလာသည်။

ထိုမြင်ကွင်းကို မြင်လိုက်လျှင် လင်းဟွမ် မျက်နှာပျက်သွားသည်။

"ဒီကောင်က အထွတ်အထိပ် ဓါတ်ကြွင်းရဲ့ ဒုတိယမြောက် အမြင့်ဆုံးစွမ်းရည်ကို အသက် သွင်းနေတာပဲ"

ထိုဒုတိယ လုပ်ဆောင်ချက်သည် သုံးစွဲသူ၏ ကံကြမ္မာစွမ်းအားကို မြင့်မားစွာ အသုံးပြုရပြီး အထွတ်အထိပ်ဓါတ်ကြွင်းများသာ ပိုင်ဆိုင်နိုင်သည့် စွမ်းရည်တစ်မျိုးပင် ။ ဒါသည် သုံးစွဲသူ၏ လိုအပ်ချက်နှင့် ကံကြမ္မာစွမ်းအားပေါ် မူတည်၍ အပြောင်းအလဲများစွာ ဖြစ်ပေါ်နိုင်သည်။

ပုံမှန်အားဖြင့် ထိုကဲ့သို့ စွမ်းရည်ကို အသက်သွင်းခြင်းသည် အသုံးပြုသူ တစ်ယောက်က အကျိုးသက်ရောက်မှုကို အမြင့်ဆုံး မြင့်မားစေရန်အတွက် ဓါတ်ကြွင်း၏ နိယာမများကို

လိုက်နာရန် လိုအပ်ပြီး အချို့စွမ်းရည်များကိုသာ အသက်သွင်းနိုင်သည်။

ထိုသို့မဟုတ်ပါက အကျိုးသက်ရောက်မှုက သိသာထင်ရှားမည် မဟုတ်ချေ။

အကယ်၍ ယခုလက်ရှိ၌ ပြိုင်ဘက်က ဒုတိယမြောက် အသက်သွင်းမှုကို ပြုလုပ်နေပါက နောက်ထပ် ပေါ်လာမည့် တိုက်ခိုက်မှုသည် အင်မတန် ကြမ်းတမ်းပြီး သေချာပေါက် သေစေနိုင်သော စွမ်းရည်တစ်ခု ဖြစ်လာလိမ့်မည်။

'ဘယ်လို စွမ်းရည်မျိုး ဖြစ်မလဲ...'

လင်းဟွမ်သည် သတိကြီးကြီးထားပြီး စောင့်ကြည့်နေသလို တစ်ချိန်တည်းမှာပင် သိချင်နေပြန်သည်။

မကြာခင် ယုဝမ်ပင် လက်ထဲတွင် ကိုင်ထားသော လှံ၏ အလင်းရောင်များသည် လှံထိပ်ဖျား အထိ ပျံ့နှံ့လာသည်။ လှံပေါ်ရှိ သင်္ကေတများသည် အလွန် လင်းထိန်၍ တောက်ပ နေသောကြောင့် လျှပ်စစ်စွမ်းအား ချွေတာသော မီးချောင်း တစ်ချောင်းနှင့်ပင်တူနေသည်။

"တမန်တော်လှံ..."

ယုဝမ်ပင်က တိုးတိုးလေး ရေရွတ်လိုက်သည်။

နောက်ထပ် အခိုက်အတန့်၌ လုံ့ထိပ်ဖျားတွင် ပြိုးပြိုးပြက်ပြက် အဖြူရောင်အလင်းများ ပို၍ တောက်ပလာပြီး တောက်ပသထက် တောက်ပလာသည်။ မျက်စိ တစ်မှိတ်အတွင်းမှာပင် အဖြူရောင်အလင်းရောင် ပေါက်ကွဲထွက်၍ အထွတ်အထိပ် အခြေအနေသို့ ရောက်ရှိသွားပြီး မွန်းတည့်ချိန် နေရောင်ကိုပင် ယှဉ်နိုင်လာသည်။

အလင်းရောင်သည် မျက်စိဖြင့် တည့်တည့် ကြည့်၍ မရအောင် စူးရှ တောက်ပနေသည်။

ဤအခိုက်အတန့်၌ နေမင်း၏ အလင်းရောင်ပင် မှိန်ဖျော့သွားပြီး အဖြူရောင်အလင်း တစ်ခုတည်းကသာ လင်းဟွမ်ကို ကြောက်မက်ဖွယ်ရာ အရှိန်ဖြင့် ရိုက်ခတ်နေသည်။ ထိုအဖြူရောင် လျှပ်စီးများသည် လေထဲ၌ ကခုန်နေသလို ယောင်ဝါးဝါး ခံစားရသည်။

လင်းဟွမ်သည် အကန့်အသတ်မဲ့ အမြင်အာရုံကို အသက် မသွင်းထားပါက တိုက်ခိုက်မှု လမ်းကြောင်းကို မြင်အောင် ကြည့်နိုင်လိမ့်မည် မဟုတ်ပေ။ မီတာ (၃၀၀) အကွာအဝေးအတွင်းကို

နယ်မြေပိုင်နက်အသိ စွမ်းရည်ဖြင့် အာရုံခံနိုင်သဖြင့် အဖြူရောင် အလင်းများက အမှောင်ထုဒိုင်းကို ထိမှန်နေပြီဖြစ်ကြောင်း သိနေရသည်။

နောက်ထပ် အခိုက်အတန့်၌ လင်းဟွမ်သည် ချက်ချင်း မျက်နှာပျက်သွားပြီး ရှောင်တိမ်းရန် ကြိုးစားလိုက်သည်။ သူ လှုပ်ရှားလိုက်သည့် အချိန်မှာပင် အဖြူရောင်အလင်းများက အမှောင်ထုဒိုင်းမှတစ်ဆင့် အနည်းငယ် ထိုးဖောက် ဝင်ရောက်ပြီး သူ့ထံ တိုက်ရိုက်ဝင်လာသည်။

လင်းဟွမ်က ဘယ်ဘက်ကပ်၍ ရှောင်လိုက်ရာ သူ့နောက်မှ အမှောင်ထုဒိုင်းကို တည့်တည့် ထိမှန်သွားပြီး လင်းဟွမ်၏ ခန္ဓာကိုယ် ဘယ်ဘက်ခြမ်းကိုလည်း ထိမှန်သွားခဲ့သည်။ တိုက်ခိုက်မှုကို တိုက်ရိုက်ထိမှန်ခဲ့ခြင်း မရှိခဲ့သော်လည်း အရေပြားပေါ်တွင် အစင်းရာများ ကျန်ရစ်ခဲ့သည်။

ချက်ချင်း သတိထားပြီး ယုဝမ်ပင်ကို စိုက်ကြည့်လိုက်သည်။ ထို့နောက် ယုဝမ်ပင်က လှံကိုကိုင်ထားဆဲ ဖြစ်ပြီး လှံထိပ်ဖျားမှာ

အမှောင်ထုဒိုင်းထဲ ထိုးဖောက် ဝင်ရောက်နေသည်။ အဖြူရောင် အလင်းတန်းမှာ လှံထိပ်ဖျားမှ ပစ်လွှတ်လိုက်ခြင်း မဟုတ်ပေ။ ထိုအစား အလင်းသည် လှံကိုယ်တိုင် ဖြစ်နေသည်။

လှံကို ကံကြမ္မာစွမ်းအားနှင့် ပေါင်းစပ်ပြီးနောက် လှံ၏အရှည်က အဆက်မပြတ် တိုးမြင့်လာခြင်းမှာ အံ့အားသင့်စရာပင်။ တစ်ချိန်တည်းမှာပင် လှံ၏ နောက်မြီးက တိုဝင်သွားခြင်းသာ ။ တစ်ပြိုင်နက်တည်း နောက်က တိုဝင်လာ၍ ရှေ့ကဆန့်ထွက် လာသောကြောင့် ပစ်လွှတ်

လိုက်သကဲ့သို့ ဖြစ်သွားခြင်းပင်။ ဒါသည် အလင်းတန်းက ပေါက်ကွဲသွား သကဲ့သို့ လျင်မြန်စွာ တောက်ပပြီး တိုက်ခိုက်မှု စတင်သည်နှင့် မေးမှိန်သွားရသည့် အကြောင်းအရင်း ဖြစ်သည်။

"ဒီစွမ်းရည်ရဲ့ စွမ်းအားက ကြောက်စရာ ကောင်းလိုက်တာ။ ငါ့ကို သတ်လုနီးပါးပဲ"

ထို့နောက် လင်းဟွမ်သည် အမှောင်ထုဒိုင်းကို ထိုးဖောက်၍ ဝင်လာသောလှံ ပြုလုပ်ထားခဲ့သည့် အပေါက်ကို ကြည့်လိုက်သည်။ ပြိုင်ဘက်၏ တိုက်ခိုက်မှုသည် သူ၏ အပြင်းထန်ဆုံး

တိုက်ခိုက်မှုထက် သာလွန်ကြောင်း သိလိုက်သည်။ ထိုကဲ့သို့မဟုတ်ပါက အမှောင်ထုဒိုင်းကို ဖြတ်ကျော်နိုင်မည် မဟုတ်ပေ။ အမှောင်ထုဒိုင်းသည် ထိုးဖောက် ဝင်ရောက်ခံရသည်နှင့် တစ်ပြိုင်နက် ပြိုကျလာသည်။

အနက်ရောင် မြူခိုးများက အဟာကြားထဲမှ တစ်ဆင့် လင်းဟွမ်ထံ စီးဝင်လာသည်။ လင်းဟွမ်သည် ဖျတ်ခနဲ လှုပ်ရှားပြီး မီတာတစ်ရာ အကွာတွင် ပြန်ပေါ်လာသည်။ သို့သော်လည်း ထိုသို့

ပြန်ပေါ်လာပြီးသည်နှင့် အနက်ရောင်မြူခိုးများက သူ့ခန္ဓာကိုယ်ကို ဝန်းရံသွားသည်။

လင်းဟွမ်သည် အကြိမ်ပေါင်းများစွာ ရှောင်တိမ်းခဲ့သော်လည်း အနက်ရောင် မြူခိုးထဲမှ မလွတ်မြောက်နိုင်တော့ပေ။ အရိုးမှာ ကပ်တွယ် နေသလိုပင်။ သူက မည်သည့်နေရာကိုပဲ သွားသည်ဖြစ်စေ အနက်ရောင်မြူခိုးများက တစ်ချိန်တည်း ဖြစ်ပေါ်လာသည်။

လင်းဟွမ်သည် အကြိမ်ကြိမ် ကြိုးစားပြီးနောက် ယုဝမ်ပင်ထံ လှမ်းကြည့်လိုက်သည်။

ယုဝမ်ပင်က လှံကို ပြန်သိမ်းလိုက်ပြီး လင်းဟွမ်ကို အေးစက်ရက်စက်သော အမူအရာနှင့် စိုက်ကြည့်နေသည်။

"မင်း ပုန်းနေလည်း အသုံးမဝင်ဘူး။ လနတ်ဘုရား သတ်ဖြတ်ခြင်း စွမ်းရည်က မင်းအရိပ်လိုပဲ မင်းဘယ်တော့မှ မဖယ်ရှားနိုင်ဘူး။ မင်းရဲ့ ခံစစ်စွမ်းရည်က လနတ်ဘုရား စွမ်းရည်ကို မဖျက်ဆီးနိုင်ဘူး။ ထွက်ပြေးလို့လည်း မရဘူး။ ဒါကြောင့် မင်းက ဘယ်တော့မှ မရှေ့လျှားနိုင်တဲ့

ပစ်မှတ်ပဲ။ အေး ငါ့ရဲ့တမန်တော်လုံက အဲဒါကို အကြိမ်ကြိမ် ထိုးဖောက်နိုင်တယ်ကွ”

ယုဝမ်ပင်က လင်းဟွမ်ထံတွင် သူ့ကို ပြန်လည် တိုက်ခိုက်နိုင်မည့် နည်းလမ်း မရှိတော့ဘူးဟု ထင်နေသည်။

“မင်းဘာသာမင်း အနိုင်ရနေပြီလို့ ထင်နေတာလား။ ငါတော့ မထင်ဘူးနော်”

လင်းဟွမ်သည် အနက်ရောင် မြူခိုးများကို လျစ်လျူရှုလိုက်ပြီး ကာကွယ်ရေး ဓါတ်ကြွင်းကို အသက်သွင်း၍ ကံကြမ္မာ စွမ်းအားများ

ထည့်သွင်းလိုက်ပြီးနောက် ယုဝမ်ပင်ထံ ပြေးဝင်သွားသည်။

"မင်းက ငါ့ကိုဒဏ်ရာရအောင် လုပ်ဖို့အတွက်နဲ့ အသက်ရင်းတော့ မလို့လား။ တော်တော်လေး တုံးတဲ့ကောင်ပဲ"

ယုဝမ်ပင်က ဟွန့်ခနဲ အသံတစ်ချက်ပြု၍ ခနဲ့တဲ့တဲ့ ပြောလိုက်သည်။

လင်းဟွမ်သည် ထိုကိစ္စကို ခေါင်းထဲမထည့်ပဲ သူသွားချင်သည့် နေရာသို့ ရောက်အောင်သာ တိုးဝင်သွားသည်။

ယုဝမ်ပင်၏ မျက်လုံးထဲတွင် ဒေါသအရိပ်အရောင်များ ဖျတ်ခနဲ လက်သွားပြီး မှိန်နေသော လုံ့ရှည်သည် နောက်တစ်ကြိမ် တောက်ပလာပြန်သည်။ နောက်ဆုံး စက္ကန့်၌ လင်းဟွမ်ကို ဖိနှိပ်ရန် တောက်ပ လာသလိုပင်။

ယုဝမ်ပင်က အေးစက်စွာ ပြုံးလိုက်ပြီး…

"ငရဲကို သွားစမ်း…..၊ ကြွက်စုတ်"

နောက်ထပ်အခိုက်အတန့်၌ သူ့လက်ထဲမှ လုံ့ရှည်သည် ယခင်ကအတိုင်းပင် လျင်မြန်စွာ ရွေ့လျားလာသည်။

လင်းဟွမ်က ဓါးကို ခုတ်ချခါနီး၌ လုံ့ရှည်က လင်းဟွမ်၏ ခေါင်းထဲ ထိုးဖောက်ဝင်ရောက်သွားသဖြင့်

လင်းဟွမ် မြေပေါ်သို့ လဲကျသွားသည်။

ယုဝမ်ပင်သည် လင်းဟွမ်၏ ခေါင်း ပေါက်ကွဲသွားသည်ကို မြင်လိုက်လျှင် အောင်ပွဲခံသည့် အနေဖြင့် ပြုံးလိုက်ပြီး

"တကယ့် ကြွက်စုတ်။ တိုက်ခိုက်ဖို့ တော်တော်လေး စိတ်အား ထက်သန်နေတဲ့ကောင်ပဲ။

စိတ်မှတ်သည်းခြေမရှိဘူး။ အနိုင်ရတဲ့လူကပဲ နောက်ဆုံးမှာ ရယ်နိုင်တဲ့လူကွ”

“အို... မင်း သေချာလား...”

ထိုစဉ် ယုဝမ်ပင် နောက်ကျောဘက်မှ လျှောင်ပြောင်သံ တစ်ခု ထွက်ပေါ်လာသည်။ လှည့်ကြည့်ချင်သော်လည်း ထိုကဲ့သို့ လုပ်နိုင်စွမ်း မရှိကြောင်း သိလိုက်ရသည်။

သူ့ဦးခေါင်းက အောက်ဘက်သို့ နိမ့်ဆင်းသွားပြီး အနက်ရောင် ဝတ်စုံဝတ်ထားသော သူ့ခန္ဓာကိုယ်တွင် ခေါင်း မရှိတော့သည်ကို ပြန်မြင်လိုက်ရသည်။

သူ့ခန္ဓာကိုယ် နောက်တွင် လူငယ်တစ်ယောက်က ခါးရှည် ကိုင်ပြီးပြုံးပြနေကာ ထိုခါးမှ သွေးများ စီးကျနေသည်။

နောက်ထပ် အခိုက်အတန့်တွင် သူ့မြင်ကွင်းများ မည်းမှောင်သွားသည်။

“စိတ်မကောင်းဘူး။ ငါက မျက်စိစွမ်းရည် နည်းနည်းလေး ကျွမ်းကျင်တယ်ဆိုတာ မင်းကို ပြောဖို့မေ့သွားတယ်”

ကံဆိုးသည်မှာ ယုဝမ်ပင်သည် လင်းဟွမ်၏ နောက်ဆုံးစကားကို နားမထောင် နိုင်တော့ပေ။

## အခန်း(၄၉၇) - လင်းရှင်ကို ရှာတွေ့ပြီ။

ဦးခေါင်း မရှိသော ခန္ဓာကိုယ်တစ်ခုနှင့် မျက်နှာပေါ်တွင် ကြောက်ရွံ့၍ အံ့အောမှင်တက်နေသည့် အမူအရာ ဖြစ်ပေါ်နေသော ခေါင်းတစ်ခုသည် လေထဲမှ ပြုတ်ကျလာသည်။ ယုဝမ်ပင်မှာ သေသွားခဲ့သည့်တိုင် လင်းဟွမ်က သူ့ကို မည်ကဲ့သို့ သတ်ဖြတ်ခဲ့ကြောင်း မသိလိုက်ပေ။

လင်းဟွမ် မျက်လုံးထဲမှ အနက်ရောင်များသည် ဖြည်းဖြည်းချင်း မှိန်ဖျော့သွားပြီး မကြာခင် ပုံမှန်အတိုင်း ပြန်ဖြစ်သွားသည်။

"ဂန္ဓဝင်အဆင့် မွန်းစတားဝိညာဉ် မရဏာတံစဉ် တစ္ဆေကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်"

လင်းဟွမ်သည် ရောင်ဖိန်ထံမှ အကြောင်းကြားချက်ကို ကြားပြီးနောက် မမျှော်လင့်ဘဲ အမြတ် ထွက်သွားကြောင်း သိလိုက်သည်။ ပုံမှန်အားဖြင့် စနစ်မှ သူ့ကို အဆင့်ကျော် သတ်ဖြတ်ခြင်းအတွက် ထို့ကဲ့သို့ဆုမျိုး

မပေးချေ။ ထိုအစား အခြားဆုများသာ ပေးအပ်သည်။ လင်းဟွမ်သည် အသတ်ခံရသူထံမှ စွမ်းရည်များ ရရှိနိုင်သော်လည်း ထိုကဲ့သို့ အခွင့်အရေးမျိုးက နည်းပါးလွန်းသောကြောင့် သတ်ဖြတ်ပြီးသည့်အချိန်တွင် ဆုရရန် မမျှော်လင့်ထားခဲ့ချေ။ ပြိုင်ဘက်၏ တိုက်ပွဲဝိညာဉ်ကို ရရှိခြင်းမှာ မမျှော်လင့်ထားသဖြင့် သူ့အတွက် လုံးဝ စပရိုက် ဖြစ်သွားသည်။

လင်းဟွမ်သည် မြေပေါ်သို့ ဆင်းသက်လာပြီးနောက် ခန္ဓာကိုယ်ကို ဟန်ချက်

ထိန်းလိုက်သည်။ တိုက်ပွဲဝိညာဉ်၏ လုပ်ဆောင်ချက်ကို မဖတ်ရသေးခင် သွေးရဲရဲလေးထံမှ အသံတစ်ခု ကြားလိုက်ရသည်။

"သခင်၊ ဝူဖန် ထွက်ပြေးသွားတဲ့ပုံပဲ"

"ဘာ"

လင်းဟွမ်သည် ချက်ချင်း ခေါင်းလှည့်ပြီး ဝူဖန် လှဲကျနေသော နေရာသို့ လှမ်းကြည့်လိုက်ရာ ထိုနေရာတွင် မရှိတော့သဖြင့် သွေးရဲရဲလေးကို ချက်ချင်း မေးလိုက်သည်။

"ဘယ်တုန်းက ထွက်ပြေးသွားတာလဲ"

"ငါလဲ သေသေချာချာ မသိဘူး။ သူတော်စင်အဖွဲ့ဝင်ရဲ့ ခေါင်းကို မင်းဖြတ်လိုက်တဲ့အချိန်မှာပဲ ဝူဖန်ခန္ဓာကိုယ်ရဲ့ ခန္ဓာကိုယ်လည်း ပျောက်သွားတယ်။ သူ ထွက်ပြေးသွားတယ်လို့ ငါ သံသယ ဖြစ်ပေမယ့် သူ့အလောင်းက မြေပေါ်မှာ ကျန်နေတုန်းပဲ"

သွေးရဲရဲလေးက ရှင်းပြသည်။

"ဒါ ဖြစ်နိုင်တယ်"

လင်းဟွမ်သည် မျက်မှောင်ကြုတ်ပြီး ခေါင်းငြိမ့်လိုက်ကာ

"ကျေးဇူးပြုပြီး မင်းရဲ့ မျှော့မျိုးစေ့တွေက တောထဲကို ဆက်ပြီး စောင့်ကြည့်ပေးထား။ သူ့ကို တွေ့တာနဲ့ ချက်ချင်း အကြောင်းကြား"

လင်းဟွမ်သည် သူ၏ပေါ်ဆမှုအတွက် ဒေါသထွက်နေသည်။ ထိုစဉ် သူ့ထံသို့ အလွန်အစွမ်းထက်သော အောဲရာနှစ်ခု လျင်မြန်စွာ ချဉ်းကပ်လာကြောင်း ခံစားလိုက်ရသည်။ ဒါသည်

သူနှင့် ရင်းနှီးနေသော သိုင်းပညာမုဆိုးကောလိပ်၏ ဒုတိယဌာနမှူးများပင်

လင်းဟွမ်သည် အချိန်မဆိုင်းတော့ဘဲ တိုက်ခိုက်ရေးအဆင့် တိုးမြှင့်ထားသည့် ယာယီအသွင်ပြောင်းကတ်၏ အကျိုးသက်ရောက်မှုကို ချက်ချင်းဖယ်ရှားပြီး ဓါးကို သိမ်းလိုက်သည်။ ထို့နောက် ဓါးကိုကိုင်းကာ ယုဝမ်ပင်၏ အင်ပါယာနှလုံးသား လက်စွပ်ကိုယူပြီး သို့လှောင်လက်စွပ်ထဲ သိမ်းလိုက်ကာ စက်လုံးကိုလည်း ယူလိုက်သည်။ ခဏအကြာ

ကောင်းကင်ပေါ်၌ အရိပ်နှစ်ခုက တစ်ပြိုင်နက်နီးပါး ပေါ်လာသည်။

"လင်းဟွမ်၊ မင်း အဆင်ပြေရဲ့လား"

ဝမ်ကျီကျွင်းက ချက်ချင်း မေးလိုက်သည်။

"အင်း အဆင်ပြေတယ်"

လင်းဟွမ်က သူတို့ နှစ်ယောက်ကို လှည့်ကြည့်ပြီး ပြုံးပြကာ ခေါင်းငြိမ့်လိုက်သည်။

သူတို့နှစ်ယောက်ကလည်း လင်းဟွမ်ကို မြင်သည်နှင့် မြေပြင်ပေါ်သို့ လျှင်မြန်စွာ

ဆင်းသက်လာသည်။ သူတို့ခန္ဓာကိုယ်ကို ဟန်ချက်မထိန်းနိုင်သေးခင် လင်းဟွမ်ဘေးနားမှ ခေါင်းမပါသော အလောင်းတစ်ခုကို တွေ့လိုက်သည်။

ကျန်းရှုယ်ဖန်းသည် အလောင်း၏ လည်ပင်းတွင် ဒိတ္တိများ၏ သင်္ကေတကို တွေ့လိုက်ပြီး ချက်ချင်း မျက်နှာပျက်သွားကာ

"ဒိတ္တိတွေလား"

"ဒိတ္တိ မဟုတ်ဘူး၊ သူတော်စင် အဖွဲ့ဝင်။ တိတိကျကျ ပြောရမယ်ဆို ဒိတ္တိတွေအပေါ်

အပြစ်ပုံချဖို့အတွက် အယောင်ဆောင်ထားတဲ့ သူတော်စင် အဖွဲ့ဝင်တွေပဲ”

လင်းဟွမ်က ခေါင်းခါကာ ရှင်းပြလိုက်သည်။

“သက်သေရှိလား”

ကျန်းရွှယ်ဖန်းက မျက်မှောင် ကြုတ်ပြီး မေးလိုက်သဖြင့်

“ဒီလို ရည်ရွယ်ချက်ရှိလို့ ဗီဒီယို ရိုက်ကူး ထားပါတယ်”

လင်းဟွမ်သည် ခေါင်းညိတ်ပြီးနောက် ရိုက်ကူးထားသော ဗီဒီယိုကို ထုတ်ပြလိုက်သည်။ ဝူထန်က ဝူဖန်အကြောင်း မေးသည့် အကြောင်းအရာကို သက်သေအဖြစ် သတ်မှတ်၍ မရကြောင်း သူသိသည်။ ထို့ကြောင့် ဝူဖန်နှင့် ယုဝမ်ပင် တို့ကြားက စကားပြောဆိုမှုကို မှတ်တမ်းတင်ခဲ့သည်။

ပထမ ဗီဒီယိုဖိုင်ထဲတွင် လင်းဟွမ်က ထိုလူနှစ်ယောက်ကို အပြစ်တင် ရှုံ့ချသည့် မြင်ကွင်းကို မှတ်တမ်း တင်ထားသည်။ ဝူထန်

အကြောင်း ပြောသည်ကို ကြားသောအခါ ယုဝမ်ပင်နှင့် ဝူဖန်တို့ ထူးထူးခြားခြား တုန့်ပြန်ကြသည်။

ဒုတိယ ဗီဒီယိုဖိုင်ထဲတွင် သူတို့နတ်ဘုရားက ယောကျ်ားနှင့် မိန်းမ နှစ်မျိုးလုံးကို လက်ခံသဖြင့် တဏှာရူး ဖြစ်ကြောင်း ပြောသည့်စကားကို ကြားသောအခါ ယုဝမ်ပင် ဒေါသ ပေါက်ကွဲပြီး ရူးသွပ်သွားသည်။

လင်းဟွမ်၏ အဓိကရည်ရွယ်ချက်မှာ ရန်သူကို စိတ်ဆွပြီး ဗီဒီယိုမှတ်တမ်း တင်ထားရန်ပင် ။

ဗီဒီယိုမှတ်တမ်းနှစ်ခုကို ကြည့်ပြီးနောက် မူလက သံသယ ဖြစ်နေကြသော ကျန်းရှယ်ဖန်းနှင့် ဝမ်ကျိကျွင်းတို့သည် နောက်ဆုံး၌ လင်းဟွမ်ကို ယုံကြည်သွားကြသည်။

ဗီဒီယိုထဲတွင် သူတို့ နှစ်ယောက်လုံးက သူတော်စင်အဖွဲ့ဝင်ဖြစ်ကြောင်း ဝန်ခံထားခြင်း မရှိသော်လည်း လင်းဟွမ်က ဒိတ္ထိများအပေါ် အပြစ်ပုံချသည့်အကြောင်း ထုတ်ပြောသောအခါ

"မင်း ဘယ်လိုသိတာလဲ" ဟု လွတ်ခနဲ ပြန်မေးသည့် မြင်ကွင်းက ပါဝင်နေသည်။ ဝူထန်

သေသွားသည့် အကြောင်း သိသွားသည့်အချိန်က ဝူဖန်၏ တုံ့ပြန်သည့်ပုံစံနှင့် လင်းဟွမ်က သူတို့၏ နတ်ဘုရားကို နောက်တစ်ကြိမ် စော်ကားသောအခါ သူတို့တုံ့ပြန်သည့် ပုံစံများက ထပ်တိုးသက်သေများ အဖြစ် ခိုင်မာလာသည်။

ဒိတ္ထိများက လွတ်လပ်မှုကို နှစ်သက်ကြပြီး သူတော်စင်အဖွဲ့ဝင်များက နတ်ဘုရားကို မျက်ကန်း ယုံကြည်ကြသည်။ အကယ်၍ သူတို့သာ ဒိတ္ထိများဆိုပါက လင်းဟွမ်က နတ်ဘုရားကို စော်ကားလည်း အေးအေးဆေးဆေး

ရှိနေပေလိမ့်မည်။ ထိုအစား လင်းဟွမ်နှင့်ပင် အတူပူးပေါင်း၍ နတ်ဘုရားကို ဝိုင်းဆဲ ပေးကြဦးမည်။ ယုဝမ်ပင် ကဲ့သို့ ဒေါသတကြီး တုန့်ပြန်မည် မဟုတ်သလို သူ၏ဒေါသကလည်း အစစ်အမှန် ဖြစ်ကြောင်း အထင်အရှားပင်။

"ဗီဒီယိုတွေအပြင် မှုခင်းဆေးပညာဌာနကလဲ အမှန်တရားကို ဖော်ထုတ်နိုင်မှာပါ"

လင်းဟွမ်က ဦးခေါင်းမဲ့အလောင်းကို ညွှန်ပြပြီး ပြောလိုက်သည်။

"နောက်တစ်ယောက်က ဘယ်မှာလဲ။ ဗီဒီယိုထဲမှာ နှစ်ယောက်လေ"

ဝမ်ကျီကျွင်းက မေးလိုက်သည်။

"အဲ့ဒီကောင်က တိုက်ခိုက်နေတုန်း ထွက်ပြေးသွားတယ်"

လင်းဟွမ်သည် ပြောရင်းဆိုရင်း စိတ်တိုလာသည်။

ထို့နောက် ကျန်းရှယ်ဖန်းသည် တိုက်ပွဲမြေပြင်တွင် ကျန်ရစ်ခဲ့သော ခြေရာလက်ရာ သဲလွန်စများကို တစ်ချက် ကြည့်လိုက်သည်။ တိုက်ပွဲကြောင့်

ဖြစ်ပေါ်လာသော ပျက်ဆီးဆုံးရှုံးမှုများကို အခြေခံ၍ ပြောရမည်ဆိုလျှင် သန့်ရှင်းမီးလျှံအဆင့် လူတစ်ယောက် မလုပ်နိုင်ကြောင်း ထင်ရှားနေသဖြင့်

"သူက အင်မော်တယ် အဆင့်လား။ မင်း သူ့ကို သတ်လိုက်တာလား"

ကျန်းရွှယ်ဖန်း မယုံကြည်နိုင် ဖြစ်နေသည်။ ထို့နောက် နောက်ပြန်လှည့်ပြီး လင်းဟွမ်ကို စိုက်ကြည့်လိုက်သည်။

"မဟုတ်ဘူး မင်းတို့နှစ်ယောက်က သူ့ကို သတ်လိုက်တယ်။ ငါနဲ့ ဘာမှမဆိုင်ဘူး"

လင်းဟွမ်က ကျန်း၍ယ်ဖန်းကို ပြုံးပြပြီး ခေါင်းရမ်းပြလိုက်သည်။

"မင်းတို့ နှစ်ယောက်လုံးက ငါ့ကို ကယ်တင်ခဲ့တယ်။ ငါက သူတော်စင်အဖွဲ့ဝင်ကို သတ်နိုင်ဖို့အတွက် အချိန်တစ်ခု ဆွဲပေးခဲ့ရုံပဲ"

"ဘာလုပ်ရမလဲ ငါ သိပြီ။ လျှို့ဝှက် ထားလိုက်မယ်"

ဝမ်ကျိကျွင်းသည် လင်းဟွမ်က သူ့စွမ်းရည်ကို အများရှေ့၌ ဖုံးကွယ်ထားချင်ကြောင်း နားလည် လိုက်သည်။ ထို့နောက် သူတို့နှစ်ယောက်သည်

လုပ်ရမည့် တာဝန်ဝတ္တရားများကို ထမ်းဆောင်လိုက်ကြသည်။

"ဒီကောင်က ထွက်ပြေးသွားတယ် ဆိုပေမယ့် တောထဲမှာ ရှိနေသေးရင် ရှာတွေ့နိုင်သေးတယ်"

လင်းဟွမ်သည် ထိုလူကို အသက်ဆက်ရှင်ခွင့်ပေးရန် ရည်ရွယ်ချက် မရှိပေ။

"တကယ်လို့ ဒီကောင် တောထဲက ထွက်သွားလို့ကတော့ ဒီနေ့ပြီးရင် ငါက သူတော်စင်အဖွဲ့ရဲ့ နာမည်ပျက်စာရင်းထဲ ပါသွားလိမ့်မယ်"

"အဲ့ဒါကို နောက်မှ စိတ်ပူရအောင်။ လူတွေကို ခပ်မြန်မြန် ကယ်ရမယ်"

လင်းဟွမ်က မိုးကြိုးကို ဆင့်ခေါ်လိုက်သည်။

ဝမ်ကျီကျွင်းနှင့် ကျန်းရှွယ်ဖန်းတို့သည် ခေါင်းထဲမှ အတွေးများ ရှင်းထုတ်ပြီး တိုက်ပွဲမြေပြင်တွင် ကျန်ရစ်ခဲ့သည်။

လင်းဟွမ်သည် သူ့အရည်အချင်း အစစ်အမှန် ပေါက်ကြား သွားမည်ကို မကြောက်ပေ။ သန့်ရှင်းမီးလျှံအဆင့်ကို ရောက်လာသည့်

အချိန်ကတည်းက သူ့ကိုယ်သူ ကာကွယ်နိုင်စွမ်း ရှိလာခဲ့ပြီ။

အဖွဲ့ခွဲ (၇) တစ်ခုလုံးတွင် အင်မော်တယ်အဆင့်အထက် အဆင့်မြင့်သည့် လူများမှလွဲ၍ ကျန်သည့်လူများကို မကြောက်ပေ။

သို့သော်လဲ ဘေးဒုက္ခများကို ရှောင်ရှား ချင်သောကြောင့် သူ့စွမ်းရည်ကို ထုတ်ပြရန် တွန့်ဆုတ်နေခြင်းသာ။ ထို့ကြောင့် ဒုတိယဌာနမှူး နှစ်ယောက်၏ အကူအညီကို လိုအပ်နေသည်။ သူတော်စင်၏ အကြီးအကဲကို သတ်ဖြတ်ခြင်းက

နာမည်ဂုဏ်သတင်းကို မြှင့်တင်နိုင်သည့် အခွင့်အရေးဖြစ်နေသောကြောင့် သူတို့နှစ်ယောက်လုံးထံတွင် လုပ်ဆောင်ပေးချင်စိတ် ရှိနေကြောင်း သူသိနေသည်။

ဝူဖန် လွတ်မြောက်သွားခြင်းကို ဘေးဒုက္ခဟု ယူဆနိုင်သည်။ သို့သော်လည်း ဖြစ်ပြီးသည့်အရာက ဖြစ်ပြီးနေပြီ ဖြစ်သောကြောင့် လင်းဟွမ်သည် ဖြစ်လာမည့်အရာကို ခါးစည်းခံဖို့သာ စောင့်ဆိုင်းလိုက်တော့သည်။

အကယ်၍ ဝူဖန်က တောထဲတွင် ရှိနေသေးပါက သူ့ကို ရှာတွေ့ပြီး သတ်လိုက်မည်ဆိုလျှင် သတင်းကောင်းတစ်ခု ဖြစ်လာလိမ့်မည်။

တောထဲမှ ထွက်သွားသည် ဆိုပါက အရာအားလုံးမှ လင်းဟွမ်၏ ထိန်းချုပ်မှုအောက်မှ လွတ်ထွက်သွားလိမ့်မည်။ ဖြစ်နိုင်ချေနှစ်ခုသာ ရှိပြီး ပထမတစ်ခုဆိုလျှင် လင်းဟွမ်၌ ကိုင်တွယ်နိုင်စွမ်း ရှိသော်လည်း ဒုတိယတစ်ခုကိုမူ ထိန်းချုပ်နိုင်စွမ်း မရှိတော့ပေ။ ယခုလက်ရှိတွင် သူလုပ်နိုင်သော

မည်သည့်အရာမှ မရှိသောကြောင့် စိတ်ရှည်ရှည်သာ စောင့်ဆိုင်းနေရမည်။

ထို့ကြောင့် လင်းရှင်နှင့် ကျန်သည့် ကျောင်းသားများကို ကယ်တင်ရန်သာ အာရုံ စိုက်ထားလိုက်သည်။

"သခင်၊ လင်းရှင်ကိုရှာတွေ့ပြီ၊ သူမတဲထဲက ထွက်လာတယ်။ သူတို့အဖွဲ့က အတိုက်ခိုက် မခံရသေးဘူး။ ဒါပေမယ့် သူတော်စင်အဖွဲ့ဝင် တစ်ယောက်က သူတို့ဆီ ချဉ်းကပ်နေတယ်လို့ အချက်ပြတယ်။ မျှော့မျိုးစေ့ကြောင့် သူ့ရဲ့

ရှာဖွေရေးကိရိယာက အလုပ် မလုပ်တဲ့အတွက် လင်းရှင်ကို ခဏလေးနဲ့ ရှာတွေ့သွားမှာတော့ မဟုတ်ဘူး”

မိုးကြိုး၏ကျောပေါ်တွင် စီးနေရင်း သွေးရဲရဲလေး အသံက ရုတ်တရက် ထွက်ပေါ်လာရာ

"သူတို့က ဘယ်မှာလဲ”

လင်းဟွမ်က ချက်ချင်း မေးလိုက်သည်။

“အရှေ့တောင်ဘက် ကီလိုမီတာ (၈၀၀) အကွာ”

သွေးရဲရဲလေးက နွယ်ပင်ကို ဆန့်ထုတ်ပြီး မြေပုံပေါ်တွင် အမှတ်အသားတစ်ခု ပြုလုပ်လိုက်သည်။

"မိုးကြိုး ဦးတည်တဲ့နေရာ ချက်ချင်းပြောင်း"

လင်းဟွမ်က မိုးကြိုး၏ နောက်ကျောကိုပုတ်ပြီး ပြောလိုက်သည်။ ချက်ချင်းဆိုသလို မိုးကြိုးသည် ဦးတည်ရာပြောင်းသွားပြီး အရှိန်မြှင့်၍ လင်းရှင်တို့ အဖွဲ့ရှိရာသို့ ပျံသန်းသွားသည်။

## အခန်း(၄၉၈) - မင်းက စောင့်ရှောက်သူတစ်ယောက် လိုက်ရှာနေတယ်လို့ ငါ ကြားလိုက်တယ်။

လင်းရှင်သည် လွန်ခဲ့သော တစ်နှစ်အတွင်းတွင် ကောင်းမွန်သော အိပ်စက်မှုပုံစံကို ထိန်းသိမ်းထားခဲ့သည်။ ည (၁၁) နာရီ မတိုင်ခင် အိပ်လေ့ရှိပြီး မနက် (၆) နာရီ ခွဲမတိုင်ခင် အိပ်ယာထလေ့ရှိကာ မနက် (၇) တွင် လင်းဟွမ် ပြင်ဆင်ပေးသော မနက်စာကို စားသောက်တတ်၏။

သိုင်းပညာမုဆိုးကောလိပ် ဝင်ရောက်ခဲ့သည့် အချိန်မှာလည်း ဤအမူအကျင့်ကောင်းများကို ဆက်လက် ထိန်းသိမ်းထားဆဲပင် ။

ထုံးစံအတိုင်း မနက် (၆) နာရီခွဲတွင် အိပ်ယာထပြီး မနက်စာစားကာ စာကြည့်တိုက်သို့ သွားကာ မနက်(၈) နာရီခွဲအထိ စာဖတ်ပြီးနောက် အတန်း သွားတက်နေသည်။ မနက်ခင်း အတန်းမရှိပါက နေ့လည်စာ စားချိန်အထိ စာကြည့်တိုက်မှာပင် နေလေ့ရှိသည်။ နေ့လည်စာ စားပြီးနောက် တစ်ရေးတစ်မော အိပ်ပြီး အတန်းပြန်တက်သည်။

ညနေတွင် အိမ်စာလုပ်ပြီး၍ အချိန်ရပါက သူမ အတန်းဖော်များနှင့် လက်ရည်စမ်း တိုက်ခိုက်ခြင်း သို့မဟုတ် သေနတ်မစ္စတာဂိမ်း ကစားခြင်း စသည့် အရာများကို ပြုလုပ်တတ်သည်။

အမှန်တကယ်ဆို လင်းရှင်အပြင် သိုင်းပညာမုဆိုးကောလိပ်မှ ကျောင်းသား အများစုသည် ကျန်းမာသော နေထိုင်မှု အလေ့အကျင့်များရှိပြီး သူတို့၏ အချိန်အများစုကို အကျိုးရှိစွာ စီမံခန့်ခွဲနိုင်ကြသည်။

မြူခိုးသစ်တောထဲကို ဝင်လာကြသည့် အချိန်မှာလည်း အဖွဲ့ဝင်အများစုသည် ညစာ စားပြီးနောက် ညကိုးနာရီတွင် အိပ်တတ်ကြသည်။

သူတို့ငါးယောက်သည် အလှည့်ကျ ကင်းစောင့် ကြသည်။ လင်းရှင်နှင့်အားလီတို့မှာ မိန်းကလေးများ ဖြစ်နေသောကြောင့် သူမတို့ နှစ်ယောက်အား ညသန်းခေါင်တွင် ကင်းစောင့်ခိုင်းခြင်းကို ရှောင်ရှားပြီး ပထမဦးဆုံး ကင်းအလှည့်နှင့် နောက်ဆုံး ကင်းအလှည့်ကိုသာ တာဝန် ပေးခဲ့သည်။

လင်းရှင်သည် ည (၉) နာရီမှ ည (၁၁) နာရီအထိ ကင်းစောင့်ရပြီး အားလီက မနက် (၅) နာရီမှ (၇) နာရီအထိ ကင်းစောင့်ရသည်။

အမဲလိုက်မှု ခရီးစဉ်ကို ပိုမို ထိရောက်စေရန် မနက်ခုနှစ်နာရီခွဲတွင် စတင်ထွက်ခွာရန် ဆုံးဖြတ်ခဲ့ကြသည်။ အကြောင်းမှု မြူခိုးသစ်တောထဲတွင် မနက် (၇) နာရီ ထိုးသောအခါ မြူခိုးများ လုံးဝ ရှင်းသွားသောကြောင့်ပင်။

လင်းရှင်သည် ည (၁၁) နာရီအထိ ကင်းတာဝန် ကျခဲ့သော်လည်း မနက်ခြောက်နာရီခွဲ မတိုင်ခင်

အိပ်ယာ ပြန်ထခဲ့ပြီး အိပ်ချိန် (၇) နာရီ ရရှိခဲ့သောကြောင့် သူမအတွက် လုံလောက်သည်မှာ ထင်ရှားသည်။

လင်းရှင်သည် နာရီကိုကြည့်လိုက်ရာ မနက် ခြောက်နာရီ ရှစ်မိနစ်သာ ရှိသေးသော်လည်း ဆက်အိပ်၍ မရတော့ကြောင်း သိလိုက်သည်။ ထို့ကြောင့် အိပ်ယာထဲတွင် လှဲလောင်းရင်း နှလုံးသားကွန်ရက်ကို ဖွင့်ကြည့်လိုက်သည်။ ထို့နောက် ဝင်ရောက်၍ မရကြောင်း သိသွားပြီး ထူးဆန်းသည်ဟု တွေးလိုက်မိပြီး

"ဒီတောထဲမှာ လိုင်းမိတယ်လို့ ပြောထားပါတယ်။ မနေ့ကတောင် လိုင်းကောင်းကောင်း မိသေးတာကို"

ဝဘ်ဆိုဒ် အနည်းငယ်ကို ဝင်ကြည့်ခဲ့သော်လည်း ဝင်၍မရခဲ့ပေ။

လင်းရှင်သည် ဆက်မတွေးတော့ဘဲ ဝဘ်ဆိုဒ် စာမျက်နှာများကို ပိတ်လိုက်ပြီးနောက် ထထိုင်ကာ မျက်နှာသစ်လိုက်သည်။ ထို့သို့ မျက်နှာသစ်နေရင်း လင်းဟွမ် ပြောခဲ့သည့်စကားများကို ရုတ်တရက် ပြန်သတိရသွားသည်။

"မုဆိုးတစ်ယောက်အနေနဲ့ အသေးစိတ် အချက်အလက်တွေ အားလုံး အာရုံစိုက်ရမယ် အဲ့ဒါတွေကို လျစ်လျူရှုထားရင် ကြီးမားတဲ့ အကျိုးဆက်တွေ ဖြစ်လာနိုင်တယ်"

"အင်ပါယာ နှလုံးသားလက်စွပ်က ကွန်ရက်နဲ့ ချိတ်ဆက်မှု မှားယွင်းတာမျိုး ဖြစ်နိုင်တယ် ဆိုပေမယ့် အရမ်းရှားတယ် ဒါပေမယ့် လုံးဝ မဖြစ်နိုင်တာမျိုးတော့ မဟုတ်ဘူး။ တကယ်လို့ ဖြစ်လာရင်လည်း တစ်ယောက်ယောက်က

တမင်သက်သက် လုပ်တာလားဆိုတာ စဉ်းစားဖို့ လိုလိမ့်မယ်”

လင်းရှင်သည် ဆက်သွယ်ရေး မျက်နှာပြင်ကို စစ်ဆေးပြီးနောက် ဆက်သွယ်ရေး လိုင်းများ မရှိကြောင်း သဘောပေါက်လိုက်သဖြင့် လင်းဟွမ်ထံ ဖုန်းဆက်ရန် ကြိုးစားခဲ့သော်လည်း မကြာခင်

“စိတ်မကောင်းပါဘူး။ လူကြီးမင်း၏ ဆက်သွယ်မှုမှာ ဆက်သွယ်မှု ဧရိယာပြင်ပ ရောက်ရှိနေပါသဖြင့် ဆက်သွယ်၍ မရနိုင်ပါ”

လင်းရှင်သည် အကြိမ်ကြိမ် ကြိုးစားခဲ့သော်လည်း မအောင်မြင်သဖြင့် အားလီကို ဖုန်းခေါ်ခိုင်းရန် စဉ်းစားလိုက်သည်။

"ကွန်ရက်နဲ့ ဆက်သွယ်ရေးလိုင်းတွေ ပိတ်ထားတယ်"

လင်းရှင်က တိုးတိုးလေး ရေရွတ်လိုက်သည်။ ထို့နောက် တဲကိုဖွင့်ကာ ပန်းနုရောင်အိပ်ယာဝင် ဝတ်စုံနှင့် ချက်ချင်း ပြေးထွက်သွားသည်။

အားလီသည် ထိုင်ခုံပေါ်တွင် ထိုင်နေကာ အင်ပါယာ နှလုံးသား လက်စွပ်ကို စိုက်ကြည့်နေသည်။

"အားလီ၊ နှလုံးသား ကွန်ရက်နဲ့ ချိတ်ဆက်လို့ရလား"

လင်းရှင်က သိချင်စိတ်ဖြင့် မေးလိုက်သည်။

"နိုးလာကတည်းက ချိတ်နေတာ ချိတ်လို့မရဘူး"

အားလီက ခေါင်းရမ်းလိုက်သည်။

"မင်း ဘာရှာနေတာလဲ"

အားလီက ဝတ်ဆိုဒ် စာမျက်နှာကို လင်းရှင်ဘက်သို့ ကူကယ်ရာမဲ့စွာ လှည့်ပြလိုက်သည်။

"မွန်းစတား လမ်းညွှန် - မျှော့မျိုးစေ့"

လင်းရှင်က ကျယ်လောင်စွာ ဖတ်ပြီးနောက် ပါးစပ်အုပ်ကာ ရယ်မောလိုက်သည်။

"တိုက်ပွဲ လေ့ကျင့်နေတဲ့ အချိန်မှာတောင် စာကျက်ဖို့ မမေ့ဘူး။ မင်းက တကယ့် အားလီပဲ"

"ငါလဲ အဲ့ဒီလို မလုပ်ချင်ဘူး ဒါပေမယ့် ဒီနေရာမှာက ကွန်ရက်လည်းမရဘူး၊ လုပ်စရာလဲ မရှိဘူး ဒါနဲ့ စောစောက ဒေါင်းခဲ့တဲ့ ကျောင်းသင်ရိုးစာအုပ်တွေပဲ ဖတ်စရာ ရှိတော့လို့လေ"

အားလီက မကျေမနပ် ဖြစ်နေသည်။

"အားလီ မင်းရဲ့ နှလုံးသားအင်ပါယာလက်စွပ်ကို ဆက်သွယ်ရေးလိုင်းတွေ မိ၊ မမိ စစ်ဆေးပါဦး"

လင်းရှင်က တစ်ချက် တွေးတောပြီးနောက် အားလီကို မေးလိုက်သည်။

အားလီသည် လင်းရှင်၏ တောင်းဆိုမှုက ထူးဆန်းသည်ဟု ထင်ခဲ့သော်လည်း သူမ အင်ပါယာနန်းလုံးသား လက်စွပ်၏ ဆက်သွယ်ရေး မျက်နှာပြင်ကို ဖွင့်လိုက်သည်။

"လိုင်းမမိဘူး"

"ဆရာ ဒါမှမဟုတ် တစ်ယောက်ယောက်ဆီကို ဖုန်းစမ်းခေါ် ကြည့်ပါဦး"

လင်းရှင်က တိုက်တွန်းလိုက်သဖြင့်

အားလီက ခေါင်းငြိမ့်လိုက်ပြီး လင်းရှင်ထံ ဖုန်းခေါ်လိုက်သည်။ ထို့နောက် အစောပိုင်းက လင်းရှင် ရရှိခဲ့သော အကြောင်းကြားချက်မျိုးသာ ပြန်ရခဲ့သည်။

“တောင်းပန်ပါတယ် လူကြီးမင်း၏ ဖုန်းက ဆက်သွယ်မှု ဧရိယာပြင်ပသို့ ရောက်ရှိနေပါသဖြင့် ဖုန်းခေါ်ဆို၍ မရပါ”

ထို့နောက် ဆရာချင်းထိုက်ရှင်းထံ ဖုန်းစမ်းခေါ်ကြည့်သော်လည်း ဆက်သွယ်၍ မရပေ။

"ဘာဖြစ်နေတာလဲ၊ ဘာဖြစ်လို့ ဆက်သွယ်ရေး လိုင်းတွေ ပြတ်တောက်နေတာလဲ"

အားလီ မျက်မှောင် ကြုတ်သွားသည်။

"ငါတို့ရဲ့ အကဲဖြတ်မှုက တစ်ခုခု ဖြစ်နေပြီလို့ ငါတော့ သံသယ ရှိနေတယ်"

လင်းရှင်က တိုးတိုးလေး ပြောလိုက်သည်။

"ဆက်သွယ်ရေးနဲ့ နှလုံးသား ကွန်ရက်ကို ပိတ်ချထားတယ်။ တစ်ယောက်ယောက်က ရည်ရွယ်ချက်ရှိရှိ လုပ်ခဲ့တဲ့ပုံပဲ"

“ဘယ်လို ဖြစ်နိုင်မှာလဲ။ သိုင်းပညာ မုဆိုးကောလိပ်ကို ဘယ်သူက စော်ကားရဲမှာလဲ”

အားလီက မယုံနိုင် ဖြစ်နေသဖြင့်

“ငါ့ကို ယုံစမ်းပါ။ ငါက ငါ့အစ်ကိုနဲ့ တောကန္တာရထဲကို အကြိမ်ပေါင်းများစွာ ရောက်ဖူးတယ်။ တောရိုင်းဇုံတွေထဲမှာ သတိထားရမယ့် အချက်တချို့ကိုလည်း ပြောပြခဲ့တယ်။ အခုလက်ရှိက ဆက်သွယ်ရေး ကွန်ရက်နဲ့ အချက်ပြမှု လိုင်းတွေ ပိတ်ထားတယ်ဆိုတော့ အန္တရာယ် ရှိနေပြီ။

မြေအောက် အဖွဲ့အစည်းတွေက နေရာတစ်ခုမှာ တိုက်ခိုက်တော့မယ်ဆိုရင် သူတို့ ပစ်မှတ်ထားတဲ့ ဒေသရဲ့ ကွန်ရက်နဲ့ ဆက်သွယ်မှုတွေကို ပိတ်ဆို့လေ့ရှိတယ်လို့ ငါ့အစ်ကိုက ပြောဖူးတယ်။ နောက်ပြီးတော့ နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းတွေကိုလဲ ပိတ်ဆို့ထားတတ်တယ်။ အခုတော့ ငါတို့ကြုံတွေ့နေရပြီလို့ ထင်တာပဲ”

လင်းရှင်က လေးလံသော အမူအရာဖြင့် ရှင်းပြလိုက်သည်။

"ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလက ဒီတ္ထိတွေ မုဆိုးအကဲဖြတ်မှု စာမေးပွဲကို တိုက်ခိုက်ခဲ့တဲ့ အချိန်တုန်းကလဲ ဒီလို ပြဿနာကြီးတစ်ခု ကြုံခဲ့ဖူးတယ်။ အဲ့ဒီလူတွေက မုဆိုးအကဲဖြတ်မှုကိုတောင် တိုက်ခိုက်ဖို့ သတ္တိရှိနေရင် သိုင်းပညာ မုဆိုးကောလိပ်လောက်ကို ဘာဖြစ်လို့ မလုပ်ရဲမှာလဲ"

လင်းရှင်က အားလီကို စိတ်အားထက်သန်သော အမူအရာနှင့် စိုက်ကြည့်ပြီး ပြောလိုက်သည်။

အားလီသည် ခေတ္တမျှ တွေဝေနေခဲ့သော်လည်း နောက်ဆုံးတွင် လက်ခံ၍ ခေါင်းငြိမ့်လိုက်သည်။

"ဘာဖြစ်ပျက်နေလဲ ဆိုတာ တိတိကျကျ အတည်မပြုနိုင်သေးဘူး။ ကျန်တဲ့လူတွေကို အရင်နိုးပြီး ဆွေးနွေးရအောင်"

မကြာခင် ကောင်လေး သုံးယောက်ကို နိုးလိုက်ပြီးနောက် လင်းရှင်က သူ့မတဲထဲတွင် အဝတ်အစား ပြောင်းဝတ်လိုက်သည်။

ထို့နောက် သူတို့ငါးယောက် အတူတူထိုင်ကြပြီး လင်းရှင်က အားလီကို ပြောခဲ့သည့်

အကြောင်းအရာများကို ပြန်ပြောလိုက်သည်။ ကောင်လေးများက သူတို့၏ ဆက်သွယ်ရေး လိုင်းများကို စမ်းကြည့်ပြီးနောက် မျက်မှောင် ကြုတ်သွားသည်။

“မနက် လေးနာရီခွဲ ကတည်းက ကွန်ရက် ချိတ်ဆက်မှု ပြတ်တောက်သွားတယ်။ ဒါကိုတော့ ငါသိတယ်။ ဒါပေမယ့် ခဏလောက်ပဲ ကြာမယ်လို့ ထင်နေခဲ့တာ”

မနက် သုံးနာရီမှ မနက်ငါးနာရီအထိ ကင်းစောင့်ရန် တာဝန်ကျသော ချူပက ပြောလိုက်သည်။

"အခုဆိုရင် နှစ်နာရီကြီးတောင် သွားပြီ။ တစ်ခုခုတော့ မှားနေပြီ"

"ငါ့အစ်ကလည်း လင်းရှယ် ပြောခဲ့တဲ့ စကားနဲ့ အတူတူပဲ ပြောခဲ့ဖူးတယ်။ တောရိုင်းဇုန်ထဲမှာ ဆက်သွယ်ရေးနဲ့ ကွန်ရက်အချက်ပြမှု ပိတ်ဆို့သွားရင် သတိထားရမယ်။ ငါတို့ကံကောင်းရင် အချက်ပြမှု ယာယီရပ်တန့်တာပဲ ဖြစ်လိမ့်မယ်။ ကံဆိုးရင်တော့

မြေအောက်အဖွဲ့အစည်းက ငါတို့ကို တိုက်ခိုက်တော့မယ်လို့ ထင်တာပဲ”

နန်ကုံချန်က ကျန်သည့် အဖွဲ့ဝင်များကို စိုက်ကြည့်ပြီး ပြောလိုက်ရာ

ကျန်သည့်လူများသည် နန်ကုံချန်၏စကားကို ကြားပြီးနောက် မျက်နှာ ညှိုးကျသွားသည်။

“ငါတို့ ပစ္စည်းတွေသိမ်းပြီး ဒီနေရာကနေ အမြန်ဆုံး ထွက်သွားရမယ်။ ချူပရဲ့ စကားအရဆို အချက်ပြမှု ပိတ်သွားတာ နှစ်နာရီလောက် ရှိနေပြီ။ မြေအောက် အဖွဲ့အစည်းက ငါတို့ကို

တိုက်ခိုက်နေတယ် ဆိုရင် တိုက်ခိုက်မှုက နှစ်နာရီကြာနေပြီလို့ ဆိုလိုတာပဲ။ သူတို့က ငါတို့ကို အချိန်မရွေး ရှာတွေ့နိုင်တယ်”

ယောင်ဟောင်က ချက်ချင်း အဆိုပြုလိုက်သည်။

“ဒါပေမယ့် သူတို့ဘက်မှာ လူဘယ်နှစ်ယောက်ရှိသလဲဆိုတာ ငါတို မသိဘူး။ သူတို့က ဘယ်မှာလဲဆိုတာလည်း ငါတို့မသိတော့ ဘယ်ကို သွားကြမှာလဲ”

အားလီက မေးလိုက်သည်။

"အဲ့ဒီအတွက် စိတ်ပူစရာ မလိုဘူး။ ကာကွယ်သူကို ရှာရအောင်။ ကာကွယ်သူက ဘာဖြစ်နေလဲဆိုတာ သိသွားရင် ငါတို့တွေ ဒီနေရာကထွက်နိုင်ဖို့ နည်းလမ်းကို ကူပြီးတွေးပေးမှာပဲ"

ကျောင်းသားများသည် ကာကွယ်သူ အကြောင်း သိထားကြသည်။ ကာကွယ်သူထံမှ အကူအညီ တောင်းပါက အဖွဲ့၏ရမှတ်များကို နှုတ်ယူလိမ့်မည်။ ထို့ကြောင့် သူတို့ထဲမှာ လူတစ်ယောက်ကသာ အန္တရာယ်နှင့် ကြုံခဲ့ပါက အမှတ်တစ်ရာ နှုတ်ယူ

ခံရမည်။ အကယ်၍ ငါးယောက်လုံး အန္တရာယ်နှင့် ကြုံရပါက အမှတ်ငါးရာ နှုတ်ယူခံရမည်။ ထိုအချက်ကို အခြေခံ၍ ကျောင်းသားများသည် ကာကွယ်သူများကို လျစ်လျူရှုထားကြသည်။

ယခုမူ ယောင်ဟောင်က သတိပေးလာသဖြင့် လင်းရှင်နှင့် ကျန်သည့်လူများသည် ကာကွယ်သူထံမှ အကူအညီတောင်းရန် စဉ်းစားလာကြသည်။

"မင်းတို့က ကာကွယ်သူ ရှာနေတယ်လို့ ငါ ကြားတယ်"

ထိုစဉ် အမျိုးသမီး တစ်ယောက်၏အသံက ရုတ်တရက် ထွက်ပေါ်လာပြီး သစ်ပင်တစ်ပင်၏ နောက်ကွယ်မှ သွယ်လျ၍လှပသော ရုပ်ပုံစံ ထွက်ပေါ်လာသည်။

## အခန်း(၄၉၉) - လင်းရှင်၏ လျှို့ဝှက်ချက်။

"မင်းတို့က ကာကွယ်သူ ရှာနေတယ်လို့ ငါ ကြားတယ်"

အမျိုးသမီးတစ်ယောက် သစ်ပင်နောက်မှ လှပစွာ လမ်းလျှောက်ထွက်လာသည်။

သူမသည် အဖြူရောင် ခါးတိုအင်္ကျီကို ဝတ်ဆင်ထားပြီး ရင်ဘတ်ကို ဟထားသောကြောင့် သူမ၏ ရင်ဘတ်အောက်ပိုင်းကိုပင် မြင်တွေ့

နေရသည်။ သူမ၏ ရင်ဘတ်သည် အလွန်ကြီးမားပြီး ပွေ့ဖက်ချင်စရာ ကောင်းလှ၏။ အနက်ရောင် သားရေစကတ်ကို ဝတ်ဆင်ထားပြီး (၁.၃) မီတာခန့် ရှည်သော ခြေတံရှည်များက အလင်းရောင် မှိန်မှိန်အောက်တွင် ပေါ်နေသည်။

သူမက ရုတ်တရုတ် ထွက်ပေါ်လာသဖြင့် လင်းရှင်နှင့် ကျန်သည့်လူများ အံ့အားသွားကြပြီး သူမ၏ ရင်ဘတ်အဟာကို ကြက်သွေးရောင် မျက်လုံးများနှင့် စိုက်ကြည့်နေကြသည်။

မကြာခင် သူတို့ ငါးယောက်လုံးသည် သူမ လည်ပင်း၏ ဘယ်ဘက်ခြမ်းပေါ်မှ ဒိတ္ထိ သင်္ကေတကို သတိထားလိုက်မိပြီး ချက်ချင်း အသင့်ပြင်လိုက်ကြသည်။

အမျိုးသမီးသည် တိုးတိုးလေး ရယ်မောလိုက်ပြီး သူမ၏ ညာဘက်လက်ပေါ်တွင် သွေးစွန်းနေသော အမျိုးသားတစ်ယောက်၏ ဦးခေါင်းက ရုတ်တရက် ပေါ်လာသည်။

"မင်းတို့က သူ့ကို လိုက်ရှာနေတယ်လို့ ထင်တယ်"

သူမ လက်ထဲရှိခေါင်းမှာ သွေးများ စိုရွှဲနေသောကြောင့် မည်သူမည်ဝါ ဖြစ်ကြောင်း မဖော်ထုတ်နိုင်သော်လည်း သူတို့၏ နောက်ကျောတွင် ချွေးများ စိုရွှဲလာသည်။

"မင်းတို့တွေ ရှင်းရှင်းလင်းလင်း မမြင်ရဘူးထင်တယ်၊ ဒါဆိုလည်း မင်းတို့ကို ပိုပြီး အနီးကပ် ပြပေးမယ်။"

ထိုအမျိုးသမီးက စပ်ဖြဲဖြဲ ပြုံးပြီး ရှေ့တိုးလာသည်။

သူမ ခြေလှမ်း တစ်လှမ်းတိုင်းက ကျောင်းသား ငါးယောက်၏ နှလုံးပေါ် ဖြတ်လျှောက် သွားသည့်အလား ကျောင်းသားများ၏ နှလုံးခုန်သံများသည် မြန်ဆန်လာသည်။ ကျောင်းသားများသည် အကြောက်လွန်နေပြီး ခန္ဓာကိုယ် တောင့်တင်းကာ မပြေးနိုင် ဖြစ်နေကြသည်။

ထိုအချိန်တွင် နန်ကုံချန်က ရုတ်တရက် ထအော်လိုက်သဖြင့် လှုပ်ရှားနိုင်စွမ်း ပြန်လည် ရရှိလာသည်။ ထို့နောက် သူက ကြေးအဆင့်ဓါးကို

ကိုင်ပြီး သားရေစကတ်ဂတ်ထားသော အမျိုးသမီးကို ပြေးထိုးသည်။

"မြန်မြန် ပြေး။ လမ်းကြောင်းလေးခု ခွဲပြေး"

သားရေစကတ် ဝတ်ထားသော အမျိုးသမီးက တခစ်ခစ် ရယ်မောလိုက်ပြီး နန်ကုံချန်ကို တားရန် စိတ်မဝင်စားပေ။ သူမက တိုက်ခိုက်မှုကို ရှောင်တိမ်းခြင်းပင် မရှိချေ။

အနက်ရောင် ကံကြမ္မာစွမ်းအားများ ဝန်းရံထားသော ကြေးအဆင့်ဓါးသည် သူမဗိုက်ထဲကို

ချက်ချင်း ထိုးဖောက် ဝင်ရောက်သွားသော်လည်း သွေးမထွက်လာပေ။

သားရေစကတ် ဝတ်ထားသော အမျိုးသမီး၏ ခါးတွင် ဒဏ်ရာမရသလို သဲလွန်စလည်း မကျန်ခဲ့ပေ။ သို့သော်လည်း နန်ကုံချန်၏ ကြေးအဆင့်ဓါးမှာမူ အပိုင်းပိုင်း ကျိုးကြေသွားသည်။

နန်ကုံချန် မျက်နှာပျက်သွားပြီး သားရေစကတ် ဝတ်ထားသော အမျိုးသမီးကို မော့ကြည့်လိုက်ပြီး

"မင်းက သာလွန်အဆင့်ပဲ"

"အိုး.......အခုမှ မင်းသိတာလား။ မင်းရဲ့ လေ့လောအကဲခတ်တဲ့ စွမ်းရည်ကို တိုးတက်အောင် လုပ်ရအုံးမှာပဲ"

သားရေ စကတ်ဝတ်ထားသော အမျိုးသမီးက လေထဲသို့ ခြေလှမ်း အနည်းငယ် လှမ်းတက်လိုက်သည်။

"ဒီနေရာမှာ ဒေါက်မြင့်ဖိနပ် စီးရတာ အဆင်မပြေလို့ လေထဲမှာပဲ လမ်းလျှောက်နေတာတောင် ကြာနေပြီ"

လင်းရှင်နှင့် ကျန်သည့်လူများသည် သူမက မြေပြင်ကို လုံးဝ မနင်းကြောင်း သိလိုက်ရသည်။ သူမက မြေပြင်နှင့် ဆယ်စင်တီမီတာအကွာတွင် အမြဲတမ်း ရှိနေခဲ့သော်လည်း မြက်ခင်းများ ဖုံးလွှမ်းနေသောကြောင့် လင်းရှင်နှင့် ကျန်သည့် လူများက သတိမထားမိခဲ့ကြပေ။

သူတို့ ငါးယောက်လုံး စိတ်အားငယ်သွားသည်။ သာလွန်အဆင့်နှင့် ရင်ဆိုင်ရပါက ထွက်ပြေး လွတ်မြောက်ရန် မဖြစ်နိုင်ပေ။ သူတို့၏ရန်သူက ပျံသန်းနိုင်သည်။ မည်မျှပင် လျင်မြန်အောင်

ထွက်ပြေးစေကာမူ သူတို့၏ ကြိုးစားမှုက အသုံးမဝင်ချေ။

"ငါတို့တွေ ထွက်ပြေး လွတ်မြောက်ဖို့ မဖြစ်နိုင်တော့ဘူး။ တိုက်ခိုက်ရအောင်"

လင်းရှင်က အသံနက်ကြီးဖြင့် ရုတ်တရက် ထအော်လိုက်သည်။ တစ်ချိန်တည်းမှာပင် သူမက မီးခိုးရောင် (၁၇) သေနတ်ထဲမှ ကျည်ဆံများကို သံချပ်ကာခွဲ ကျည်ဆန်များနှင့် ပြောင်းလိုက်ပြီး ပထမဦးဆုံး တိုက်ခိုက်လိုက်သည်။

သံချပ်ကာခွဲ ကျည်ဆန်များသည် သေနတ်ပြောင်းဝမှ ထွက်လာပြီး သူမဦးခေါင်းထံ ဆက်တိုက် တိုးဝင်သွားသည်။

လင်းရှင် တိုက်ခိုက်လိုက်သည်နှင့် အားလီနှင့် ကောင်လေး နှစ်ယောက်ကလည်း သူတို့၏ လက်နက်များကို ဆွဲကိုင်ပြီး သူမထံ ပြေးဝင်သွားသည်။

သို့သော် သူတို့သုံးယောက်က သူမအနီးသို့ မရောက်ခင် လင်းရှင် ပစ်ခတ်လိုက်သော ကျည်ဆန်များ၏ ပေါက်ကွဲသံကို ကြားလိုက်ရသည်။

ထိုအမျိုးသမီးက တိုက်ခိုက်မှုများကို ရှောင်ရန် လုံးဝ မကြိုးစားခဲ့သဖြင့် ကျည်ဆန်များ ထိမှန်သွားသော်လည်း မျက်တောင်ပင် မခတ်ချေ။ ပေါက်ကွဲမှု အပြီးတွင် သူမ၏မျက်နှာပေါ်မှ မျက်တောင်တစ်စပင် လွင့်ထွက်သွားခြင်း မရှိခဲ့ချေ။

"ဟော့ ကောင်မလေး၊ သာလွန်အဆင့်ကို ခုတ်ကြွင်းတွေက လွဲရင် ဘယ်သေနတ်ကမှ ထိခိုက်အောင် မလုပ်နိုင်ဘူးဆိုတာ မင်း မသိဘူးလား။"

ထိုအမျိုးသမီးက လင်းရှင်ကို ကြည့်ပြီး တခစ်ခစ်ရယ် မောလိုက်သည်။

ချက်ခြင်း ဆိုသလို သူတို့ သုံးယောက်သည် သူမထံပြေးဝင်သွားပြီး အမျိုးသမီး၏ ခန္ဓာကိုယ်ကို ဒဏ်ရာရအောင် တိုက်ခိုက်ကြသည်။

အားလီသည် သူမ၏ ကြေးအဆင့်ဓာတ်ကွင်းက မာကျောသော စိန်တုံးကြီးအား ခုတ်ရသလို ခံစားခဲ့ရပြီး ထိခိုက်ခြင်း မရှိခဲ့ချေ။ ခဏအကြာ သူတို့၏ ဓားရှည်သုံးချောင်းလုံး အပိုင်းပိုင်း ကျိုးကြေသွား၏။

သူတို့ငါးယောက်နှင့် သူမကြားတွင် ကွာဟချက်ကြီးမားလွန်းသောကြောင့် ကျောင်းသားငါးယောက်သည် ထိုနေရာမှာပင် မျှော်လင့်ချက်မဲ့စွာ မတ်တပ်ရပ် နေကြသည်။ သူတို့အတွက်မူ ပြိုင်ဘက်က မကျော်ဖြတ်နိုင်သော တောင်ကြီးတစ်လုံးကဲ့သို့ပင် ။

"ဒီလောက်ဆို လုံလောက်သင့်ပြီ ငါ့နောက်လိုက်ခဲ့တော့"

အမျိုးသမီးက ပြုံးပြီး လက်ဝှေ့ယမ်းလိုက်သည်။ ထိုခဏမှာပင် အားလီ၊ နန်ကုံချန်နှင့် အခြားနှစ်ယောက် ပျောက်ကွယ်သွားသည်။

"မင်း သူတို့ကို ဘာလုပ်လိုက်တာလဲ"

လင်းရှင်က ထိုအမျိုးသမီးကို စူးစူးဝါးဝါး စိုက်ကြည့်နေပြီး သူမ သတိကိုလုံးဝ မလျော့ချရဲပေ။ လင်းရှင်သည် အားလီနှင့် ကျန်သည့်လူများ ရုတ်တရက် ပျောက်ကွယ်သွားသဖြင့် ကြောက်လန့်နေသည်။

"အမ်၊ အံ့ဩစရာပဲ။ မင်းကို အမှောင်ထု စက်လုံးထဲ ထည့်သိမ်းလို့ မရဘူး"

အမျိုးသမီးက လင်းရှင်ကို စိတ်ဝင်စားစွာ စိုက်ကြည့်လိုက်သည်။

"သဘောတရားအရဆို၊ မှောင်ထုစက်လုံးကို ငါ့ရဲ့တိုက်ခိုက်ရေး အစွမ်းနဲ့ အသက်သွင်းမယ်ဆိုရင် သာလွန်အဆင့်ထက် အားနည်းတဲ့လူသားပဲ ဖြစ်ဖြစ် မွန်းစတားပဲ ဖြစ်ဖြစ် ဝင်သွားရမှာ။ မင်းက သံအဆင့်တောင် မရောက်သေးဘူးဆိုတာ

သေချာတယ်။ ဒါပေမယ့် စက်လုံးထဲမှာ သိမ်းထားလို့ မရဘူး။ ကောင်မလေး ပြောစမ်း၊ နင် ဘယ်သူလဲ"

"မင်း ဘာတွေပြောနေတာလဲ ငါ မသိဘူး"

လင်းရှင်သည် သူမ အနားသို့ ချဉ်းကပ်လာသည်ကို မြင်လျှင် ခြေလှမ်းအနည်းငယ် နောက်ဆုတ်သွားပြီး မကြာခင် နောက်ကျောက သစ်ပင်ကြီးတစ်ပင်နှင့် ကပ်သွားသည်။

"ငါ့အနားကို မလာနဲ့"

လင်းရှင်းသည် စိုးရိမ်နေပြီး သေနတ်အနည်းငယ် ပစ်ခတ်လိုက်သည်။ သို့သော်လည်း ရှေ့ဆက် တိုးလာနေသော ထိုအမျိုးသမီးကို တားဆီးနိုင်ခြင်း မရှိခဲ့ပေ။

" ကောင်မလေး၊ မင်းသေနတ်က ငါ့ အတွက်တော့ ကလေးကစားတဲ့ အရုပ်လေးလိုပဲ"

ထိုမိန်းမက ပြုံးပြီး လင်းရှင်းအနား တိုးကပ် လာသည်။ နောက်ဆုံးတွင် သူမသည် လင်းရှင်းထံ ဖြည်းညှင်းစွာ လျှောက်လာပြီး လင်းရှင်လက်ထဲတွင် ကိုင်ထားသော မီးခိုးရောင် လင်းယုန် (၁၇)

သေနတ်ကို သူမလက်နှင့် ချေမွလိုက်သည်။ ထို့နောက် လင်းရှင်မျက်နှာကို သတိကြီးကြီးထားပြီး ထိကြည့်လိုက်ကာ

"မင်းကို ကြည့်ရတာ သံအဆင့်တောင် မရောက်သေးတဲ့ သာမန် လူတစ်ယောက်လိုပဲ။ ဒါပေမယ့် မင်းရဲ့ခန္ဓာကိုယ်ထဲမှာ လျှို့ဝှက်ထားတဲ့ အရာ တစ်ခုခုတော့ ရှိရမယ်။ မင်းမသိလည်း အဆင်ပြေတယ်။ ငါခေါ်သွားပြီး အဖြေသိရအောင် မင်းရဲ့ခန္ဓာကိုယ်ကို ခွဲစိတ်ကြည့်မယ်"

သူမက စကားပြောပြီးသည်နှင့် လင်းရှင်၏ နဖူးကိုလက်ညှိုးနှင့် ထိလိုက်ရာ လင်းရှင် မေ့လဲသွားသည်။

သူမက လက်ကိုဆန့်တန်းပြီး လင်းရှင်ကို ကောက်ချီရန် လုပ်လိုက်သည်။ သို့သော် လင်းရှင်၏ ခန္ဓာကိုယ်ကို ထိလိုက်သည်နှင့် လက်ကို ချက်ချင်း ပြန်ရုတ် လိုက်သည်။ ပြင်းထန်သော လျှပ်စစ်ရှော့ကြောင့် အသက်ပါ ဆုံးရှုံးသွားနိုင်သလို ခံစားလိုက်ရသောကြောင့်ပင်။

အမျိုးသမီးသည် ခေါင်းငုံ့ပြီး လင်းရှင်၏ ခန္ဓာကိုယ်ကို ထိခဲ့သော ညာလက်ကို ကြည့်လိုက်သည်။ သူမ၏ လက်ချောင်းထိပ်ပေါ်တွင် အနက်ရောင် အစက်အပြောက်များ စတင်ပျံ့နှံ့နေကြောင်း မြင်လိုက်ရသည်။

မျက်စိ တစ်မှိတ်အတွင်းမှာပင် သူမ၏ ညာဖက်လက်ဖဝါးသည် မီးလောင် ကျွမ်းသလို မည်းနက်သွားကာ ပုပ်စော်နံလာပြီး ဆက်လက် ပြန့်နှံ့နေဆဲပင်။

အမျိုးသမီးသည် သူမလက်ထဲမှ ချွန်ထက်သော ဓားနှင့် ညာဘက်လက်မောင်းကို ခုတ်ဖြတ်လိုက်သည်။

ညာဘက် လက်မောင်းသည် မြေပေါ် ပြုတ်ကျသွားပြီး လျင်မြန်စွာ အမည်းရောင် ပြောင်းသွားသည်။ သူမသည် ထိုဒဏ်ရာကြောင့် မထိခိုက် နိုင်ပေ။ ထို့နောက် ခေါင်းမော့ပြီး လင်းရှင်းကို ကြောက်ရွံ့စွာ ကြည့်လိုက်ပြီး

"မင်း ဘယ်သူလဲ"

မေ့လဲနေသော လင်းရှင်သည် ကောင်းကင်သို့ ဖြည်းဖြည်းချင်း ပျံတက်သွားသည်။ သူမ၏ အနက်ရောင် ဆံပင်များသည် ခါးအထိရောက်အောင် လျှင်မြန်စွာ ရှည်ထွက်လာပြီး ခရမ်းရောင် ပြောင်းသွားသည်။

လင်းရှင် မျက်လုံးက ရုတ်တရုတ် ပွင့်လာပြီး မူလက အမည်းရောင်ရှိနေသော သူမ မျက်လုံးတစ်စုံသည် ယခုအခါ ရွှေရောင် ပြောင်းသွားသည်။

ထိုအမျိုးသမီး၏စကားကို ကြားလျှင် လင်းရှင်က ခနဲ့တဲ့တဲ့ ပြုံးလိုက်ပြီး

"မင်းအဖြေကို သိချင်တယ်ဆို ငါက မင်း ရှာနေတဲ့အဖြေပဲ."

ခရမ်းရောင်ဆံပင် ဖြစ်နေသော လင်းရှင်၏ စကားကို ကြားလိုက်လျှင် ထိုအမျိုးသမီးသည် သေလုနီးပါး ကြောက်လန့်သွားပြီး ချက်ချင်း နောက်လှည့်ပြေးသည်။ ခရမ်း ရောင်ဆံပင်နှင့် ကောင်မလေး လက်ထဲမှ အတတ်နိုင်ဆုံး၊ အမြန်ဆုံး လွတ်မြောက်ချင်သော်လည်း

"ဒီလိုလုပ်လည်း အသုံးမဝင်ဘူး။ မင်းဘယ်ကိုပဲ သွားသွား၊ ကျောက်စရစ် ကမ္ဘာထဲမှာ ရှိနေသရွေ့ မင်းကိုသတ်ဖို့ စကားတစ်ခွန်းပဲ လိုတယ်"

လင်းရှင်က တိုးတိုးလေး ပြောလိုက်သည်။ သူမ၏ခရမ်းရောင် ဆံပင်များသည် လေတိုက်ခြင်းမရှိဘဲ လှုပ်ရှားသွားကာ သူမ၏ အသံက ရှင်းရှင်းလင်းလင်း ထွက်ပေါ်လာသည်။

"သေစမ်း"

သူမ၏ နှုတ်ဖျားမှ ထိုစကားသံ ထွက်ပေါ်လာသည်နှင့် တပြိုင်နက် ထွက်ပြေးရန်

ကြိုးစားနေသော သားရေစကတ် ဝတ်ထားသည့် အမျိုးသမီးမှာ အရုပ်ကြိုးပြတ်ဖြစ်၍ မြေကြီးပေါ်သို့ ဖုတ်ခနဲ ပြုတ်ကျသွားသည်။

လင်းရှင်က သူမလက်ကို ဆန့်လိုက်ရာ သားရေစကတ် ဝတ်ထားသော အမျိုးသမီး၏ အမှောင်ထု စက်လုံးနှင့် အင်ပါယာ နှလုံးသား လက်စွပ်သည် သူမ၏လက်ဖဝါးထဲသို့ အလိုလို ရောက်လာသည်။

ခရမ်းရောင်ဆံပင် ရှိနေသော လင်းရှင်သည် ထိုပစ္စည်းနှစ်ခုကို ဖမ်းယူပြီးနောက် ရုတ်တရက်

ခေါင်းလှည့်ကာ အခြားတစ်ဘက်သို့ လှည့်ကြည့်လိုက်သည်။

သစ်ပင် အခက်များအကြားတွင် ဖြူဖွေးတောက်ပနေသော အလင်းရောင်တစ်ခုကို မြင်လိုက်ရသည်။

"မေ့လိုက်တော့"

ခရမ်းရောင်ဆံပင်နှင့် လင်းရှင်၏ မျက်လုံးများသည် ရီဝေဝေ ဖြစ်လာသည်။

လင်းပျှမ်းနှင့် သွေးရဲရဲလေးတို့သည် မျှော့မျိုးစေ့များမှ တဆင့် မယုံနိုင်စရာကောင်းသော မြင်ကွင်းကို မြင်လိုက်ရသဖြင့် ထိတ်လန့်သွားကြသည်။

"မေ့လိုက်တော့"

ဟူသော စကားလုံးကို ကြားလိုက်ရသည်နှင့် တပြိုင်နက် တုန်လှုပ်သွားကြသည်။

လင်းရှင်၏ ခန္ဓာကိုယ်သည် မြေပြင်ပေါ်သို့ ဖြည်းဖြည်းချင်း ကျဆင်းလာပြီး သူမ၏ ရှည်လျားသော ခရမ်းရောင်ဆံပင်များသည်

ဖြည်းဖြည်းချင်း အနက်ရောင်ပြောင်းလာသည်။ သူမ၏ မျက်လုံးတစ်စုံသည်လည်း မူလအရောင်သို့ ပြန်လည်ရောက်ရှိသွားသည်။ မကြာခင် လင်းရှင်သည် ထော့နဲ့ထော့နဲ့နှင့် သစ်ပင်တစ်ပင်ကို မှီချပြီး သတိလစ်သွားသည်။

## အခန်း(၅၀၀) - ဒီမှတ်ချက်ကို ငါ ငြင်းတယ်။

မိုးကြိုးသိမ်းဌက်သည် လင်းရှင် မေ့လဲသွားသည့် နေရာအနီးတွင် ဆင်းသက်လိုက်သည်နှင့် လင်းဟွမ်က မိုးကြိုးသိမ်းဌက် နောက်ကျောပေါ်မှ ခုန်ဆင်းသွားသည်။

အနီးအနားတစ်ဝိုက်ကို အကဲခတ်လိုက်ရာ ကျည်ခွံများနှင့် သေနတ် အပျက်အစီး အပိုင်းအစများမှ လွဲ၍ တိုက်ပွဲဖြစ်ထားသည့် သဲလွန်စများကို မတွေ့ရပေ။

ထို့နောက် လင်းရှင်ထံ လျှောက်သွားသည်။

လင်းရှင်ဘေးနားတွင် သေနတ် အပိုင်းအစများ ရှိနေပြီး သူမကမူ ထိခိုက်ဒဏ်ရာ ရထားသည့် ပုံမရှိပေ။

"ရှင်အာ....၊ ရှင်အာ...."

လင်းဟွမ်သည် လင်းရှင် နာမည်ကို နှစ်ကြိမ်တိုင်တိုင် အော်ခေါ်သော်လည်း နိုး မလာပေ။ ထို့နောက် လင်းရှင်ကို ပခုံးမှကိုင်၍ ခန္ဓာကိုယ်ထဲသို့ ကံကြမ္မာစွမ်းအား ထည့်သွင်းကာ သေသေချာချာ စစ်ဆေးကြည့်လိုက်သည်။

ခဏအကြာ လင်းရှင် ဦးနှောက်ထဲတွင် ကျန်ရှိနေသော လက်ကျန် ကံကြမ္မာစွမ်းအားများကို ခံစားလိုက်ရသည်။ ထို့နောက် သူမဦးနှောက်ထဲမှ လက်ကျန် ကံကြမ္မာ စွမ်းအားများကို ဖယ်ရှားရန်အတွက် သူ့ကံကြမ္မာ စွမ်းအားကို ချက်ချင်း အသက်သွင်းလိုက်သည်။

ခဏအကြာ လင်းရှင် ပြန်သတိရလာကာ

"အစ်ကို"

လင်းရှင်သည် မျက်လုံး ပွင့်လာသည်နှင့် လင်းဟွမ်ကို ပထမဦးဆုံး မြင်လိုက်ရသဖြင့်

အံ့အားသင့်သွားသည်။ ထို့နောက် လှည့်ပတ်၍ ကြည့်လိုက်သည်။

"အဲဒီ မိန်းမရော ဘယ်မှာလဲ"

"မင်းကို တိုက်ခိုက်တဲ့ မိန်းမအကြောင်း ပြောနေတာလား"

လင်းဟွမ်က မေးလိုက်သည်။

"ငါ ရောက်လာတော့ သူမ ထွက်သွားပြီ"

"အားလီနဲ့ ကျန်တဲ့လူတွေ..."

လင်းရှင်က အားလီနှင့် ကျန်သည့်သူတွေ ဘယ်ရောက်နေလဲဟု မေးရန် လုပ်လိုက်စဉ် လင်းဟွမ်က သူမ၏ ညာဖက်လက်ကို စိုက်ကြည့်နေကြောင်း သိလိုက်ရသည်။ ထို့နောက် သူမလက်ထဲတွင် ပစ္စည်းနှစ်ခု ကိုင်ဆောင်ထားကြောင်း တွေ့လိုက်ရသည်။

"ဒီအင်ပါယာ နှလုံးသားလက်စွပ်က ဘယ်သူ့ဟာလဲ။ ဘာလို့ ဒီရောက်နေတာလဲ။ စက်လုံးကရော ဘာအတွက်လဲ"

လင်းဟွမ်သည် လက်ကို ဆန့်ထုတ်ပြီး စက်လုံးကိုကောက်ကိုင်ကာ ကံကြမ္မာ စွမ်းအား ထည့်သွင်းလိုက်သည်။

လင်းရှင်၏ အသင်းဖော်လေးဦးသည် ထိုစက်လုံးထဲတွင် ရှိနေကြောင်း တွေ့လိုက်ရသဖြင့် သွေးရဲရဲလေးထံ ပစ်ပေးလိုက်သည်။

"ဒါက မင်းရဲ့အဖော်တွေကို ဖမ်းထားတဲ့ အဲ့ဒီအမျိုးသမီးရဲ့ အမှောင်ထုစက်လုံးပဲ။ မင်းရဲ့ အသင်းဖော်တွေ အားလုံးက ဒီထဲမှာ လုံလုံခြုံခြုံ ရှိနေတယ်"

လင်းဟွမ်က ရှင်းပြပြီးနောက် လင်းရှင်ကို လေးနက်သော အမူအရာနှင့် ကြည့်ပြီး

"ရှင်အာ တစ်ခုခု မှတ်မိသေးလား"

"သားရေစကတ် ဝတ်ထားတဲ့ အမျိုးသမီးက ရုတ်တရက် ပေါ်လာပြီး ကာကွယ်သူကို သတ်ပစ်လိုက်တာ မှတ်မိတယ်။ အားလီနဲ့ ကျန်တဲ့လူတွေကိုတော့ ဖမ်းခဲ့တယ်။ ဒါပေမယ့် ငါတော့မပါဘူး။ ငါ့ခန္ဓာကိုယ်က ထူးခြားတယ်လို့ ပြောပြီး ငါ့ခန္ဓာကိုယ်ကို ခွဲစိတ်ချင်နေတယ်။ ငါ့နဖူးကို လက်ညှိုးနဲ့တို့ပြီးတဲ့ နောက်ပိုင်းမှာ

ဘာဖြစ်သွားလဲ မမှတ်မိတော့ဘူး။ ငါ ပြန်နိုးတော့ အစ်ကိုက ဒီရောက်နေပြီ"

လင်းရှင်သည် စကားပြောပြီးသောအခါ ကျိုးကြေနေသော သေနတ် အပိုင်းအစများကို သူ့မဘေးတွင် တွေ့လိုက်ရသည်။ ထို့နောက် ချက်ချင်း

"အစ်ကို၊ အဲဒီမိန်းမက မင်းငါ့ကိုပေးခဲ့တဲ့ မီးခိုးရောင် လင်းယုန် (၁၇) သေနတ်ကို ဖျက်စီးပစ်လိုက်ပြီ"

"ထားလိုက်ပါ။ နောက်တစ်ခု ထပ်ဝယ်ပေးမယ်"

လင်းဟွမ်သည် ညီမဖြစ်သူကို ရိုးရိုးရှင်းရှင်း ကတိပေးလိုက်သော်လည်း အမှန်ကတယ်ကို သံသယ ဖြစ်နေသည်။

သွေးရဲရဲလေး၏ စောင့်ကြည့်မြင်ကွင်းမှ တဆင့် သူမြင်ခဲ့သော အရာများသည် လင်းရှင်း ပြောခဲ့သည့် အတိုင်းပင်။

သားရေ စကတ်ဝတ်ထားသော အမျိုးသမီးက လင်းရှင်၏နဖူးကို လက်ညှိုးနှင့် ထိလိုက်ချိန်တွင် စောင့်ကြည့် မျက်နှာပြင်ပေါ်တွင် အဖြူရောင် အလင်းတန်းတစ်ခု ရုတ်တရက် လင်းထန်လာပြီး

ပုံမှန်ပြန်မဖြစ်ခင် စက္ကန့် အနည်းငယ် ကြာမြင့်ခဲ့သည်။ ခဏကြာသောအခါ မှုးလဲနေသော လင်းရှင်းကိုသာ မျက်နှာပြင်ပေါ်တွင် မြင်လိုက်ရပြီး အမျိုးသမီးမှာမူ ပျောက်ကွယ် သွားသည်။ လင်းဟွမ်သည် သွေးရဲရဲလေးအား မေးကြည့်ရာတွင်လည်း အလားတူ မြင်ကွင်းမျိုးကိုသာ မြင်ခဲ့ရကြောင်း ပြန်ပြောခဲ့သည်။

လင်းဟွမ်သည် ထိုအမျိုးသမီး၏ အမှောင်ထု စက်လုံးနှင့် အင်ပါယာ နှလုံးသားလက်စွပ်က

လင်းရှင်၏ လက်ထဲတွင် ဘာကြောင့် ရှိနေရသနည်း။ ထိုအကြောင်းက ထူးဆန်းသည်ဟု တွေးနေမိသည်။

အမှောင်ထု စက်လုံးသည် သားရေစကတ် ဝတ်ထားသော အမျိုးသမီးနှင့် သက်ဆိုင်ပြီး အင်ပါယာနှလုံးသား လက်စွပ်ကလည်း သူမ ပိုင်ဆိုင်ရန် ဖြစ်နိုင်ချေ များသည်။

အင်ပါယာနှလုံးသား လက်စွပ်ကို အခြေအနေ နှစ်ရပ်ကြောင့်သာ ၎င်း၏ပိုင်ရှင်ထံမှ ထုတ်ယူနိုင်သည်။ ပိုင်ရှင်က အခြားသူတစ်ယောက်ကို သူ၏စိတ်သဘော ဆန္ဒအတိုင်း ပေးဆောင်ခြင်း

သို့မဟုတ် ပိုင်ရှင် သေဆုံးသွားခြင်း ကြောင့်သာ ဖြစ်နိုင်သည်။

လင်းဟွမ်သည် သူတော်စင်အဖွဲ့ဝင် အမျိုးသမီးက သူမ၏ စိတ်သဘောဆန္ဒအရ ထိုပစ္စည်းနှစ်မျိုးကို လင်းရှင်ထံ ပေးလိမ့်မည်ဟု မထင်ချေ။ ထို့ကြောင့် ထိုအမျိုးသမီး အသတ်ခံရနိုင်သည့် ဖြစ်နိုင်ခြေမှာ အလွန် မြင့်မားနေသည်။ ထိုကဲ့သို့ ဆိုပါက ထိုအမျိုးသမီးကို မည်သူကသတ်ခဲ့ပြီး သူမ၏ အလောင်းက ဘယ်မှာလဲဆိုသည်ကို လင်းဟွမ် မသိပေ။

သို့သော်လည်း ကူညီပေးခဲ့သည့် လူမှာ လင်းရှင်အပေါ်တွင် မကောင်းသော ရည်ရွယ်ချက် မရှိကြောင်း အတည်ပြုနိုင်သည်။

"ရှောင်ဖိန်၊ မင်းရော ဒီကိစ္စကို ဘယ်လိုထင်လဲ"

လင်းဟွမ်ထံတွင် ရှောင်ဖိန်ကို မေးကြည့်ရန်မှလွဲ၍ အခြား ရွေးချယ်စရာ မရှိတော့ပေ။

"ဒါက စနစ်နဲ့ ဘာမှမဆိုင်ဘူး။ ဒါကြောင့် ငါ့မှာ မှတ်ချက် မရှိဘူး"

လင်းဟွမ်သည် ရှောင်ဖိန်၏ တုံ့ပြန်မှုကြောင့် ဆွံ့အသွားသည်။

"သိုင်းပညာ မုဆိုးကောလိပ်က တခြား အကူတွေကို ငှားထားတာ ဖြစ်နေမလား"

လင်းဟွမ်သည် ဤဖြစ်နိုင်ခြေက တော်တော်လေး မြင့်မားသည်ဟု တွေးလိုက်မိသည်။

လင်းဟွမ်သည် သားရေစကတ် ဝတ်ထားသော အမျိုးသမီးက လင်းရှင်ကို သူမ၏အမှောင်ထု စက်လုံးထဲတွင် ထည့်ဖမ်းနိုင်ခြင်း ရှိ၊မရှိ ဆိုသည့် ကိစ္စနှင့် ပတ်သက်၍ သိပ်အာရုံမရှိပေ။

လင်းဟွမ်သည် ဤကမ္ဘာသို့ ပထမဦးဆုံး ခရီးထွက်သည့်နေ့မှ စတင်၍ သူ၏ မှတ်ဉာဏ်ပေါင်းစည်းမှုမှာ (၉၈) % သာ ရှိခဲ့သည်။ သူ၏ မှတ်ဉာဏ် ပေါင်းစည်းမှု ရာခိုင်နှုန်းသည် ထိုအချိန်မှစ၍ မပြောင်းလဲခဲ့ပေ။ ထို့ကြောင့် လင်းရှင် တွေ့ကြုံခဲ့ရသည့် အရာများသည် သူမရောက်ခင် ကြုံတွေ့ခဲ့ရသည့် အရာများဖြစ်ပါက သူလည်း ဘာမှမမှတ်နိုင်ချေ။

အမှန်တကယ်ဆို လင်းရှင်က သူ့ညီမအရင်း မဟုတ်ဖို့ ဖြစ်နိုင်ချေများသည်ဟု ယောင်ဝါးဝါး ခံစားမိသည်။ သူ့တွင် အထောက်အထား သက်သေမရှိသော်လည်း ဗီဇစိတ်က ပြောပြနေခြင်းပင်။

သို့သော်လည်း နှစ်ပေါင်းများစွာ တစ်ယောက်ကိုတစ်ယောက် မှီခို အားထားခဲ့ရသောကြောင့် ထိုအကြောင်းနှင့် ပက်သက်၍ မမေးဖြစ်ခဲ့ပေ။ လင်းရှင်က

သူ့ညီမအရင်း ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကွာခြားခြင်း မရှိချေ။

"အစ်ကို၊ မင်း ဘာဖြစ်သွားတာလဲ"

လင်းရှင်သည် သူမအကိုက မှင်သက်နေသည်ကို သတိထားမိလျှင် မျက်လုံးရှေ့တွင် လက်ကို ဝှေ့ယမ်းကာ အော်ပြောလိုက်သည်။

"ငါ အဆင်ပြေတယ်။ မင်း ဒဏ်ရာရသေးလား"

လင်းဟွမ်သည် သတိပြန်ရလာပြီး ချက်ချင်း မေးလိုက်သည်။

"ကောင်းပါတယ်။ ငါ ဘာမှမဖြစ်ဘူး၊ အဲဒီမိန်းမက ငါတို့ကို ဖမ်းချင်ပေမယ့် ငါတို့ထဲမှာ ဘယ်သူ့ကိုမှ နာကျင်အောင် မလုပ်ခဲ့ဘူး"

လင်းရှင်က ခေါင်းခါလိုက်သည်။

"ကောင်းတယ်၊ အခုလက်ရှိ သစ်တောထဲမှာ သူတော်စင် အဖွဲ့ဝင်တွေရဲ့ တိုက်ခိုက်မှုကို ခံနေရတယ်။ မင်းတို့ကို ယစ်ပူဇော်ဖို့အတွက် ဖမ်းဆီးချင်နေကြတာပဲ။ ကျောင်းသား တော်တော်များများကို မကယ်တင်ရသေးဘူး။ ငါ မင်းကို ကာကွယ်ပေးမယ်။ မိုးကြိုးနောက်ကနေ

ထိုင်လိုက်ခဲ့။ ကျန်တဲ့ ကျောင်းသားတွေကို ကယ်တင်ရအုံးမယ်”

လင်းဟွမ်က ရှင်းပြလိုက်သည်။

"သူတော်စင် အဖွဲ့ဝင်တွေလား။ လည်ပင်းပေါ်က သင်္ကေတအရ ဒိတ္တိတွေ မဟုတ်ဘူးလား"

လင်းရှင်က သိချင်စိတ်နှင့် မေးလိုက်သည်။

"သူတော်စဥ် အဖွဲ့ဝင်တွေက ဒိတ္တိ အယောင်ဆောင် ထားတာ။ မင်းကို နောက်ကျမှ ရှင်းပြမယ်။"

လင်းဟွမ်သည် လင်းရှင်ကိုပွေ့ချီပြီး မီတာ တစ်ရာကျော်အမြင့်သို့ ခုန်တက်လိုက်သည်။

မိုးကြိုးသိမ်း၌က အတောင်ပံများ တဖျပ်ဖျပ်ခတ်ပြီး သူတို့နှစ်ယောက်ကို သယ်ဆောင် သွားသည်။ ထို့နောက် နောက်တစ်နေရာသို့ ဦးတည်ပြီး သွားလိုက်သည်။

...

မနက် (၇) နာရီ၊ မိနစ် (၂၀) .........၊

လင်းဟွမ်၊ ဒုတိယဋ္ဌာနမှူး နှစ်ယောက်နှင့် သိုင်းပညာ မုဆိုးကောလိပ်မှ ဆရာ၊ဆရာမများသည် မြူခိုးသစ်တောထဲတွင် စုဝေးနေကြသည်။

"သိုင်းပညာ မုဆိုးကောလိပ်မှ လူအားလုံးကို ကျေးဇူးတင်ပါတယ်၊ ဒီစစ်ဆင်ရေးမှာ ပါဝင်ခဲ့တဲ့ ဆရာ၊ ဆရာမ အားလုံးကိုလည်း ကျေးဇူး တင်ပါတယ်။ ငါတို့ရဲ့ ကျောင်းသားအသစ် သုံးထောင်လုံးကို ကယ်တင်နိုင်ခဲ့ပြီ။ အထူးသဖြင့် ဆရာလင်းဟွမ်ကို ကျေးဇူးတင်ပါတယ်။

ကျောင်းသားတစ်ဝက်ကျော်ကို ဆရာလင်းဟွမ်က ကယ်တင်ပေးခဲ့တယ်”

“သူတော်စင် အကြီးအကဲ အပါအဝင် သူတော်စင် အဖွဲ့ဝင်တစ်ရာကျော် အသတ်ခံရပြီးပြီ။ အကြီးအကဲတစ်ယောက်နဲ့ တရားဝင် အဖွဲ့ဝင်တစ်ယောက် လွတ်မြောက်သွား ပေမယ့် ကျန်တဲ့အဖွဲ့ဝင်တွေကို ငါတို့တွေ သုတ်သင် ရှင်းလင်းနိုင်ခဲ့တယ်”

လင်းဟွမ်သည် သူတော်စင်အကြီးအကဲ ဝူဖန်သာ ထွက်ပြေးသွားကြောင်း သိနေသည်။ လင်းရှင်ကို

ဖမ်းခဲ့သည့် အမျိုးသမီးအလောင်းကို မတွေ့ခဲ့ရပေ။ ထို့ကြောင့် သိုင်းပညာ မုဆိုးကောလိပ်က သူမ ထွက်ပြေးသွားပြီဟု ယူဆခဲ့ကြသည်။ သို့သော်လည်း လင်းဟွမ်ကမူ သူမ အသက်ရှင်နေလိမ့်မည်ဟု မထင်ချေ။

လင်းဟွမ်သည် သိုင်းပညာ မုဆိုးကောလိပ်မှ အရန်အဖွဲ့ဝင် (၃၀) ကို စောင့်ကြည့်ခဲ့သည်။ ၎င်းတို့အားလုံးသည် ခရမ်းရောင် သို့မဟုတ် ရွှေရောင် မီးလျှံအဆင့်သာ ရှိကြသည်။ ထိုလူများက

သားရေစကတ် ဝတ်ထားသော အမျိုးသမီးကို သတ်ပစ်နိုင်လိမ့်မည်ဟု မဟုတ်ပေ။

သွေးရဲရဲလေးသည် တောထဲတွင် ပျောက်ကွယ်သွားသော ဝူဖန်၏ တည်နေရာကို ခြေရာခံနိုင်ခြင်း မရှိပေ။ တောအုပ်ထဲမှ ထူးထူးခြားခြား ပျောက်ကွယ်သွားပြီး ခြေရာ၊ လက်ရာ မကျန်ခဲ့ချေ။

လင်းဟွမ်သည် ထိုအကြောင်းက ထူးဆန်းသည်ဟု တွေးနေမိသည်။ ဝူဖန်က သားရေစကတ်ဝတ်ထားသော အမျိုးသမီးကဲ့သို့ပင်

အသတ်ခံရခြင်းလား သို့မဟုတ် ဖမ်းစီးခံရခြင်းလား ဆိုသည်ကို သံသယ ဖြစ်နေမိသည်။

ခေါင်းဆောင်များ ဖြစ်သည့် သူတော်စင်အဖွဲ့၏ အကြီးအကဲနှစ်ယောက်လုံး ပျောက်ကွယ်သွားပြီးနောက် သူတော်စင် အဖွဲ့ဝင်များသည် ပြန်လည်ဆုတ်ခွာရန် ညွှန်ကြားချက် မရရှိခဲ့သလို သစ်တောထဲ၌ နေရာကူးပြောင်းခြင်း ခတ်ကြွင်းကိုလည်း ချိတ်ပိတ်ထားသောကြောင့် ဖွင့်နိုင်ခြင်း မရှိခဲ့ပေ။ သိုင်းပညာ မုဆိုးကောလိပ်မှ အရန် အဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကြောင့် နှစ်နာရီ

အတွင်းမှာပင် ကျူးကျော်သူတစ်ရာ သေဆုံးသွားခဲ့သည်။

လင်းဟွမ်၊ ပိုင်နှင့် ရုပ်ဆိုးတို့က အများဆုံးသတ်ဖြတ်ခဲ့ကြခြင်းပင်။ လင်းဟွမ်သည် မလိုလားအပ်သော ပြဿနာများကို ရှောင်ရှားနိုင်စေရန်အတွက် ချောကလက်လေးကို မထုတ်ခဲ့ပေ။

ဝမ်ကျီကျွင်းသည် ကျေးဇူးတင်ကြောင်း ပြောပြီးနောက် နေရာကူးပြောင်းခြင်း ခါတ်ကွင်းကို ဖွင့်ပြီး လူအုပ်ထဲ လမ်းလျှောက်ဝင်လာသည်။

"မင်း ဒီမှာရှိနေလို့ အရမ်း ကျေးဇူးတင်တယ်။"

ဝမ်ကျိကျွင်းက လင်းဟွမ်ထံ လျှောက်သွားပြီး ပခုံးပုတ်ကာ ပြောလိုက်သည်။ သို့သော်လည်း သူ့ကို ကြည့်ရသည်မှာ စိတ်ထဲ သက်တောင့်သက်သာ ရှိပုံမရချေ။

"ဆရာ ဘယ်နှစ်ယောက် ဆုံးရှုံးသွားလဲ။"

လင်းဟွမ်က မေးလိုက်ရာ

"၆၂၈"

ဝမ်ကျိကျွင်းက ကူကယ်ရာမဲ့စွာ ပြောလိုက်သည်။

"ကာကွယ်သူ အများစု သေသွားတယ်။ အဲဒီအထဲမှာ အယောက် (၅၀) လောက်က ကံကောင်းပြီး အတိုက်အခိုက် မခံရသေးဘူး။ ဆရာတွေကို ကူညီပေးခဲ့တဲ့ လက်ထောက် (၈၀) ကျော်လည်း သေသွားတယ်"

"သူတို့ရဲ့ စွန့်လွှတ်အနစ်နာခံမှုက အချည်းနှီး မဖြစ်သင့်ဘူး"

လင်းဟွမ်က ဝမ်ကျီကျွင်းကို လေးနက်သော အမူအရာဖြင့် ကြည့်လိုက်သည်။

"ဒါနဲ့ပတ်သက်ပြီး ပြည်ထောင်စု အစိုးရနဲ့ မုဆိုးအဖွဲ့အစည်းကို အကြောင်း ကြားထားပြီးပြီ။ လာမယ့်ရက် ရက်ပိုင်းအတွင်း ပြည်ထောင်စု အစိုးရအဖွဲ့က ဖြေရှင်းပေးလိမ့်မယ်။ အဖွဲ့ခွဲ (၇) မှာ အကြီးစား ရှင်းလင်းရေး စစ်ဆင်ရေး ဖြစ်လာနိုင်တယ်၊ သူတို့ ဒီကိစ္စအတွက် ပြန်ပေးဆပ်စေရမယ်။"

ဝမ်ကျီကျွင်းက ခေါင်းညိတ်ပြီး ပြန်ပြောလိုက်သည်။

## အခန်း(၅၀၁) - စတေး ခံခြင်း။

သူတော်စင် အဖွဲ့ဝင်များ ကြားဝင်တိုက်ခိုက်၍ တိုက်ပွဲလေ့ကျင့်မှု ပြီးဆုံးခဲ့သည်မှာ သုံးရက် ကြာသွားခဲ့သည်။

သိုင်းပညာ မုဆိုးကောလိပ်မှ ပထမနှစ် ကျောင်းသားများကို သုံးရက် အနားပေးခဲ့ပြီး ဒုတိယနှစ်နှင့် တတိယနှစ် ကျောင်းသားများအတွက် အတန်းချိန် ပြန်လည်ရေးဆွဲနေခဲ့သည်။

ယခုတစ်ကြိမ် အခင်းဖြစ်ပွားမှုတွင် ဆရာပေါင်း (၆၀၀) ကျော် သေဆုံးခဲ့ပြီး အခြားနှစ်မှ ဆရာများလည်း ကျဆုံးခဲ့သဖြင့် ကောလိပ်က ဆရာအသစ်များကို ထပ်မံခေါ်ယူခဲ့ကြသည်။

နှစ်ရက်ကြာသောအခါ အဖွဲ့ခွဲ (၇) နှလုံးသား ကွန်ရက်ပေါ်တွင် ပြည်ထောင်စု အစိုးရ ကြေညာလိုက်သော ကြေညာချက်ကြောင့် ကွန်ရက် တစ်ခုလုံး ပေါက်ကွဲလုမတတ် ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

'အောက်တိုဘာလ (၁) ရက်နေ့မှာ မြေအောက်အဖွဲ့အစည်း ဖြစ်တဲ့ သူတော်စင် အဖွဲ့အစည်းက ဒီတ္ထိ အယောင်ဆောင်ပြီး သိုင်းပညာမုဆိုးကောလိပ်မှ ကျောင်းသား သုံးထောင်ကို ယစ်ပူဇော်ဖို့အတွက် ဖမ်းယူဖို့ ကြိုးစားခဲ့တယ်။ အကြီးအကဲ နှစ်ယောက်ဖြစ်တဲ့ ယုဝမ်ပင်နဲ့ ဝူဖန်တို့က အဖွဲ့ဝင် (၁၀၂)ဦးကို ဦးဆောင်ပြီး မြူခိုးသစ်တောထဲမှာ ကျင်းပတဲ့ တိုက်ပွဲလေ့ကျင့်မှုကို ကျူးကျော် တိုက်ခိုက်ခဲ့ကြတယ်။ ဒါကို သိုင်းပညာ မုဆိုးကောလိပ်မှ ဆရာတွေနဲ့ မုဆိုးအဖွဲ့အစည်းက

အဖွဲ့ဝင်တွေက ပူပေါင်းပြီး ရွတ်ရွတ်ချွန်ချွန် တိုက်ခိုက်ခဲ့လို့ ယုဝမ်ပင် အပါအဝင် သူတော်စင် အဖွဲ့ဝင် (၁၀၁ဦး)ကို သတ်နိုင်ခဲ့တယ်"

"သူတော်စင် အဖွဲ့အစည်းက အရှက်တရား ကင်းမဲ့ပြီး စည်းဘောင် ကျော်သွားခဲ့ပြီ။ ဒါကြောင့် အဖွဲ့ခွဲ (၇) က ပြည်ထောင်စုအစိုးရ ဋ္ဌက္ကဋ္ဌနဲ့ အမှုဆောင် အရာရှိ (၁၂) ယောက်တို့ အကြိမ်ကြိမ်အခါခါ စဉ်းစား ဆုံးဖြတ်ခဲ့ကြတယ်"

"ထိုဆုံးဖြတ်ချက်အရ အဖွဲ့ခွဲ (၇) ပြည်ထောင်စု အစိုးရက သူတော်စင် အဖွဲ့အစည်းနဲ့ တရားဝင်စစ်ပွဲ

စတင်လိုက်ပါတယ်။ သမ္မဂ္ဂ အဖွဲ့ဝင်အားလုံးက ဒီတိုက်ပွဲမှာ တိုက်ခိုက်ဖို့အတွက် အဖွဲ့အစည်းမှာ ရှိတဲ့လူအရေအတွက်ရဲ့ အနည်းဆုံး သုံးပုံ၊ တစ်ပုံကို စေလွှတ်ပေးရမယ်”

“တရားဝင်ဖြစ်စေ၊ လျှို့ဝှက်၍ ဖြစ်စေ သူတော်စင်အဖွဲ့အစည်းနဲ့ လက်တွဲ လုပ်ဆောင်ပါက သူတော်စင်အဖွဲ့အစည်းရဲ့ မဟာမိတ်လို့ သတ်မှတ်ပြီး ပြည်ထောင်စု အစိုးရအဖွဲ့ရဲ့ ပစ်မှတ် ဖြစ်လာလိမ့်မယ်”

......................

ပြည်ထောင်စု အစိုးရက ထိုကြေညာချက်အောက်တွင် သူတော်စင် အဖွဲ့ဝင်အားလုံး၏ ဓါတ်ပုံများကိုပင် ထုတ်ပြန်ကြေညာခဲ့သည်။ ယုဝမ်ပင်၏ ဓါတ်ပုံက ထိပ်ဆုံးတွင်ရှိနေပြီး အားလုံးပေါင်း (၁၀၁) ယောက်ရှိသည်။

ဝူထန်၏ အလောင်း၊ ပြင်းထန်စွာ ထိခိုက်ပျက်စီးသွားသော အလောင်းများနှင့် ဒီတွတ္တိ အယောင်ဆောင်ထားသော အလောင်းများ အားလုံးကို မှုခင်း ဆေးပညာအဖွဲ့မှ

စစ်ဆေးပြီးနောက် နိုင်းယှဉ်၍ ရုပ်ပုံများကို ဖော်ထုတ်ခဲ့သည်။

ပြည်ထောင်စုအစိုးရ၏ ပြင်းထန်သော ကြေညာချက်မှာ ပြည်သူများ အကြားတွင် ရင်လေးစရာကိစ္စ ဖြစ်လာသည်။ ပြည်ထောင်စု အစိုးရက ကြေညာချက် ထုတ်ပြန်ပြီး နာရီဝက် မကြာခင်မှာပင် မုဆိုးအဖွဲ့အစည်း၊ စွန့်စားသူတို့၏ သုခဘုံနှင့် အခြား အဖွဲ့အစည်းများက ပြည်ထောင်စုအစိုးရ၏ ကြေညာချက်ကို ထောက်ခံကြောင်း ထုတ်ပြန် ကြေညာခဲ့သည်။

လူအများ မမျှော်လင့်သည့်အရာမှာ ကြေညာချက်ထွက်ပြီးနောက် ဒိတ္တိအဖွဲ့အစည်းကလည်း ဗီဒီယိုတစ်ခု ထုတ်လွှင့်လာခြင်းပင်။

ထိုဗီဒီယိုထဲတွင် အနက်ရောင် တရားသူကြီးဝတ်စုံ ဝတ်ဆင်ထားသော ဒိတ္တိတစ်ယောက်က ကြောက်စရာကောင်းသော အဖြူရောင် မျက်နှာဖုံးဝတ်ဆင်ထားပြီး

"အားလုံးပဲ မင်္ဂလာပါ။ ငါက ဒိတ္တိတွေရဲ့တရားသူကြီးပါ။ လူတော်တော် များများကလည်း မနေ့စ်က ဗီဒီယိုထဲမှာ ငါ့ကို မြင်ဖူးကြမယ်လို့

ထင်ပါတယ်။ မမြင်ဖူးတဲ့လူတွေ ရှိရင်လည်း ဒီတစ်ကြိမ် ဗီဒီယိုထဲမှာ ကြည့်ကြပါ”

“ခေါင်းဆောင် အလုပ်ကိစ္စပဲ ပြော”

ဘေးနားက အသံတစ်ခု ထွက်ပေါ်လာသည်။

“အော် ဟုတ်သားပဲ။ ဒီဗီဒီယို တင်ရတဲ့ အကြောင်းအရင်းက ပြည်ထောင်စုအစိုးရနဲ့ တခြား သမ္မဂ္ဂအဖွဲ့အစည်း တွေကိုကျေးဇူးတင်တဲ့ အကြောင်း အဓိက ပြောချင်လို့ပါ။ မှန်ကန်တဲ့ စုံစမ်းစစ်ဆေးမှု ပြုလုပ်ပြီး ငါတို့ ဒိတ္ထိအဖွဲ့အစည်းကို အပြစ်တင်ခံရမယ့် ဘေးကနေ လွတ်မြောက်အောင်

လုပ်ပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်။ သူတော်စင်တွေ လုပ်ခဲ့တဲ့ ကိစ္စအတွက်လည်း စိတ်မကောင်း ဖြစ်မိပါတယ်။ ပြည်သူတွေကို တိုက်ခိုက်တာက တကယ့်ကို အရှက်မဲ့တဲ့ လုပ်ရပ်ပါ။ ငါတို့ ဒိတ္တိတွေက ဒီလိုအလုပ်မျိုး ဘယ်တော့မှ မလုပ်ဘူး”

“ငါတို့ အဖွဲ့ဝင်အဖြစ် ဟန်ဆောင်ခဲ့တဲ့ သူတော်စင်တွေကို အပြစ်ပေးဖို့အတွက် ငါတို့အဖွဲ့က ဆွေးနွေး ဆုံးဖြတ်ခဲ့ပြီးပါပြီ။ ငါတို့ စုဆောင်း ရရှိထားတဲ့ သူတော်စင် အဖွဲ့ဝင်တွေရဲ့

အချက်အလက်တွေကို ပြည်ထောင်စု အစိုးရဆီ မျှဝေပေးပါ့မယ်။ လိုအပ်ပါက သူတော်စင်တွေကို သတ်မယ့် စစ်ဆင်ရေးမှာ ပြည်ထောင်စု အစိုးရအတွက် အကူအညီ ပေးပါ့မယ်”

“နောက်ဆုံးအနေနဲ့ ကျေးဇူးပြုပြီး ကြေညာခွင့်ပြုပါ။ လူတိုင်းပဲ ဒိတ္ထိအဖွဲ့အစည်းနဲ့ ပူးပေါင်းဖို့ စိတ်ဝင်စားတယ်ဆိုရင် ငါတို့ရဲ့ အကဲဖြတ်မှုမှာ ပါဝင်ဖို့အတွက် ညာဘက် အောက်ခြေက ဖုန်းနံပါတ်ကို ခေါ်ဆိုလိုက်ပါ”

"ဘယ်လောက်တောင် ဗရုတ်သုတ်ခကျတဲ့ အဖွဲ့အစည်းလဲ"

လင်းဟွမ်သည် ထိုဗီဒီယိုကို ကြည့်ပြီးနောက် ရယ်ရမလား၊ ငိုရမလား ဆိုသည်ကို မသိတော့ချေ။

သုံးစွဲသူများကြား၌ ပြည်ထောင်စုအစိုးရနှင့် အခြား သမ္မဂ္ဂ အဖွဲ့အစည်းများ၏ ကြော်ငြာချက်များအပြင် ဒိတ္ထိများ၏ ဗီဒီယိုဖိုင်ကလည်း ပြန့်နှံ့နေသည်။ ဒါသည် အဖွဲ့အစည်းများကြားတွင် အဓိက အကြောင်းအရာတစ်ခု ဖြစ်လာရုံမျှသာမက

ပြည်သူများအကြားတွင်လည်း ရေပန်းစားသော ခေါင်းစဉ်တစ်ခု ဖြစ်လာခဲ့သည်။

နှစ်ပေါင်း (၈၀) အတွင်းတွင် အဖွဲ့ခွဲ (၇) ပြည်ထောင်စုအစိုးရက ပထမဦးဆုံး အကြိမ် စစ်ကြေညာခြင်းပင်။

ကြေညာချက် ထုတ်ပြန်ပြီးသည်နှင့် မြေအောက် အဖွဲ့အစည်းများ ကြားတွင် ရှုတ်ရှုတ်သဲသဲ ဖြစ်ကုန်သည်။ အများစုသည် သူတော်စင် အဖွဲ့အစည်းက ဒီထက်ပိုပြီး ရူးရူးမိုက်မိုက် လုပ်မလားဆိုသည်ကို စောင့်ကြည့်နေကြသည်။

သူတော်စင် အဖွဲ့အစည်းနှင့် လက်တွဲဆောင်ရွက်နေသော အဖွဲ့အစည်းအချို့ပင် သူတော်စင် အဖွဲ့အစည်းနှင့် မသက်ဆိုင်တော့ကြောင်း ထုတ်ပြန် ကြေညာပြီး ပူးပေါင်း လုပ်ဆောင်မှုများကို ရပ်ဆိုင်းလိုက်ကြသည်။ ဤကိစ္စကို ပြည်ထောင်စုအစိုးရက အလေးအနက်ထားပြီး ကိုင်တွယ်နေကြောင်း အားလုံးက ကောင်းကောင်း သိနေကြသည်။

"သူတော်စင်တွေ သေတော့မယ်"

"အဖွဲ့ခွဲ (၇)မှာ နှစ် (၂၀၀) လောက် အခြေစိုက်ထားတဲ့ သူတော်စင် အဖွဲ့အစည်းကတော့ ဒီဘာဝ၊ ဒီအမျိုးနဲ့ အဆုံးသတ်တော့မယ်"

"ဒီတ္ထိတွေက ရှုးနေလို့ အခုလက်ရှိ ပြည်ထောင်စု အစိုးရကို ကူညီဖို့ လုပ်နေတာလား"

...

အဖွဲ့ခွဲ (၇) ၊ သူတော်စင် ရုံးချုပ်.....

ခန်းမအလယ်တွင် အရပ်ရှည်၍ ပိန်ပါးသော လူအိုကြီးတစ်ယောက် မတ်တပ်ရပ်နေသည်။ သူ့ကို

ကြည့်ရသည်မှာ ဝါးလုံးတစ်ချောင်း ထောင်ထားသကဲ့သို့ ဖြစ်နေပြီး အရပ်က (၂) မီတာခန့်မြင့်သည်။ ငွေရောင်လက်ဝါးကပ်တိုင် ပုံစံ ရိုက်နှိပ်ထားသော အဖြူရောင်ဝတ်ရုံရှည် ဝတ်ဆင်ထားပြီး လူများကို သိန်းငှက်ကဲ့သို့ စူးရှသောမျက်လုံးနှင့် စိုက်ကြည့်နေသည်။

"အကြီးအကဲ၊ ဝူဖန်နဲ့ ပတ်သက်တဲ့ သတင်း မရသေးဘူးလား"

သံတမန်၏ အသံသည် မိုးခြိမ်းသံအလား ကျယ်လောင်စွာ လေထဲတွင် ပဲ့တင်ထပ်လာသည်။

“သူ့အကြောင်းနဲ့ ပက်သက်ပြီး ဘာသတင်းအသစ်မှ မရသေးဘူး။ မုဆိုးအဖွဲ့အစည်းက အရှင်လတ်လတ် ဖမ်းမိသွားတယ်လို့ ထင်တာပဲ”

အကြီးအကဲမှာ ခါးကုန်းနေသော အဘိုးအိုတစ်ယောက်ပင် ။

“အကြီးအကဲ၊ ဒီကလေးကို အကာအကွယ် မပေးနဲ့တော့။ ဒီကလေးက သူ့တာဝန်ကို ကျရှုံးခဲ့တယ်။ ငါ့မြေးကိုလည်း သေအောင်ထားခဲ့ပြီး ဘယ်လို ထွက်ပြေးလာလည်းတော့ မသိဘူး။ ငါနဲ့

မျက်နှာချင်း မဆိုင်ရဲလို့ ထွက်ပြေးသွားတာပဲ ဖြစ်မယ်”

ဒုတိယ အကြီးအကဲက ပြောလိုက်သည်။ သူသည် ပထမ အကြီးအကဲထက် နှစ်အနည်းငယ်သာ ငယ်သော်လည်း လူငယ်တစ်ယောက်နှင့် တူနေသည်။ ပထမအကြီးအကဲသည် လွန်ခဲ့သော နှစ်ပေါင်းများစွာက ဒါဏ်ရာကြီးကြီးမားမား ရခဲ့ပြီး ကံကြမ္မာစက်ဝိုင်း ပျက်စီးသွားခဲ့သည်။

"ဝူဖန်နဲ့ ပျောက်သွားတဲ့ နောက်လူတစ်ယောက်ကရော ဘယ်လိုလဲ။ အဲ့ဒါက ဘယ်သူလဲဆိုတာ သိပြီလား"

သံတမန်က ဒုတိယအကြီးအကဲ ပြောသည့် စကားကို လျစ်လျူရှုပြီး မေးလိုက်သည်။

"ဟုတ်၊ အဲ့ဒါက ဟန်ယွီပါ။ ဒီတစ်ကြိမ် စစ်ဆင်ရေးထဲမှာ ပါဝင်တဲ့ အမျိုးသမီး ခြောက်ယောက်ထဲက တစ်ယောက်ပါ။ ပြည်ထောင်စု အစိုးရကထုတ်ဝေတဲ့ ဓါတ်ပုံ (၅) ပုံထဲမှာ မပါတာ သူတစ်ယောက်ပဲ ရှိတယ်။ ကျန်တဲ့

အလောင်းတွေကိုတော့ မမှတ်မိတော့ဘူး။ ဒါပေမယ့် အားလုံးကတော့ ယောကျ်ားတွေပဲ”

ပထမ အကြီးအကဲက ပြန်ဖြေလိုက်သည်။

“မှောင်ခိုဈေးကွက်ထဲက အဘွားအို ဝူဆီကနေ အကူအညီ တောင်းလိုက်ပါ။ ဝူဖန် ဘယ်မှာလဲဆိုတာ သူမက သိကိုသိလိမ့်မယ်”

သံတမန်က ညွှန်ကြားလိုက်သည်။

“ဒါပေမယ့် အဘွားအိုဝူက......”

ပထမအကြီးအကဲ စိတ်အိုက်သွားသည်။

"ဒါက မင်းပြဿနာပဲ။ ရေဗူးပေါက်တာ မသိချင်ဘူး။ ရေပါတာပဲ လိုချင်တယ်"

သံတမန်က ပထမအကြီးအကဲ ပြောသည်ကို နားမထောင်ဘဲ စကားဖြတ်၍ ပြောလိုက်သည်။

"ဟုတ်......၊ ပြည်ထောင်စု အစိုးရနဲ့ ပတ်သက်တဲ့ စစ်ပွဲကို ဘယ်လိုလုပ်ရမလဲ"

ပထမ အကြီးအကဲက ထပ်မေးလိုက်သည်။

"ဘာလုပ်သင့်လဲ ဟုတ်လား။ ပြည်ထောင်စု အစိုးရရဲ့ ဒေါသကို ခုခံတိုက်ခိုက်ဖို့ စဉ်းစားနေတာလား"

ဒီတစ်ကြိမ် ဝင်ပြောလိုက်သူမှာ ဒုတိယ သံတမန် ဖြစ်သည်။ ပထမ သံတမန် ကဲ့သို့ပင် ပါးစပ်ဖွင့်စရာမလိုဘဲ အသံထွက်လာသည်။

"ဒါဆို……"

ပထမ အကြီးအကဲကို ကြည့်ရသည်မှာ စိတ်ရှုပ်နေပုံရသည်။

"အမာခံ အဖွဲ့ဝင်တွေ အားလုံး အခု ထွက်သွားလို့ရပြီ။ ပထမအကြီးအကဲ အစည်းအဝေး အခန်းထဲမှာ ဆက်နေခဲ့"

ပထမသံတမန်က ခံစားချက် ကင်းမဲ့စွာ ပြောလိုက်သည်။

"ဒီစစ်ဆင်ရေးက မင်း အကြံပေးတာမို့လို့ မင်းပဲအားလုံးကို တာဝန်ယူသင့်တယ်။ ပြည်ထောင်စု အစိုးရရဲ့ ဒေါသကို ဖျေဖျောက်ဖို့ တစ်ယောက်ယောက်ကတော့ ခေါင်းခံ ရမှာပဲ။ ဒါမှလည်း နတ်ဘုရားက မင်း လုပ်ခဲ့တဲ့အပြစ်တွေ

အားလုံးကို ခွင့်လွှတ်ပေးပြီး နောက်ဆုံးအချိန်ထိ မင်းနဲ့အတူတူ ကာကွယ်ပေးလိမ့်မယ်”

ပထမ အကြီးအကဲသည် ဒါက သူ့ကိုစတေးရန် ပြောနေကြောင်း သိနေပြီး ဝမ်းနည်းနေပုံရသည်။

ဒုတိယအကြီးအကဲကမူ ပထမအကြီးအကဲ သေသွားပါက ရာထူးတိုးလာမည် ဖြစ်သောကြောင့် ပျော်တပြုံးပြုံး ဖြစ်နေသည်။

“ငါ စဥ်းစား ကြည့်ပြီးပြီ။ မင်း တစ်ယောက်တည်းနဲ့ မလုံလောက်ဘူး ထင်တယ်။

အဲ့ဒီတော့ မင်းနဲ့အတူတူ ယစ်ပူဇော်ဖို့အတွက် အကြီးအကဲ တစ်ယောက်လောက် ရွေးလိုက်ပါ”

တတိယမြောက် သံတမန်က ပြောလိုက်လျှင် အခြားသံတမန် နှစ်ယောက်ကလည်း သဘောတူဟန်ဖြင့် ခေါင်းညိတ်ကြသဖြင့်

အကြီးအကဲများ စိုးရိမ်လာကြသည်။

“ဒါဆိုလည်း ဒီစစ်ဆင်ရေးက ဒုတိယ အကြီးအကဲရဲ့ စိတ်ကူးဆိုတော့ သူ့ကိုပဲ ခေါ်လိုက်တော့မယ်။ ဒါက ပိုပြီး သင့်တော်တယ်လို့

ထင်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်ကလည်း သံတမန်တွေကို အကြံပေးခဲ့တာပါ”

ပထမအကြီးအကဲက ပြုံးပြီး အဆိုပြုလိုက်သည်။

“ကုန်းစွန်ဟွေ့၊ မင်းက ကိုယ်ရေးကိုယ်တာကိစ္စနဲ့ရောပြီး လက်စားချေနေတာကွ”

ဒုတိယအကြီးအကဲသည် ရင်ထဲ ထိတ်ခနဲဖြစ်သွားပြီး ထအော်လိုက်သည်။

“မင်း ပြဿနာနဲ့မင်း သေလေ။ ဘာဖြစ်လို့ ငါ့ကို ဆွဲထည့်နေတာလဲ”

ပထမအကြီးအကဲက သူ့ကို ပြန်မကြည့်ဘဲ ပြုံးနေသည်။

"မင်းတို့ နှစ်ယောက်ဆို လုံလောက်ပြီ။ ဒီအတိုင်းပဲ စီစဥ်လိုက်တော့"

ပထမသံတမန်က လုယန်း၏ ကန့်ကွက်မှုကို လျစ်လျူရှုပြီး ပြောလိုက်သည်။ လုယန်းသည် ပထမသံတမန်၏ ဆုံးဖြတ်ချက်ကို ကြားသောအခါ တုန်လှုပ် ခြောက်ခြားသွားသည်။

"ကျန်တဲ့လူတွေက ကိုယ့်ဘာသာကို ပြင်ဆင်ကြ။ မနက်ဖန်မနက် ထွက်ခွာမယ်။ ပထမအကြီးအကဲနဲ့

ဒုတိယအကြီးအကဲက ဒီကိစ္စတွေကို ကိုင်တွယ်ဖြေရှင်းပြီး အဘွားအိုဂူနဲ့ တတ်နိုင်သမျှ အမြန်ဆုံး ဆက်သွယ်ပြီး တစ်ခုခုကြားရင် အကြောင်းကြားပါ”

ပထမသံတမန်က သူတို့နှစ်ယောက်၏ ပခုံးကို ပုတ်ကာ ကျန်သည့်လူများနှင့်အတူ ခန်းမထဲမှ ထွက်ခွာသွားသည်။

## အခန်း(၅၀၂) - ငှက်ဝါ။

အဖွဲ့ခွဲ (၇) အနောက်ဘက်ခြမ်း သမုဒ္ဒရာ၊ ဦးခေါင်းခွံ ပုံစံရှိသော ကျွန်းတစ်ကျွန်း၏ ရေမျက်နှာပြင်အောက် မီတာ (၃၀၀၀) အနက်တွင် ဧရာမ အဆောက်အဦးကြီးတစ်ခု ရှိနေပြီး မီးများ လင်းထိန်နေသည်။ သမုဒ္ဒရာ ကြမ်းပြင်ပေါ်တွင် တည်ရှိပြီး ကြီးမားကာ လူစည်ကားသော အဆောက်အအုံ တစ်ခုပင် ။

ထိုအခြေစိုက်စခန်း၊ အောက်ဆုံးထပ်ရှိ ခွဲစိပ်ခန်းတစ်ခုထဲတွင်....

မျက်မှန်ဝတ်ထားသည့် အမျိုးသား လက်ထဲတွင် ကိုင်ထားသော ခွဲစိတ်ဓါးမှာ ပျောက်ကွယ်သွားပြီး

"ချို့ယွင်းနေတဲ့ ဒီထုတ်ကုန်တွေက အသုံးမဝင်ဘူး။ ဖျက်ဆီးပစ်လိုက်တော့"

ထိုအမျိုးသားက လက်အိတ်များကို ချွတ်ပြီး စားပွဲပေါ်က ခွဲစိတ်ဓါးကို လေးလေးနက်နက် စိုက်ကြည့်လိုက်သည်။

ခွဲစိတ်မှု စားပွဲပေါ်တွင် လဲလျောင်းနေသော အမျိုးသား၏ ရင်ဘတ်ကမူ ဟောင်းလောင်း ဖြစ်နေသေးသည်။ သူ့ပတ်ဝန်းကျင်တွင် ရှိနေသော လူအနည်းငယ်က နှလုံးခုန်နေသေးကို မြင်နေရသည်။

ရင်ဘက်အပြင် ဦးခေါင်းကိုလည်း ခွဲထုတ်ထားသေးသည်။ ဦးခေါင်းအတွင်းမှ ဦးနှောက်အဖြူမျှားကို အတိုင်းသား မြင်နေရသည်။ ထိုလူ၏ မျက်လုံးစိမ်းများက ပြူးကျယ်နေသည်။ ခါတိုင်းနေ့များတွင် ဆိုပါက ကြောက်စရာ ကောင်းသော မျက်လုံး တစ်စုံရှိသော်လည်း

ယခုအခါ၌ မျက်ရည်များ စီးကျနေပြီး အသိစိတ် ရှိနေပုံရသည်။

"ဆရာ၊ သူ့မျက်လုံး အရောင်က တမူ ထူးခြားတယ်။ အဲ့ဒါကို နမူနာအဖြစ် သိမ်းထားလို့ ရမလား"

ရွှေရောင်ဆံပင်နှင့် မိန်းကလေး တစ်ယောက်က မေးလိုက်သည်။ ဆိတ်မျက်နှာဖုံး တပ်ထားသောလည်း သူမ အသံက ခေါင်းလောင်းအသံလို ချိုလွင်နေသည်။

"ဘာပဲဖြစ်ဖြစ် မင်းတို့လိုချင်တာ ယူလို့ရတယ်။ ဒါပေမယ့် နောက်ထပ် နာရီဝက်ပဲ ထိန်းသိမ်းထားလို့ရမယ်။ မင်းတို့ မလိုချင်တဲ့ အစိတ်အပိုင်းတွေကို ဖျက်စီးပစ်ဖို့ မမေ့နဲ့။ ခွဲစိတ်ခန်းကိုလည်း မရှုပ်ပွစေနဲ့"

ထိုလူက လှည့်ပင်မကြည့်ဘဲ ပြောဆိုပြီး ထွက်ခွာသွားသည်။

ခွဲစိတ်ခန်းထဲတွင် လူငယ်အချို့သည် တိုက်ချွတ်ဆေးကြောနေရင်း တစ်ယောက်နှင့်တစ်ယောက် ဆွေးနွေးနေကြသည်။

"သူ့လိင်တံကြီးက မဆိုးဘူး။ စုဆောင်းဖို့အတွက် သိမ်းထားရမယ်"

"မင်းတို့ထဲမှာ သူ့ခေါင်းထဲက တစ်ခုခု လိုချင်တဲ့ လူရှိသေးလား။ ငါက သူ့ဦးခေါင်းခွံကို သိမ်းထားချင်တယ်။ မင်းတို့ထဲက ဘယ်သူမှ မလိုချင်ရင် ကျန်တာတွေကို လွှင့်ပစ်ပြီး ဦးခေါင်းခွံ ဖြတ်ယူသွားမလို့"

"မင်း ဦးခေါင်းခွံ လိုချင်တယ်ဆိုရင် ယူသွားတော့ ငါမလိုချင်ဘူး။ ဒါပေမယ့် သူ့ရဲ့ ဦးနှောက်ကိုတော့

ပေး။ နောက်မှ ကိုယ့်ဘာသာကိုယ် ထုတ်ယူလိုက်မယ်”

“ခဏနေအုံး။ သူ့ အရေပြားပေး။ အမွေးရိတ်ထားတဲ့ အပိုင်းကနေ အမွေးနီတွေ ပြန်ပေါက်လာမလား ဆိုတာ စမ်းကြည့်ချင်တယ်”

“ကျန်းမာ သန်စွမ်းလိုက်တဲ့ နှလုံးသား အဲ့ဒါ ငါ့ဥစ္စာပဲ။ ငါ့ဆီကနေ ဘယ်သူမှမလုနဲ့။ သူ့ နှလုံးနဲ့ဆိုရင် (၉၉) ခုရှိပြီ။ နှလုံး (၁၀၀) ပြည့်အောင်စုဆောင်းဖို့ ခြေ တစ်လှမ်းပဲ လိုတော့တယ်”

.......

မျက်မှန်တပ်ထားသော အမျိုးသားသည် ခွဲစိတ်ခန်းမှ ထွက်လာရင်း စိမ်းပြာရောင် ခွဲစိတ်ခန်းသုံး ဝတ်စုံကိုချွတ်ကာ အဆောက်အဦး၏ အပေါ်ထပ်ရှိ ရုံခန်းထဲသို့ ဝင်သွားပြီး အဖြူရောင်ကုတ်အင်္ကျီကို ဝတ်ဆင်လိုက်သည်။

ဆံပင်ဖြူဖြူ၊ မုတ်ဆိတ်ဖြူဖြူနှင့် အဘိုးအို တစ်ယောက်သည် သူ့အင်ပါယာ နှလုံးသား လက်စွပ်ကို ပုံဖော်နေသည်။ ထိုစဉ်

မျက်မှန်တပ်ထားသော လူ ရောက်လာပြီး ပွင့်နေသောတံခါးကို ခေါက်လိုက်သည်။

"အထဲဝင်ခဲ့"

ထိုအဘိုးအိုက ခေါင်းငြိမ့်ပြသည်။

မျက်မှန် တပ်ထားသောလူသည် အထဲဝင်လာပြီး အဘိုးအို၏ စားပွဲရှေ့တွင် လေးစားသော အမူအရာနှင့် မတ်တပ်ရပ်လိုက်ကာ

"ဆရာ"

"ဟိုကောင်လေးဆီက တစ်ခုခု ရခဲ့လား"

"လွန်ခဲ့တဲ့ (၁၂) နှစ်က ဖန်တီးထားတဲ့ သူ့ရဲ့မျိုးရိုးဗီဇ ပေါင်းစပ်မှုက အဆင့်မြင့်လာတာ မရှိဘူး။ ခန္ဓာကိုယ်ကလည်း စိတ်ပျက်စရာပဲ။ (၁၇)ရာခိုင်နှုန်းပဲ ထိန်းသိမ်းထားနိုင်တယ်"

မျက်မှန်တပ်ထားသော အမျိုးသားက ခံစားချက်ကင်းမဲ့စွာဖြင့်

"သူက မျှော်လင့်ထားသလိုပဲ ပထမဦးဆုံးမျိုးဆက်ရဲ့ မအောင်မြင်တဲ့ ထုတ်ကုန်တစ်ခုပါ"

အဖိုးအိုက မည်သည့် အမူအရာမျှ မတုံ့ပြန်ပေ။

"သူတော်စင်တွေအကြောင်း မင်း ဘယ်လောက် သိလဲ"

"လွန်ခဲ့တဲ့ နှစ်ရက်က သူတို့ရဲ့မှတ်ဉာဏ်ကို ဖွင့်ဖတ်ကြည့်ဖို့ ကြိုးစားခဲ့တယ်လို့ ပြောရမယ်။ ဒါနဲ့ပက်သက်ရင် ပြောရမယ်ဆိုရင် သူတော်စင်တွေက အထင်ကြီးဖို့ ကောင်းတယ်။ သူတို့ မှတ်ဉာဏ်တွေကို ဖွင့်ဖတ်နိုင်ပေမယ့် သူတို့နတ်ဘုရားနဲ့ ပတ်သက်တဲ့ အဓိက မှတ်ဉာဏ်ကတော့ မပါလားဘူး။ သူ့တို့ရဲ့ ခွင့်ပြုချက် မရှိလို့လား ဒါမှမဟုတ် သူတော်စင်တွေက သူတို့ရဲ့ မှတ်ဉာဏ်

တစိတ်တပိုင်းကို ထိန်းချုပ်ထားလို့လားဆိုတာတော့ မသိဘူး။ အခြေခံအားဖြင့်တော့ သူ့ဆီကရလာတဲ့ အချက်အလက်က ကျွန်တော်တို့ သိပြီးသားတွေပဲ”

မျက်မှန်တပ်ထားသည့် အမျိုးသားက မျက်မှောင်ကြုတ်ပြီး ရှင်းပြလိုက်သည်။

“သူ့ရဲ့ ခွင့်ပြုချက်နဲ့ မဆိုင်လောက်ဘူး။ ပထမအကြီးအကဲ အပြင် ကျန်တဲ့ အကြီးအကဲတွေမှာလည်း တူညီတဲ့ ခွင့်ပြုချက်ပဲ ရှိတယ်။ အကြီးအကဲတွေက သူတော်စင် အဖွဲ့အစည်းရဲ့ ထိပ်တန်းအဖွဲ့ဝင်တွေ ဖြစ်နေပြီ။

သူကလည်း အကြီးအကဲ တစ်ယောက်ပဲလေ သူတို့ရဲ့နတ်ဘုရားကို တိုက်ရိုက် မဆက်သွယ်နိုင်ပေမယ့် သူတို့ရဲ့ နတ်ဘုရား အကြောင်းကိုတော့ တစ်ခုခု သိထားသင့်တယ် မဟုတ်လား။ သူတို့ရဲ့ နတ်ဘုရားနဲ့ပက်သက်တဲ့ မှတ်ဉာဏ်တွေကို သူတော်စင် အဖွဲ့အစည်းဘက်က ဖျက်သွားတာ ဖြစ်နိုင်တယ်”

အဖိုးအိုက ထိုကဲ့သို့ တွေးဆလိုက်သည်။

“တခြားကိစ္စ ရှိသေးလို့လား”

“ငါတို့ မထင်မှတ်ထားတဲ့ တစ်ခုခုတော့ ရခဲ့တယ်”

မျက်မှန်တပ်ထားသည့်လူက စပ်ဖြဲဖြဲ ပြုံးပြီး

“ပြန်ထုတ်ဖော်ထားတဲ့ မှတ်ဉာဏ်ထဲကနေ ထူးခြားတဲ့ လူငယ်လေးတစ်ယောက် တွေ့ခဲ့တယ်”

“အို၊ မင်း ထူးခြားတယ်လို့ ထင်တဲ့ လူကိုပြောပါ”

အဖိုးအိုသည် သူ့မျက်နှာပေါ်မှ အပြုံးကို သတိထားမိပြီး စိတ်ဝင်စားလာသည်။

“အဲ့လူငယ်က အဖြူရောင် မီးလျှံအဆင့်ပဲ ရှိသေးပေမယ့် ရွှေရောင်မီးလျှံအဆင့်ကို တိုက်ခိုက်နိုင်တယ်။ နောက်ပြီးတော့ သူက ရွှေရောင်

မီးလျှံအဆင့်အထိ မြင့်တက်လာပြီး အင်မော်တယ်အဆင့် (၅) က လူကိုတောင် သတ်နိုင်တယ်”

မျက်မှန်တပ်ထားသည့် လူမှာ ထိုကဲ့သို့ ပြောဆိုနေရင်း စိတ်လှုပ်ရှားလာသည်။

“အင်မော်တယ် အဆင့် (၅) ကို သတ်နိုင်တဲ့ ရွှေရောင် မီးလျှံအဆင့်လား။ ဒါဆိုရင် သူ့ကို အထွတ်အထိပ် ပါရမီရှင် တစ်ယောက်လို့ ယူဆလို့ရနေပြီ။ ဒါပေမယ့် အဖြူရောင် မီးလျှံအဆင့်ကနေ ရွှေရောင် မီးလျှံအဆင့်အထိ

တက်သွားတဲ့ အချက်ကတော့ သူ့ရဲ့တိုက်ခိုက်ရေး အဆင့်ကို မဖုံးကွယ်ထားဘူးဆိုတာ သေချာလို့လား”

အဘိုးအိုက တိုက်ခိုက်ရေးအဆင့် ဖုံးကွယ်ထားသည်ဟု ထင်နေသည်။

“အဲ့ဒီ မှတ်ဉာဏ် အစိတ်အပိုင်းကို နှစ်ကြိမ်လောက် ပြန်စစ်ပြီးပြီ။ အဲ့ဒီလူငယ်ရဲ့ တကယ် တိုက်ခိုက်ရေးအဆင့်က အဖြူရောင် မီးလျှံအဆင့်လို့ပဲ ငါထင်တယ်”

မျက်မှန်တပ်ထားသည့် လူက ခေါင်းငြိမ့်ပြီး ပြောလိုက်သည်။

“အင်မော်တယ် အဆင့် (၅) ကို သတ်ဖြတ်နိုင်တဲ့ အဖြူရောင် မီးလျှံအဆင့်လား”

အဘိုးအို၏ မျက်လုံးများ တောက်ပလာသည်။

“ငါ့ကိုပြစမ်း”

ရုတ်တရက်ဆိုသလို အဘိုးအို၏ ဆံပင်တစ်ချောင်းသည် အသက်ရှိနေသလို လွင့်မျော နေပြီး ကြည့်ရသည်မှာ ချွန်ထက်သော ဆူးတစ်ခုနှင့်ပင် တူနေသည်။

အခြားတစ်ဖက်တွင်လည်း မျက်မှန်ဝတ်ထားသည့်လူ၏ ဆံပင်တစ်ချောင်းသည် လေထဲထောင်တက်လာပြီး အဘိုးအို၏ ဆံပင်နှင့် မြွေတစ်ကောင်အလား ဆက်သွားသည်။ ခဏအကြာ ဆံပင်နှစ်ချောင်း ပြန်ပြတ်သွားပြီး ပုံမှန်အတိုင်း ပြန်ဖြစ်သွားသည်။

"ဆရာ၊ ကျွန်တော် သုတေသန လုပ်ဖို့အတွက် သူ့ကိုဖမ်းချင်တယ်"

မျက်မှန်တပ်ထားသည့် အမျိုးသားက တောင်းဆိုလိုက်သည်။

“အဲ့ဒီ ကလေး ဆိုရင်တော့ မင်း ဘာမှ မလုပ်နိုင်ဘူး”

အဘိုးအိုက ဗီဒီယိုဖိုင်မြင်ကွင်းကို တစ်ချက် ကြည့်ပြီးနောက် မျက်မှောင်ကြုတ်ထားသည်။

“သူ့မှာ အစွမ်းထက်တဲ့ နောက်ခံရှိလို့လား”

မျက်မှန်တပ်ထားသည့် လူက မျက်ခုံးပင့်ပြီး မေးလိုက်သဖြင့်

"အဲ့ဒီကောင်လေးကို လင်းဟွမ်လို့ ခေါ်တယ်။ အဖိုးကြီးဖူရဲ့တပည့်ပဲ။ ဒီကလေးကို ရန်စရင် အရမ်းအန္တရာယ်များလိမ့်မယ်"

အဖိုးအိုက ဘာမှမတတ်နိုင်သော အမူအရာနှင့် ပခုံးတွန့်လိုက်သည်။

"မစ္စတာဖူရဲ့ တပည့်လား။"

မျက်မှန်တပ်ထားသည့် လူသည် စိတ်ရှုပ်သွားသည်။

"အဖိုးကြီးဖူက တကယ် ကြီးကျယ်ခမ်းနားတဲ့ တပည့် တစ်ယောက် ရထားတာပဲ။ အင်မော်တယ်အဆင့် (၅) ကို သတ်နိုင်တဲ့ ရွှေရောင်မီးလျှံအဆင့်။ အဖွဲ့ခွဲ (၁) မှာတောင် ဒီလိုလူမျိုး ရှားလိမ့်မယ်။ သူက ဒီလောက် ကံကောင်းနေပြီ ဘာဖြစ်လို့ ငါ မဟုတ်ရတာလဲ"

အဘိုးအိုက သက်ပြင်းချပြီး ခေါင်းခါလိုက်သည်။

မျက်မှန်တပ်ထားသည့် လူသည် မကျေနပ်တော့ချေ။

"ဆရာ၊ မစ္စတာဖူ အဖွဲ့ခွဲ (၇) မှာ မရှိတဲ့အချိန် သူ့ကို ဖမ်းလို့ရတယ်"

မျက်မှန်တပ်ထားသည့် လူသည် ခေတ္တမျှ တုံ့ဆိုင်းသွားပြီးနောက် ပြောလိုက်သည်။ လက်လွတ်ဆုံးရှုံး ခံချင်သည့်ပုံ မရှိချေ။

"မင်းက ဒီလောက် မရမက ပြောနေမှတော့ ငါ မတားတော့ဘူး။ ဒါပေမယ့် မင်းကို အချက်နှစ်ချက်တော့ သတိပေးလိုက်မယ်။ ပထမတစ်ခုက မင်းလုပ်ချင်တာ လုပ် နောက်ကြောင်းရှင်းအောင်လုပ်။ ဒုတိယတစ်ခုက အဖိုးကြီးဖူက

မင်းလုပ်မှန်း သိသွားရင်တော့ ငါက မင်းကို ကူညီတော့မှာ မဟုတ်ဘူး။ မင်းနဲ့ ရှင်းရှင်းလင်းလင်း လမ်းခွဲရလိမ့်မယ်။ ငါ အသက် သိပ်မရှည်တော့ဘူး ဆိုတာ မင်းလည်းသိပါတယ်။ ဒီလိုမျိုး ဝန်ထုပ်ဝန်ပိုးတွေ ထမ်းလို့မရဘူး”

“နားလည်ပါပြီ။ မှတ်ထားလိုက်ပါ့မယ်”

မျက်မှန်တပ်ထားသည့် လူက ခေါင်းမော့ပြီး ပြန်ဖြေလိုက်သည်။

“မင်းမှာ လုပ်စရာ နောက်တစ်ခု ရှိသေးတယ်”

အဘိုးအိုက စကားလမ်းကြောင်း ချက်ချင်း ပြောင်းလိုက်သည်။

"ပြည်ထောင်စု အစိုးရက သူတော်စင်တွေကို တိုက်ခိုက်တော့မယ်။ သူတော်စင်အဖွဲ့က အကြီးအကဲတွေကို စတေးပြီး ထွက်ပြေးကြမှာ သေချာတယ်။ အဲ့ဒါ နတ်ဘုရားနဲ့ ပတ်သက်တဲ့ လျှို့ဝှက်ချက်တွေ တူးဖော်နိုင်ဖို့ အကြီးအကဲ တော်တော်များများကို ရဖို့ လိုတယ်။ အလုပ်ကို ပိပိရိရိလုပ်"

"ဟုတ်ကဲ့။ ကျွန်တော် အစွမ်းကုန် ကြိုးစားပါ့မယ်"

မျက်မှန်တပ်ထားသည့် လူက ခေါင်းငြိမ့်ပြလိုက်သည်။

"မင်း ဒါပဲ ပြောစရာရှိတယ်ဆို အခုထွက်သွားလို့ရပြီ"

ထို့နောက် အဘိုးအိုသည် သူ့ရှေ့တွင် ရှိနေသော အင်ပါယာ နှလုံးသားလက်စွပ်၏ လုပ်ဆောင်ပုံကို ပြန်ပြီး အာရုံစိုက်နေသည်။

“အခုပဲ သွားလုပ်လိုက်ပါ့မယ်”

မျက်မှန် တပ်ထားသည့်လူက အရိုအသေပေးပြီး ထွက်သွားသည်။

## အခန်း(၅၀၃) - ငြိမ်းချမ်းသော ဘ၀ကို ပြန်ရောက်သွားခြင်း။

သူတော်စင် အဖွဲ့၏ တိုက်ခိုက်ခြင်းကို ခံရပြီးနောက် အဖွဲ့ခွဲ (၇) တစ်ခုလုံးသည် ရုတ်ရုတ်သဲသဲ ဖြစ်ခဲ့ပြီး လူတိုင်းက သတိမြင့်ထားကြသည်။ ထိုအချိန်တွင် သိုင်းပညာ မုဆိုးကောလိပ်ကမူ အံ့သြစရာကောင်းလောက်အောင် ငြိမ်သက်နေခဲ့သည်။

အခင်းဖြစ်ပွားမှု အတွင်းတွင် သေဆုံးခဲ့သော ဆရာ(၆၀၀) ၏ မိသားစုများကို ဆင့်ခေါ်ကာ လျော်ကြေးများ ရက်ရက်ရောရော ပေးခဲ့သလို ထိုဆရာများ၏ နေရာအတွက် အစားထိုး ခန့်အပ်မှုကိုလည်း အောင်မြင်စွာ ပြုလုပ်ပြီးခဲ့ပြီ။

လူအသစ် ခေါ်ယူသည့် သတင်းများ ထွက်ပေါ်လာသည်နှင့် တစ်ပြိုင်နက် လူပေါင်း ရာနှင့်ချီပြီး ရောက်ရှိလာကြသည်။ အတန်းများ ကျန်နေသေးသဖြင့် ဆရာများသည် ပုံမှန်ထက် ပို၍ အလုပ်ရှုပ်နေကြသည်။

ဒုဋ္ဌာနမှူး နှစ်ယောက်၏ နှုတ်လုံမှုကြောင့် လင်းဟွမ်က အင်မော်တယ်အဆင့် သူတော်စင်အဖွဲ့ဝင် နှစ်ယောက်ကို သတ်လိုက်သည့် အကြောင်းအား ကောလိပ်၌ မည်သူမျှ မသိကြပေ။

လင်းဟွမ်က ကျောင်းသား အများစုကို တစ်ယောက်တည်း ကယ်တင်ခဲ့သည့် အကြောင်းသာ သိကြသည်။ ကျောင်းသားများက သူ၏ အထင်ကြီး လေးစားစရာ ကောင်းသော လုပ်ဆောင်ချက် အကြောင်းကို မသိကြပေ။

လင်းဟွမ်သည် အရှုံးမဲ့ စစ်သည်တော်ကျင့်စဉ်ကို ဆက်လက်လေ့ကျင့်နေပြီး သူ၏ ဓါးကျင့်စဉ်များကို ပေါင်းစပ်နေသောကြောင့် ကောလိပ်အတွင်းရှိ သူ၏ဘဝ နေထိုင်မှုပုံစံမှာ အပြောင်းအလဲ မရှိပေ။ တိုးလာသော နောက်ထပ် တာဝန်တစ်ခုမှာ ပိုင်ကို ဓါးကျင့်စဉ် သင်ပေးနေခြင်းပင်။

ထိုအချိန်တွင် လင်းရှင်ဘဝသည် ပုံမှန်အတိုင်း လည်ပတ်နေခဲ့သည်။ သူမသည် မြူခိုးသစ်တောထဲ၌ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်နှင့် ပတ်သက်၍ ဘာကိုမှ မသိပုံပင်။ လင်းဟွမ်လည်း သဲသဲကွဲကွဲ

မသိနိုင်သဖြင့် ထိုကိစ္စနှင့် ပတ်သက်၍ မစုံစမ်းတော့ရန် ဆုံးဖြတ်လိုက်သည်။

လင်းရှင်သည် အတန်းတက်သည့်အပြင် ညပိုင်း၌ ကံကြမ္မာ သလင်းကျောက်များကို အသုံးပြုကာ သူမ၏ မီးခိုးရောင် ကံကြမ္မာစွမ်းအား တိုင်များကို ကံကြမ္မာစွမ်းအားများ ထည့်သွင်းနေခဲ့သည်။

အသက် (၁၅) နှစ် မရောက်ခင်အချိန်တွင် ကံကြမ္မာစက်ဝိုင်း အများစုမှာ မတည်မငြိမ် ဖြစ်တတ်သောကြောင့် လူအများစုသည် အသက်

(၁၅) နှစ်နောက်ပိုင်း ရောက်ပြီးမှသာ သံအဆင့် တက်လှမ်းရန် ရွေးချယ်တတ်ကြ၏။

ယခုမူ လင်းရှင်သည် အသက် (၁၅) နှစ်သာ ရှိသေးသော်လည်း လင်းဟွမ်က သူမ၏ ကံကြမ္မာစက်ဝိုင်းကို စစ်ဆေးပြီးနောက် မီးခိုးရောင်ကံကြမ္မာ စွမ်းအားတိုင်များကို အသုံးပြု၍ ရနေပြီ ဖြစ်ကြောင်း အတည်ပြုခဲ့သည်။ သူမ၏ ကံကြမ္မာစက်ဝိုင်းထဲတွင် ကံကြမ္မာအလင်းများ ပြည့်သွားသည်နှင့် သူမသည် သံအဆင့် ရောက်ရှိ သွားလိမ့်မည်။

သူမက နောင်တစ်ချိန်တွင် သေနတ်ကိုင်ဆောင်သူ ဖြစ်ချင်သည်ဟု ယူဆသဖြင့် လင်းဟွမ်က သူမ၏အရှိန်ကို မြှင့်တင်နိုင်စေရန် ခရမ်းရောင်ဝတ်စုံဝတ် လက်ခြောက်ဖက်နတ်ဆိုးကို သူမ၏ ကံကြမ္မာမျိုးစေ့ မွန်းစတားအဖြစ် ရွေးချယ်ပေးခဲ့သည်။

တိုက်ပွဲ လေ့ကျင့်မှု ရပ်ဆိုင်းလိုက်သောကြောင့် ကျောင်းသားများကို အဆင့် သတ်မှတ်ခြင်း မလုပ်ခဲ့ပေ။

ကျောင်းသားရေးရာ ဌာနသည် အင်မတန် အလုပ်နေသဖြင့် ထိုကိစ္စကို တွက်ချက်ရန် အချိန် မရှိပေ။ ပထမနှစ် ကျောင်းသားအများစုသည် ထိတ်လန့် ကြောက်ရွံ့နေကြဆဲ ဖြစ်ပြီး အဆင့် သတ်မှတ်ချက်ကို စိတ်ဝင်စားနိုင်သည့် စိတ်အခြေအနေ မရှိပေ။

မကြာခင် သောကြာနေ့ ပြန်ရောက်လာပြီး လင်းပွမ်သည် နေ့လည် တစ်နာရီ မိနစ်လေးဆယ်တွင် ရုံးခန်းထဲ ရောက်နေခဲ့သည်။ သူရောက်ပြီး မကြာခင် မုရှောင်လန် ရောက်လာသည်။

"မစ္စ မု"

လင်းဟွမ်က ပြုံးပြီး နှုတ်ဆက်လိုက်သည်။

မုရှောင်လန်သည် ခါတိုင်းကဲ့သို့ တက်တက်ကြွကြွ မရှိပေ။ သူမ ပြန်လုပ်ပြသည်မှာ လင်းဟွမ်ကို အားတင်း၍ ပြုံးပြခြင်းသာ။ မုရှောင်လန်သည် ယခင်က တက်ကြွပြီး အများအားဖြင့် ဖော်ရွေတတ်သူဖြစ်သောကြောင့် လင်းဟွမ်သည် သူမ၏တုံ့ပြန်မှုကို မြင်သောအခါ အံ့အားသင့်သွားသည်။

ယနေ့၌ သူမသည် တမူထူးခြားစွာ အေးစက်နေခဲ့သည်။ သို့သော်လည်း လင်းဟွမ်သည် ထိုအကြောင်းနှင့် ပက်သက် အများကြီး မတွေးခဲ့ပေ။

မကြာခင် ချင်းထိုက်ရှင်းလည်း ရောက်လာသည်။ လင်းဟွမ် အတန်းတွင် လိုက်ထိုင်ရန် ဆုံးဖြတ်ထားပုံပင်။

အစပိုင်းတွင် လင်းဟွမ်က ကျောင်းသားများကို မကိုင်တွယ်နိုင်မည် စိုးရိမ်သောကြောင့် အတန်းထဲတွင် လိုက်ထိုင်ပေးခဲ့ခြင်းသာ ။

နောက်ပိုင်းတွင် လင်းဟွမ်၏ ခါးတာအို ကျွမ်းကျင်မှု အကြောင်းကို သိရှိခဲ့ပြီး ယခုမူ လင်းဟွမ်က မည်မျှ အစွမ်းထက်သည့် အကြောင်းကိုပင် သိလာ ခဲ့သည်။

သူတော်စင်အဖွဲ့အစည်း ကျူးကျော်ခဲ့သည့် အဖြစ်အပျက်၌ သူတော်စင် အဖွဲ့ဝင်အများစုသည် ခရမ်းရောင်နှင့် ရွှေရောင် မီးလျှံအဆင့် ရှိကြသော်လည်း လင်းဟွမ်က သူတို့ထဲမှ အယောက်(၆၀) နီးပါးကို သူ့ဘာသာသူ တစ်ယောက်တည်း သတ်ခဲ့သည့် အကြောင်းကို

ကောင်းကောင်း သိနေသည်။ ထိုအချက်မှာ လင်းဟွမ်က မည်မျှ အစွမ်းထက်ကြောင်း သက်သေပြနေခဲ့သည်။

လင်းဟွမ် အတန်းထဲတွင် လိုက်ထိုင်ရခြင်းမှာ သူ၏ ဓါးတာအို တိုးတက်လာစေရန်ပင် ။ အခြား တစ်ဖက်တွင်မူ လင်းဟွမ်နှင့် ပိုရင်းနှီးချင်သည်။ အများအားဖြင့် လင်းဟွမ်သည် သူ့ဘာသာသူ တစ်ယောက်တည်း နေတတ်သောကြောင့် သူနှင့် အချိန်ဖြုန်းနိုင်မည့် တစ်ခုတည်းသော နည်းလမ်းမှာ လင်းဟွမ်အတန်းထဲတွင် လိုက်ထိုင်ခြင်းပင်။

လင်းဟွမ်သည် အစကတည်းက ခင်မင်ရင်းနှီးတတ်သူ ဖြစ်သောကြောင့် ချင်းထိုက်ရှင်း ရည်ရွယ်ချက်နှင့် ပက်သက်၍ အများကြီး မတွေး ဖြစ်ခဲ့ပေ။ ရည်ရွယ်ချက်ရှိရှိ ရောက်လာပင်လျှင် ကောင်းသည်၊ ဆိုးသည် ပြောမည်မဟုတ်ချေ။

လင်းဟွမ်ဘက်မှလည်း ကောလိပ်ထဲတွင် ကောလိပ်နှင့် ပတ်သက်သော အကြောင်းအရာများကို ပြောပြပေးနိုင်မည့် လူလိုနေအပ်သည်။ ဒါသည် သူတို့နှစ်ယောက်လုံး အတွက် (win – win) နှစ်ဖက်လုံး အကျိုးအမြတ်ရရှိသည့် အခြေအနေပင် ။

"အစ်ကိုချင်း အခုတလော အတန်းနှစ်တန်း သင်ပေးနေရတယ်လို့ ကြားထားတယ်။ ငါ့အတန်းမှာ လိုက်ထိုင်ဖို့အတွက် အချိန်ရော ရှိသေးရဲ့လား"

လင်းဟွမ်က စနောက်လိုက်သည်။

"အလုပ် ဘယ်လောက်ပဲ ရှုပ်ရှုပ်၊ မင်းဆီက ဓါးပညာတော့ သင်ချင်သေးတယ်ဟ"

ချင်းထိုက်ရှင်းက နှိမ့်ချပြီး ပြောလိုက်သဖြင့်

"မနောက်ပါနဲ့ဗျာ.."

လင်းဟွမ်က ပြုံးပြီး ခေါင်းခါလိုက်သည်။

“အော် ဟုတ်ပြီ။ လူသစ်စုဆောင်းနေတဲ့ အခြေအနေကရော ဘယ်လိုလဲ”

လင်းဟွမ်က မေးလိုက်သည်။

“လာလျှောက်တဲ့ လူတော်တော်များများတော့ မအောင်ကြဘူး။ လက်ရှိတိုးတက်နေတဲ့ အခြေအနေကို ကြည့်ရရင်တော့ ငါတို့တွေ ပုံမှန် အစီအစဉ်အတိုင်း ပြန်လည်ပတ်နိုင်ဖို့ တစ်လလောက်တော့ လိုမယ်”

ချင်းထိုက်ရှင်းက ခေါင်းခါလိုက်ပြီး ..

"ကဲ.. အချိန်လည်း နီးနေပြီ.. အတန်းလည်း ရောက်တော့မယ်"

ထို့နောက် မုရှောင်လန် ထွက်ခွာသွားသည်။

လင်းဟွမ်သည် နာရီကြည့်လိုက်ရာ တစ်နာရီ၊ မိနစ် ငါးဆယ်ပင် မရှိသေးချေ။ သူမ ထွက်သွားသည်နှင့် ချင်းထိုက်ရှင်းကို တိုးတိုးလေး မေးလိုက်သည်။

"မစ္စမု ဘာဖြစ်နေတာလဲ။ ဒီနေ့ နည်းနည်းလေး ထူးခြားနေသလိုပဲ"

"သူမက ဒုတိယနှစ်မှာ ဓါးတာအိုကို နှစ်ပေါင်းများစွာ သင်ကြားပေးခဲ့တဲ့ ဆရာဝမ်ရယ်နဲ့ ကြိုက်နေကြတာ.။ အဲ့ဒီဝမ်ရယ်က တိုက်ပွဲလေ့ကျင့်မှုထဲမှာ ကာကွယ်သူ တစ်ယောက် လုပ်ခဲ့ပြီး သူတော်စင်အဖွဲ့အစည်းရဲ့ သတ်ဖြတ်မှုကို ခံလိုက်ရတယ်"

ချင်းထိုက်ရှင်းက ထွက်ခွာသွားသည့် မုရှောင်လန်ကို တစ်ချက်လှမ်းကြည့်ပြီး တိုးတိုးလေး မှျဝေလိုက်သည်။

“ပြီးခဲ့တဲ့ ရက်ပိုင်းလောက်က သူမကို တစ်ပတ်၊ နှစ်ပတ်လောက် အနားယူခိုင်းခဲ့သေးတယ်။ ဒါပေမယ့် သူမကငြင်းတယ်။ အမြဲတမ်း ပျော်ပျော်ရွှင်ရွှင် နေတတ်တဲ့ ပုံပေါက်ပေမယ့် အတွင်းမှာ ကျိတ်ပြီး ခေါင်းမာတဲ့ အမျိုးအစားပဲ”

လင်းဟွမ်သည် တကယ့် အဖြစ်အပျက်ကို ကြားသိပြီးနောက် ထပ် မမေးတော့ချေ။

“တော်ပြီ။ အချိန်လည်း နီးနေပြီဆိုတော့ သွားရအောင်”

ယနေ့တွင် လင်းဟွမ်သည်

'စီးဆင်းနေသော အတောင်ပံ'

ဟုခေါ်သည့် အမြန်နှုန်း ခါးကျင့်စဉ်အသစ်ကို သင်ကြား ပေးခဲ့သည်။ ကျောင်းသားများသည် သတ်ဖြတ်ခြင်း ပုံစံကျင့်စဉ်ကို တစ်လခန့် လေ့ကျင့်ပြီးနောက် အသစ်အဆန်းများကို လေ့လာသင်ယူရန် စိတ်အားထက်သန် လာကြသည်။

"စည်းကမ်းက အတူတူပဲ.. မင်းတို့ ပြန်သွားတဲ့အခါ သေသေချာချာ လေ့ကျင့်။ မြန်မြန် သင်ယူနိုင်ရင် ငါကလည်း ခါးကျင့်စဉ် ပိုများများ သင်ပေးမယ်။ ဒီနှစ်ထဲမှာ ခါးကျင့်စဉ် သုံးခု

သင်နိုင်မလား၊ လေးခု သင်နိုင်မလားဆိုတာ မင်းတို့အပေါ်ပဲ မူတည်တယ်။ ပုံမှန်အတိုင်းပဲ မင်းတို့ရဲ့ တိုးတက်မှုကို လာမယ့်သောကြာနေ့မှာ စစ်ဆေးမယ်”

လင်းဟွမ်က ကျောင်းသားများကို လှုံ့ဆော် ပေးခဲ့သည်။

“တစ်နှစ်ထဲမှာ ဓါးကျင့်စဉ်လေးခု သင်ယူရတာ နည်းနည်း မများဘူးလား”

ကျောင်းသားများ ထွက်သွားသောအခါ ချင်းထိုက်ရှင်းသည် မနေနိုင်ဘဲ မေးလိုက်သည်။

“ပုံမှန်အားဖြင့် ငါတို့တွေက စာသင်နှစ် တစ်နှစ်မှာ ခါးကျင့်စည် နှစ်မျိုးပဲ သင်ပေးတာ။ ဘယ်လိုပဲပြောပြော ကျောင်းသားတွေမှာ တခြား အတန်းတွေ ရှိသေးတယ်။ သူတို့ရဲ့ အချိန်အားလုံးကို ခါးတာအိုထဲမှာပဲ မြှုပ်နှံထားဖို့ မဖြစ်နိုင်ဘူး”

“မင်းက သူတို့ရဲ့စွမ်းရည်နဲ့ အလားအလာကို လျှော့တွက်နေတာပဲ။ စာသင်နှစ် တစ်နှစ်တည်းမှာ ခါးကျင့်စည် လေးမျိုးကို သင်ယူရတာ အရမ်း များပေမယ့်။ ခါးကျင့်စည် သုံးမျိုးဆို သူတို့အတွက် မခက်ပါဘူး။ ငါ နှစ်မျိုးပဲသင်ပေးရင် သူတို့တွေ

လက်ထဲမှာ အချိန်အများကြီး ပိုနေလိမ့်မယ်။ မှန်မှန်ကန်ကန် လေ့ကျင့်မှာ မဟုတ်ဘူး။ သင့်တော်တဲ့ဖိအား ရှိမှပဲ အလေးအနက်ထားလိမ့်မယ်"

ဒါသည် လင်းဟွမ် အတွေ့အကြုံမှ ပြောနေခြင်းပင်။ တက္ကသိုလ် တက်ခဲ့စဉ်က အများအားဖြင့် လက်ယား၊လက်ယား လုပ်နေခဲ့ပြီး စာမေးပွဲ ဖြေခါနီး တစ်လခန့်အလိုမှ ဖုတ်ပူမီးတိုက် ညနက်သန်းခေါင်ထိ စာကြည့်လေ့ ရှိသည်။ ထိုအချိန်ကလည်း ထိရောက်မှု အရှိဆုံးပင် ။

စာမေးပွဲကျမည်ကို စိုးရိမ်သောကြောင့် ထိုအချိန်တွင် ဖိအားများနေခဲ့သည်။

ချင်းထိုက်ရှင်းသည် လင်းဟွမ်၏ အယူအဆကို ကြားသောအခါ သူ၏သင်ကြားမှုပုံစံကို ပြောင်းလဲရင် ကောင်းမလားဟု စဉ်းစားနေခဲ့သည်။

အတန်းပြီး၍ ပိတ်ရက် ရောက်လာခဲ့သည်။

စနေနေ့ ညနေ၊ တိုက်ပွဲ လေ့ကျင့်ရေး အခန်းထဲတွင် ရှိနေစဉ် လင်းဟွမ်၏ အင်ပါယာ နှလုံးသားလက်စွပ် တုန်ခါလာသည်။ လင်းရှင်ထံမှ

ဖုန်းခေါ်နေခြင်း ဖြစ်သဖြင့် ချက်ချင်း ကိုင်လိုက်သည်။

“အစ်ကို။ ငါ့ရဲ့ ကံကြမ္မာစက်ဝိုင်းထဲမှာ ကံကြမ္မာအလင်းတွေ ပြည့်နေပြီ”

လင်းရှင်က စိတ်လှုပ်ရှားစွာ သတင်း ပေးလာသည်။

“ဒီည မင်းကိုယ်မင်း ပြင်ဆင်ထား။ မနက်ဖြန်က တနင်္ဂနွေနေ့။ မနက်ဖြန်ကျရင် မင်းရဲ့ ကံကြမ္မာမျိုးစေ့မွန်းစတားကို လိုက်ရှာဖို့ ဝုယုသစ်တောထဲ လိုက်ပို့ပေးမယ်”

လင်းဟွမ်၏ စိတ်ထဲတွင် အစကတည်းက အစီအစဉ်ရှိပြီးသား ဖြစ်သည်။

## အခန်း(၅၀၄) - လင်းရှင်၏ ထူးဆန်းလှသော ခန္ဓာကိုယ်ဖွဲ့စည်းပုံ

တနင်္ဂနွေနေ့မနက်တွင် လင်းဟွမ်သည် လင်းရှင်ကို ဝုယုသစ်တော နယ်စပ်ရှိ တောင်ပေါ်သို့ ခေါ်ဆောင်လာခဲ့သည်။

မိုးကြိုးသိမ်း၌ှက်က တောင်ပို့ထိပ်ကို ပို့ဆောင်ပြီးနောက် သွေးရဲရဲလေးကို ဆင့်ခေါ် လိုက်သည်။

“သွေးရဲရဲလေး.. ခရမ်းရောင် လက်ခြောက်ဖက် နတ်ဆိုးကိုရှာ၊ သံအဆင့် (၁) ဆိုရင် အကောင်းဆုံးပဲ။ ဒီလိုမှမဟုတ်ရင် သံအဆင့်ကို ရှာလိုက်ပါ”

မကြာခင် သွေးရဲရဲလေး အလုပ်များသွားပြီး မျှော့မျိုးစေ့ အမြောက်အမြားကို ထုတ်လွှတ်လိုက်သည်။ နာရီဝက် မပြည့်ခင်မှာပင် သွေးရဲရဲလေးက လင်းဟွမ်ကို ပစ်မှတ်တစ်ခု ရှာတွေ့ကြောင်း ပြောလိုက်သည်။

"ငါတို့ တစ်ကောင်တွေ့ပြီ။ တောအုပ်အလယ်ရဲ့ မြောက်ဘက်မှာ ခရမ်းရောင် လက်ခြောက်ဖက် နတ်ဆိုးတစ်ကောင် ရှိတယ်"

သွေးရဲရဲလေးက နှယ်ပင် အမျှင်နှစ်ခုကို ဆန့်ထုတ်ပြီး လင်းဟွမ်နှင့် လင်းရှင်တို့၏ မြေပုံပေါ်တွင် အမှတ်အသား လုပ်ပေးလိုက်သည်။

"ကောင်းပြီ.. ငါ ဒီက စောင့်နေမယ်။ တကယ်လို့ ငါ အရမ်း နီးသွားရင် မင်းအပေါ် ထိခိုက် သွားနိုင်တယ်"

လင်းဟွမ်သည် မိုးကြိုးသိမ်း၌က်၏ နောက်ကျောပေါ်မှ ခုန်ချလိုက်သည်။

"မိုးကြိုး။ သူမကို ချပေးပြီးတာနဲ့ ချက်ချင်း ပြန်လာခဲ့နော်"

မိုးကြိုးသိမ်း၌က်က ခေါင်းညိတ်ပြီး လင်းရှင်ကို အဝေးသို့ သယ်ဆောင်သွားသည်။ (၁၀) မိနစ်ခန့် ကြာပြီးနောက် လင်းရှင်ကို သစ်ပင်များ ရှင်းနေသော နေရာတစ်ခုတွင် ချပေးပြီး ပြန်ထွက်လာသည်။

အကျႌလက်ရှည်၊ ဘောင်းဘီ အရှည် ဝတ်ဆင်ထားသည့် လင်းရှင်သည် သွေးရဲရဲလေး

မှတ်သားပေးခဲ့သော ကိုညြဒိနိတ်က သူမ ရပ်နေသောနေရာနှင့် တစ်ကီလိုမီတာပင် မဝေးကြောင်း သဘောပေါက် လိုက်သည်။

ထို့နောက် မီးခိုးရောင် လင်းယုန် (၁၇) သေနတ်နှစ်လက် ထုတ်ယူပြီး ဘယ်တစ်လက်၊ ညာတစ်လက် ကိုင်လိုက်ကာ ပစ်မှတ်ထံ ပြေးမဝင်သွားခင် သံချပ်ကာခွဲ ကျည်ဆံ ဟုတ်၊ မဟုတ် သေချာအောင် အတည်ပြုလိုက်သည်။ တစ်ကီလိုမီတာခန့် လမ်းလျှောက်ပြီးနောက်

ခရမ်းရောင် လက်ခြောက်ဖက် နတ်ဆိုးကို တွေ့လိုက်သည်။

ကျတ်တီး မြေဖြစ်နေသော မြေပြင်ရှိ ချုံပုတ်တစ်ခုထဲတွင် ဝင်ပုန်းပြီး ချုံပုတ်ကြားမှ ချောင်းကြည့်လိုက်ရာ မွန်းစတား တစ်ကောင်ကို မြင်လိုက်၍ ထိတ်လန့်သွားသည်။ ဒါသည် လွန်ခဲ့သောတစ်နှစ်က လင်းဟွမ် သတ်ခဲ့သော သံအဆင့် (၃) နှင့် ဆင်တူသည့် သံအဆင့် (၁) ခရမ်းရောင် လက်ခြောက်ဖက် နတ်ဆိုးပင် ။

၎င်း၏ မျက်နှာပေါ်တွင် ထူးဆန်းသော အဖြူရောင်မျက်နှာဖုံး တစ်ခုရှိပြီး ထွင်းဖောက်မြင်နေရသော လက်ခြောက်ဖက် ရှိသည်။ ၎င်းသည် ခရမ်းရောင်ဝတ်စုံ ဝတ်ဆင်ထားပြီး မြေပြင်မှ စင်တီမီတာ (၂၀)၊ (၃၀) အကွာတွင် လွင့်မျောနေကာ ခြေထောက်ကို မတွေ့ရချေ။

"ဒီနတ်ဆိုးက နည်းနည်း ရုပ်ဆိုးတယ်၊ ကြောက်စရာ ဘာမှမရှိဘူး၊ မင်းက သေနတ်သမား၊ အနားမကပ်နဲ့"

လင်းရှင် စောင့်ကြည့်နေစဉ် နှလုံးသား အင်ပါယာလက်စွပ်နှင့် ချိတ်ဆက်ထားသော နားကြပ်မှ လင်းဟွမ်အသံ ထွက်ပေါ်လာသည်။

လင်းဟွမ်သည် သွေးရဲရဲလေး၏ မျှော့မျိုးစေ့မှ တစ်ဆင့် လင်းရှင်ကို စောင့်ကြည့်နေခြင်းပင်။

"အရမ်း မစိုးရိမ်နဲ့၊ အသက် ပြင်းပြင်းလေး ရှူလိုက်၊ စိတ်ငြိမ်အောင် ထား"

လင်းရှင်သည် ပြောသည့်အတိုင်း လုပ်လိုက်သည်။

သွေးရဲရဲလေး၏ မျှော့မျိုးစေ့သည် ပြီးပြည့်စုံသော ခံစားချက်မျိုး မရှိသဖြင့် လင်းရှင်၏ ကံကြမ္မာ မျိုးစေ့အပေါ် ထိခိုက်ခြင်း မရှိပေ။ ထို့ကြောင့် လင်းဟွမ်သည် သွေးရဲရဲလေးနှင့် ဆွေးနွေးခဲ့ပြီး လင်းရှင်၏ အခြေအနေကို စောင့်ကြည့်ရန် ဆုံးဖြတ်ခဲ့ခြင်းသာ ... ။

အသက်အနည်းငယ် ရှူပြီးနောက် လင်းရှင်၏ နှလုံးခုန်သံများ နှေးကွေးလာသည်။

“ငါက သေနတ်သမားပဲ၊ အနား မကပ်သရွေ့တော့ သေနတ်နဲ့ တစ်ခါတည်း ပစ်သတ်နိုင်တယ်”

လင်းရှင်သည် သူမ လက်ထဲက မီးခိုးရောင် (၁၇) သေနတ်နှစ်လက်ကို ကြည့်ပြီး တိုးတိုးလေး ရေရွတ်လိုက်သည်။

ထို့နောက် မတ်တပ် ထရပ်ကာ လျှပ်တစ်ပြက်ပစ်ချက် ဟုခေါ်သော သေနတ်ပစ်ခတ်ခြင်း နည်းစနစ်ကို အသုံးပြု၍ ပစ်ခတ်လိုက်သည်။ သံချပ်ကာခွဲ ကျည်ဆံများသည် လေထဲသို့ ပျံသန်းသွားပြီး ခရမ်းရောင် လက်ခြောက်ဖက် နတ်ဆိုးကို ကျည်ဆံများက ဝါးမျိုသွားသည်။

ကျယ်လောင်သော ပစ်ခတ်သံများကြားတွင် အမျိုးသမီးတစ်ယောက်၏ နာကျင်စွာ အော်ဟစ် ညည်းတွားနေသည့် အသံ ထွက်ပေါ်လာသည်။ သို့သော်လည်း လင်းရှင်ကမူ ထိုအော်သံကို ကြားသော်လည်း ပစ်ခတ်ခြင်းကို မရပ်တန့်ခဲ့ချေ။ နောက်ဆုံးတွင် ကျည်ကတ်ထဲ၌ ကျည်ဆံများ လုံးဝ ကုန်သွားသောအခါမှသာ ရပ်တန့်လိုက်သည်။

မီးခိုးငွေ့များ မှိန်ဖျော့သွားသည်နှင့် တစ်ပြိုင်နက် မြေပေါ်မှာ အရုပ်ကြိုးပြတ် လဲကျနေသော ခရမ်းရောင် လက်ခြောက်ဖက် နတ်ဆိုးကို

တွေ့လိုက်ရသည်။ ၎င်း၏မျက်နှာဖုံးမှာ ကွဲနေ၍ သေဆုံးသွားသည်မှာ သိသာ ထင်ရှားနေသည်။

"သေသွားပြီ၊ ကံကြမ္မာမျိုးစေ့ မပျောက်ခင် ချက်ချင်း သွားယူ"

လင်းရှင်သည် လင်းဟွမ်၏ ညွှန်ကြားချက်ကို ကြားသည်နှင့် အလောင်းထံ အမြန် လျှောက်သွားသည်။ သူမက ခြေလှမ်းအနည်းငယ် လျှောက်သွားသောအခါ ကျိုးပျက်နေသော မျက်နှာဖုံးထဲမှ အဖြူရောင် အလင်းတန်းတစ်ခု ဖြာထွက်လာပြီး သူမကို လုံး၀ ဖုံးအုပ်သွားသည်။

ဆယ်မိနစ်ခန့် ကြာသောအခါ လင်းရှင် ပြန်နိုးလာသည်။

"အဲ့ဒီမှာ စောင့်နေ၊ မိုးကြိုးက မင်းကို ပြန်ခေါ်လာလိမ့်မယ်"

လင်းရှင် မျက်လုံး ပြန်ဖွင့်လာသည်ကို မြင်လိုက်လျှင် လင်းဟွမ်က နားကြပ်မှတစ်ဆင့် ညွှန်ကြားလိုက်သည်။ ခဏအကြာ မိုးကြိုးသိမ်းဌက်က လင်းရှင်ကို လင်းဟွမ် ဘေးနားတွင် ချပေးလိုက်သည်။

လင်းဟွမ်သည် မိုးကြိုးနှင့် သွေးရဲရဲလေးတို့ကို ပြန်သိမ်းပြီးနောက် သိုလှောင် လက်စွပ်တစ်ကွင်း ထုတ်ကာ လင်းရှင်ကိုပေးလိုက်သည်။

"အထဲမှာ ကံကြမ္မာ သလင်းကျောက် တစ်သောင်းရှိတယ်၊ အဓိက က မင်းရဲ့ကံကြမ္မာ စက်ဝိုင်းကို ဖြည့်သွင်းဖို့ပဲ၊ အသုံးစရိတ် အနေနဲ့လည်း သုံးနိုင်တယ်"

"များလွန်းတယ်.."

ကံကြမ္မာသလင်းကျောက် တစ်ခုသည် နှစ်တစ်ရာ ကံကြမ္မာ သလင်းကျောက် အပိုင်းအစနှင့် နှိုင်းယှဉ်

နိုင်ပြီး အကျိုးဆောင်အမှတ် တစ်သိန်းနှင့် ညီမျှကြောင်း လင်းရှင် သိနေသည်။ ရွှေအဆင့်ရှိသော လူအများစုအတွက်ပင် ကံကြမ္မာ သလင်းကျောက် တစ်သောင်းသည် ကြီးမားသော ကြွယ်ဝချမ်းသာမှု တစ်ခုပင် ။

“ဒါက မများပါဘူး၊ မင်းကျင့်ကြံ ဖို့အတွက် တကယ် လိုအပ်တယ်။ အဆင့် ဒီထက်ပိုမြင့်ရင် ကံကြမ္မာ သလင်းကျောက် ပိုပြီး လိုအပ်လာဦးမှာ”

လင်းဟွမ်က နေရာကူးပြောင်းခြင်း ဓါတ်ကွင်းကို ဆင့်ခေါ်ပြီးနောက် လင်းရှင်ကို သိုင်းပညာ မုဆိုးကောလိပ်သို့ ပြန်ခေါ်သွားခဲ့သည်။

ယခုတစ်ကြိမ်တွင် လင်းရှင်၏ စစ်ဆင်ရေးမှာ ပြီးဆုံးသွားခဲ့ပြီး လင်းဟွမ်ထက်ပင် ပိုမိုလွယ်ကူကာ ခရမ်းရောင် လက်ခြောက်ဖက် နတ်ဆိုးကို သေနတ်နှင့်ပစ်ခတ်၍ အလွယ်တကူ သတ်ဖြတ် ခဲ့သည်။

လင်းရှင်သည် အဆင့်တက်ပြီးနောက် အတန်းတက်သည့် အပြင် ကျန်သည့်

အချိန်အများစုကို လေ့ကျင့်ရေး အခန်းထဲတွင် ကံကြမ္မာစက်ဝိုင်းများ ဖြည့်သွင်းရင်း ကုန်ဆုံးခဲ့သည်။

ယခုအခါ၌ သူမသည် လက်သင်အဆင့် သေနတ်ပစ်ခတ်ခြင်း နည်းစနစ်များကို သင်ယူနိုင်နေပြီ။ သူမ၏ အကြီးမားဆုံး ပြဿနာမှာ ကံကြမ္မာစွမ်းအား မလုံလောက်ခြင်း ဖြစ်ကြောင်း သူမသိနေသည်။

အချိန်များ ကုန်လွန်သွားခဲ့ပြီး မကြာခင် ဗုဒ္ဓဟူးနေ့ ရောက်လာသည်။

ညနေပိုင်းတွင် လင်းဟွမ်က ပိုင်နှင့်အတူ လေ့ကျင့်နေစဉ် အင်ပါယာနှလုံးသား လက်စွပ် တုန်ခါလာသည်။ လင်းရှင်ထံမှ ဖုန်းခေါ်ဆိုခြင်း ဖြစ်၍

"ရှင်အာ၊ ဘာဖြစ်လို့လဲ"

"အစ်ကို၊ ဘေးနားမှာ ဘယ်သူရှိနေလဲ"

လင်းရှင်က မေးလိုက်သည်။

"ပိုင်ပဲ ရှိတယ်.."

"ငါ့ခန္ဓာကိုယ် တစ်ခုခု မှားနေပြီထင်တယ်"

လင်းရှင်သည် စကားပြောနေစဉ် ချီတုံချတုံ ဖြစ်နေသည်။

"မင်း ဘယ်မှာလဲ၊ ငါမင်းကို လာရှာမယ်"

လင်းဟွမ် မျက်မှောင်ကြုတ်သွားသည်။

"ငါ လေ့ကျင့်ရေးအခန်း အမှတ် (၂၈) မှာ ရှိတယ်"

"အဲ့ဒီမှာပဲ စောင့်နေ၊ ငါ ချက်ချင်း လာခဲ့မယ်"

လင်းဟွမ်က ပိုင်ကို လှမ်းကြည့်လိုက်ပြီး ..

“မင်းကို နောက်တစ်ရက်မှပဲ ပြန်သင်ပေးတော့မယ်။ အခု ရှင်အာ တစ်ခုခု ဖြစ်နေတယ်”

ပိုင်က ခေါင်းညိတ်ပြသည်။

လင်းဟွမ်သည် ပိုင်ကို ပြန်သိမ်းပြီးနောက် လေ့ကျင့်ရေး အခန်းထဲမှ ထွက်လာခဲ့သည်။

သုံးမိနစ်ခန့် ကြာသောအခါ လေ့ကျင့်ရေးအခန်း အမှတ် (၂၈) အခန်းတံခါးကို ခေါက်လိုက်သည်။

လင်းရှင်က ချက်ချင်း တံခါးဖွင့်ပေးကာ လင်းဟွမ်ဝင်ပြီးသည်နှင့် တံခါးကို ကမန်းကတန်း ပြန်ပိတ်လိုက်သည်။

"အစ်ကို ခုနစ်လေးက ကံကြမ္မာသလင်းကျောက်ကို တိုက်ရိုက် မျိုချနိုင်တယ်ဆိုတာ မှတ်မိသေးလား"

လင်းရှင်က မေးလိုက်သဖြင့်

လင်းဟွမ်က ခေါင်းညိတ်ပြသည်။

“ငါလည်း အဲ့ဒီလို လုပ်နိုင်တယ်ဆိုတာ သိလိုက်ရတယ်”

လင်းရှင်က မသဲမကွဲ ပြောလိုက်သည်။

“မင်း ဘာပြောတာလဲ.. ကံကြမ္မာ သလင်းကျောက်ကို မတော်တဆ မျိုချမိတာလား”

လင်းဟွမ်သည် လင်းရှင်က ဘာကို ဆိုလိုချင်မှန်း နားမလည်ပေ။

“မတော်တဆ မဟုတ်ဘူး၊ တမင် သက်သက် လုပ်ခဲ့တာ”

လင်းရှင်က ဖြည်းဖြည်းချင်း ခေါင်းခါလိုက်သည်။

“အဲ့ဒါက ဒီလိုဖြစ်သွားတာ၊ ဒီရက်ပိုင်းအတွင်း ကံကြမ္မာသလင်းကျောက် ဆီကနေ ကံကြမ္မာ စွမ်းအားတွေ စုပ်ယူတယ်။ ရက် နည်းနည်းလေး ကြာတာတောင် ကံကြမ္မာတိုင်ဆယ်ခုပဲ ပြည့်လို့ အရမ်း နှေးတယ်လို့ ထင်တယ်။ အဲ့ဒီအချိန်မှာ ခုနစ်လေးက ကံကြမ္မာသလင်းကျောက် တိုက်ရိုက် စားနေတာ မြင်ပြီး စမ်းကြည့်ချင်စိတ် ပေါက်လာတယ်။ အဲ့ဒါနဲ့ ကံကြမ္မာ သလင်းကျောက်ကို ပါးစပ်ထဲ ပစ်ထည့်လိုက်တာ

ချက်ချင်း အရည်ပျော်သွားပြီး လည်ချောင်းကနေ တစ်ဆင့် ခန္ဓာကိုယ်တစ်ခုလုံး စီးဝင်သွားတယ်။ အဲ့ဒီနောက် ငါရဲ့ ကံကြမ္မာစက်ဝိုင်းထဲမှာ ကံကြမ္မာစွမ်းအားတွေ သိသိသာသာ တိုးလာတဲ့အကြောင်း သိလိုက်ရတယ်။ အဲ့ဒါနဲ့ နောက်ထပ် ကံကြမ္မာ သလင်းကျောက်နှစ်ခုကို ထပ်စမ်းကြည့်တော့လည်း အတူတူပဲ"

"တကယ်လား.."

လင်းဟွမ်သည် ကံကြမ္မာသလင်းကျောက်ကို တိုက်ရိုက် စားသုံး၍ ကံကြမ္မာစွမ်းအား

စုပ်ယူနိုင်သော လူသားတစ်ယောက် အကြောင်းကို တစ်ခါမှ မကြားခဲ့ဖူးပေ။

ရယ်စရာ ကောင်းသည်ဟု ထင်ခဲ့မိသည်။ ဤကဲ့သို့ လုပ်နိုင်ပါက ထိုလူသည် သူလုပ်သည့်ထက်ပင် အများကြီး ပို၍ မြန်ဆန်လာမှာ အသေအချာပင်။ သူက မွန်းစတားများကို အသည်းအသန် သတ်ဖြတ်နေရသည့် အချိန်တွင် ထိုလူက အိမ်ထဲတွင်ထိုင်နေပြီး ကံကြမ္မာ သလင်းကျောက်များကို အဆာပြေ မုန့်စားသလို ငုံထားနိုင်သည်။

"ငါ့ရဲ့ခန္ဓာကိုယ် တစ်ခုခု ဖြစ်နေတာလား"

လင်းရှင် စိတ်ပူနေသည်။

"ငါ့ကို ပြပါဦး"

လင်းဟွမ်က လင်းရှင်ပခုံးပေါ် လက်တင်လိုက်သည်။ ထို့နောက် ကံကြမ္မာစွမ်းအားကို သူမခန္ဓာကိုယ်ထဲ ထည့်သွင်း၍ ခန္ဓာကိုယ်အနှံ့ စီးဆင်းစေလိုက်သည်။

"အခု မင်း စမ်းလုပ်ကြည့်စမ်း"

လင်းရှင်သည် သိုလှောင် လက်စွပ်ထဲမှ ကံကြမ္မာသလင်းကျောက် တစ်ခုကို ထုတ်ယူ၍ ပါးစပ်ထဲ ထည့်လိုက်သည်။ လင်းဟွမ်က ကံကြမ္မာ သလင်းကျောက်၏ အဖြစ်အပျက်ကို မြင်နိုင်စေရန် သူမက ပါးစပ် ဟထားသည်။

နှစ်မိနစ် မပြည့်ခင် ပန်းနုရောင်လျှာပေါ်တွင် ရှိနေသော ကံကြမ္မာသလင်းကျောက်သည် အငွေ့ပျံသွားသကဲ့သို့ အရည် ပျော်သွားပြီး လည်ချောင်းထဲ စီးဝင်သွားသည်။

လင်းဟွမ်သည် သူမ ခန္ဓာကိုယ်ထဲ စိမ့်ဝင်သွားသည်နှင့် ကံကြမ္မာ စက်ဝိုင်းထဲသို့ ရုတ်တရက် စီးဝင်လာသော ကံကြမ္မာစွမ်းအား စီးကြောင်းကို ခံစားလိုက်မိသည်။ အဖြစ်အပျက်ကို နားမလည်နိုင်ပေ။

ကံကြမ္မာစွမ်းအားများက သူမ၏ ခန္ဓာကိုယ်ကို မဖြတ်သန်းဘဲ ကံကြမ္မာစက်ဝိုင်းထဲ တိုက်ရိုက် စိမ့်ဝင်လာရသည့် အကြောင်းအရင်းက အဓိပ္ပါယ် မရှိလှချေ။

လင်းဟွမ်သည် သူမ၏ ကံကြမ္မာစက်ဝိုင်းကို စစ်ဆေးခဲ့ပြီး အရာအားလုံးက ပုံမှန်သာဖြစ်ကြောင်း အတည်ပြုပြီးနောက် ကံကြမ္မာစွမ်းအားကို ပြန်ရုပ်သိမ်းလိုက်သည်။

"အခုလက်ရှိ မင်းခန္ဓာကိုယ်က အရာအားလုံး ပုံမှန်ပါပဲ၊ ကံကြမ္မာစွမ်းအားကို ထူးဆန်းတဲ့ နည်းလမ်းနဲ့စုပ်ယူနိုင်တာပဲ ဖြစ်လိမ့်မယ်။ အဲ့ဒါက မင်းဆီမှာ တမူထူးခြားတဲ့ ခန္ဓာကိုယ်ဖွဲ့စည်းပုံ ရှိတယ်လို့ ဆိုလိုတာပဲ။ ဒါက သံအဆင့်ကို ရောက်ပြီးမှ အသက်ဝင်လာတဲ့ အထူး

သွေးမျိုးဆက်တစ်ခု ဖြစ်နိုင်တယ်။ ဘာမှ စိုးရိမ်နေစရာ မလိုဘူး”

လင်းဟွမ်က ညီမဖြစ်သူကို နှစ်သိမ့်လိုက်သည်။

“အဲ့ဒီလိုလား..”

လင်းရှင်သည် ရင်ထဲမှအပူလုံးကြီး ကျသွားပြီး သက်ပြင်းချလိုက်သည်။

“ဒါကို ငါတို့ကြားထဲမှာပဲ ထား၊ မင်းအခန်းထဲက အခန်းဖော်တွေ အပါအဝင် မင်းရဲ့အချစ်ဆုံး သူငယ်ချင်းတွေတောင် ဒီအကြောင်း မပြောနဲ့၊

ဒီအဖြစ်အပျက်က မြေအောက်အဖွဲ့အစည်းက လူတွေရဲ့ အာရုံကို ဖမ်းစားနိုင်တယ်။ ပေါက်ကြားသွားရင် မင်းကို ဂီလာန ဝက်တစ်ကောင်လိုမျိုး သဘောထားပြီး

ဖမ်းလိမ့်မယ်..”

လင်းဟွမ်က လင်းရှင်ကို သတိပေးလိုက်သည်။

“ဟုတ်၊ ဘယ်သူ့မှ မပြောဘူးလို့ ကတိပေးတယ်”

လင်းရှင်က ခေါင်းညိတ်လိုက်သည်။

လင်းရှင်သည် သူတော်စင်အဖွဲ့အစည်း အဖြစ်အပျက်ကြောင့် မြေအောက်အဖွဲ့အစည်းနှင့် ပတ်သက်၍ သတိကြီးလာခဲ့သည်။

"မင်းရဲ့ ပထမ ကံကြမ္မာစက်ဝိုင်းထဲကို ကံကြမ္မာစွမ်းအား ဖြည့်ပြီးရင် သံအဆင့် (၂) မတက်နဲ့ဦး၊ မင်းရဲ့ တိုက်ခိုက်ရေးအဆင့်ကို ဖုံးကွယ်နိုင်တဲ့ ဓါတ်ကြွင်းတစ်ခု ငါ ရှာလိုက်ဦးမယ်။ အဲ့ဒါဝတ်ပြီးမှ မင်းအဆင့်တက်"

လင်းဟွမ်သည် လင်းရှင်၏ လျင်မြန်စွာ အဆင့်တက်နိုင်သော အရည်အချင်းအား မည်သူကိုမျှ မသိစေချင်ပေ။

ယခုအခါတွင် လင်းရှင်သည် ကံကြမ္မာသလင်းကျောက် အများကြီးရှိရန်သာ လိုအပ်ပြီး အဆင့်တစ်ခုချင်းစီတိုင်းအတွက် ကံကြမ္မာမျိုးစေ့ မွန်းစတားသာ မလိုအပ်ပါက ကံကြမ္မာသလင်းကျောက်များ စားသုံးရုံဖြင့် ရွှေအဆင့်(၃) ကို ရောက်ရှိရန် တစ်ပတ်ထက် နည်းသောအချိန်သာ လိုအပ်သည်။ လင်းဟွမ်၏

အဆင့်တက်သည့် နည်းလမ်းထက် ဆယ်ဆ ပိုလွယ်ပေလိမ့်မည်။

"ခါတ်ကြွင်းလား.."

လင်းရှင်၏ မျက်လုံးများ အရောင်တောက်ပလာသည်။ သာလွန်အဆင့်များကသာ ခါတ်ကြွင်းများကို အသုံးပြုနိုင်ကြောင်း သူမ သိထားသည်။

"ငါသုံးလို့ ရလို့လား"

လင်းရှင် စိုးရိမ်နေသည်။

"ဒါက အသက်သွင်းဖို့ မလိုဘူး။ တမူထူးခြားတဲ့ ခါတ်ကြွင်းတစ်ခုပဲ။ မင်းရဲ့ အော်ရာတွေကို ဖိနှိပ်ပေးထားရုံပဲ.."

လင်းဟွမ်က ခေါင်းညိတ်ပြီး ရှင်းပြလိုက်သည်။

"ဒီ လက်စွပ်သုံးကွင်းက မင်း သံအဆင့်ကို တက်လှမ်းလာတဲ့အတွက် ဂုဏ်ပြုတာ။ မနေ့ကမှ ရောက်တာဆိုတော့ ဒီနေ့မှပဲ ပေးနိုင်တာ.."

လင်းဟွမ်သည် သူ့ သိုလှောင်လက်စွပ်ထဲမှ အနက်ရောင် လက်စွပ်သုံးကွင်းကို ထုတ်ယူပြီး လင်းရှင်ကို ပေးလိုက်သည်။

"အထဲမှာ ဘာတွေပါလဲ.."

လင်းရှင်သည် ပစ္စည်းကို လက်ခံပြီးနောက် စိတ်လှုပ်ရှားစွာ ကြည့်လိုက်သည်။

"စိတ်ကြိုက် မွမ်းမံထားတဲ့ အနက်ရောင် လင်းယုန်(၃၃) သေနတ် နှစ်လက်၊ နောက်ဆုံးထုတ် နတ်ဆိုးနက် သံချပ်ကာ။ သေနတ် နှစ်လက်မှာ သူတို့ရဲ့ ကိုယ်ပိုင်လုပ်ဆောင်ချက် ရှိတယ်။ တစ်ခုက တိုက်ခိုက်မှု အရှိန်ကို မြှင့်တင်ထားတယ်။ နောက်တစ်ခုက ပစ်ခတ်တဲ့ ပေါက်ကွဲအားကို

မြှင့်တင်ထားတယ်၊ မင်း အသုံးပြုနေရင်း ဖြည်းဖြည်းချင်း ရင်းနှီးလာလိမ့်မယ်”

“အစ်ကို ကျေးဇူးတင်တယ်။ အစ်ကိုက ဒီကမ္ဘာပေါ်မှာ အကောင်းဆုံးပဲ”

လင်းရှင်သည် အနက်ရောင် လင်းယုန် (၃၃) သေနတ်တစ်ခု ရလျှင် တော်တော်လေး ကောင်းမှာပဲဟု တွေးထားခဲ့သော်လည်း စိတ်ကြိုက် ပြုပြင်ထားသော သေနတ်နှစ်လက် ရရှိလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။ သူမ ရရှိသောဆုမှာ သူမ၏ စိတ်ကူးထက်ပင် ကျော်လွန်သွားခဲ့ပြီ။

လင်းရှင်သည် သူမထံတွင် ထူးဆန်းသော ခန္ဓာကိုယ်ဖွဲ့စည်းပုံ ရှိနေကြောင်း သိခဲ့သည်မှာ တစ်ပတ်ကျော်သွားပြီ။

လင်းဟွမ်က သူမကို တိုက်ခိုက်ရေးအဆင့် ဖုံးကွယ်နိုင်သော ဓါတ်ကြွင်းတစ်ခု ပေးခဲ့သည်။ ဒါသည် အင်မော်တယ်အဆင့် အောက်ရှိ တိုက်ခိုက်ရေးအဆင့်များကို ဖုံးထားနိုင်သော ဓါတ်ကြွင်း လက်ကောက်တစ်ခုဖြစ်ပြီး တန်ဖိုးက အဆင့် (၅) ဓါတ်ကြွင်းစာမျှ တန်ဖိုးကြီး၏။

လင်းဟွမ်သည် ညီမ ဖြစ်သူ ဘေးကင်းစေရန်အတွက် လက်ကောက်ကို ပေးပြီးနောက် အော်ရာဖုံးကွယ်နိုင်မည့် ကျင့်စဉ်ကို သင်ပေးလိုက်သည်။

လင်းရှင်သည် ကံကြမ္မာစွမ်းအား တိုင် (၃၆၀) ရှိသည့် ပထမဦးဆုံး ကံကြမ္မာစက်ဝိုင်း ပြည့်ခဲ့သည့် အချိန်တွင် ရပ်နားထားခဲ့သည်။ ယခုအခါ ကံကြမ္မာသလင်းကျောက်များကို နောက်တစ်ကြိမ် ပြန်စားပြီးနောက် နေ့တစ်ဝက် မပြည့်ခင်မှာပင် သံ အဆင့် (၃) သို့ ရောက်ရှိသွားခဲ့သည်။

## အခန်း(၅၀၅) - ပျံ့သန်းနိုင်သော စွမ်းအားအမှတ်အသား တည်ဆောက်ခြင်း။

မကြာခင် နှစ်ပတ် ကုန်သွားသည်။

လင်းဟွမ်၏ ကံကြမ္မာစွမ်းအားနှင့် ခန္ဓာကိုယ်ဖွဲ့စည်းပုံ အသွင်းပြောင်းလဲမှုအရှိန်သည် နှေးကွေးလာသည်။ လက်မထက် သေးငယ်သော ကံကြမ္မာမီးလျှံ ဆယ်ခုသည် ယခုအခါ ပင်ပေါင်ဘောလုံးအရွယ်အစား ဖြစ်လာပြီး မီးတောက်က နှစ်ဆယ်စင်တီမီတာကျော် မြင့်တက်လာခဲ့သည်။

အရှုံးမဲ့ စစ်သည်တော် ကျင့်စဉ်ကို လေ့ကျင့်နေခဲ့သည်မှာ တစ်ဝက်တစ်ပျက် ရောက်ရှိနေခဲ့ပြီ။ ယခုလက်ရှိတွင် သူ၏ခန္ဓာကိုယ်သည် သာမန်လူတစ်ယောက်ကဲ့သို့ မဟုတ်တော့ဘဲ ပြောင်းလဲလာကာ သာမန်လူတစ်ယောက်ထက် သုံးဆကျော် သန်မာနေသည်။ ဓါတ်ကြွင်းအဆင့် အောက်ရှိ မည်သည့်လက်နက်ကမှ သူ့ကို မထိခိုက်စေနိုင်တော့ပေ။

ကံကြမ္မာစွမ်းအား သိပ်သည်းဆကို ရွှေအဆင့် ပြည့်ဝအဆင့် ရောက်ရှိသည့် အချိန်ကတည်းက

ကံကြမ္မာစွမ်းအား သိပ်သည်းမှုနှင့် မနှိုင်းယှဉ်နိုင်တော့ချေ။ အဆပေါင်းများစွာ ပို၍ သိပ်သည်း လာသည့်အပြင် ဝိသေသလက္ခဏာ အချို့လည်း ပြောင်းလဲသွားသည်။ ဒါသည် စွမ်းအင်အသစ် တစ်ခုအဖြစ် လုံးဝ ကူးပြောင်း သွားသလိုပင်။

သန့်ရှင်းမီးလျှံအဆင့်သို့ ခြေလှမ်း လှမ်းလိုက်သည်နှင့် ကံကြမ္မာမီးလျှံနှင့် ကံကြမ္မာစွမ်းအားသည် တစ်ခုနှင့်တစ်ခု အပြန်အလှန် အားပြု နိုင်သည်။ ကံကြမ္မာမီးလျှံသည်

ကံကြမ္မာစွမ်းအားကို ထုတ်ယူပြီး ထုတ်လွှင့်ပေးနိုင်သည့်အပြင် ကြီးထွားရန် အတွက်လည်း ကံကြမ္မာစွမ်းအားကို စုပ်ယူနိုင်သည်။ မီးစာ အဆင့်အတန်း ကွဲပြားသွားသည်နှင့်အမျှ ကံကြမ္မာမီးလျှံ၏ သန်မာမှုသည်လည်း လုံး၀ ကွဲပြားသွားသည်။

သန္ဓေတစ်ကြိမ်မှ မပြောင်းလဲထားသော မီးစာ၏ မီးလျှံသည် မီးလောင်ကျွမ်းပြီး ကံကြမ္မာမီးလျှံ ဖြစ်လာပြီးနောက် အများဆုံး တစ်မီတာအထိသာ လောင်ကျွမ်းနိုင်သည်။

သန္ဒေတစ်ကြိမ်ပြောင်း မီးစာသည် သုံးမီတာအထိ လောင်ကျွမ်းနိုင်ပြီး သန္ဒေနှစ်ကြိမ်ပြောင်း မီးစာက ဆယ်မီတာအထိ လောင်ကျွမ်းနိုင်ကာ သန္ဒေသုံးကြိမ်ပြောင်း မီးစာကမူ မီတာငါးဆယ်အထိ လောင်ကျွမ်းနိုင်သည်ဟု ဆိုကြသည်။ တစ်ချိန်တည်းမှာပင် သန္ဒေလေးကြိမ်ပြောင်း မီးစာတစ်ခုက မည်မျှ မြင့်မားစွာ လောင်ကျွမ်းနိုင်ကြောင်း မည်သူမှ မသိကြပေ။

လင်းဟွမ်သည် သူ၏ ကံကြမ္မာမီးလျှံက မည်မျှအထိ လောင်ကျွမ်းနိုင်မလဲ ဆိုသည်ကို

သိချင်နေသည်။ ကံကြမ္မာမီးလျှံ အားကောင်းလာသည်နှင့်အမျှ ကံကြမ္မာစွမ်းအား စုပ်ယူနိုင်စွမ်းမှာ ပိုမိုမြန်ဆန်လာပြီး ကံကြမ္မာစွမ်းအား သိပ်သည်းဆကလည်း ပိုမြင့်မားလာသည်။

"ငါ အဖြူရောင် မီးလျှံအဆင့် ရောက်သွားတာ တစ်လကျော် ရှိနေပြီ။ အခု ငါ့ရဲ့ကံကြမ္မာစွမ်းအားနဲ့ ခန္ဓာကိုယ် ဖွံ့ဖြိုးမှုကလည်း တည်ငြိမ်သွားပြီ။ အစောပိုင်းက ရရှိခဲ့တဲ့ အဆင့်ကျော်သတ်ဖြတ်ခြင်း ဆုတွေကို အသုံးပြုဖို့ အချိန်တန်ပြီ"

လင်းဟွမ်က စိတ်လှုပ်ရှား နေသည်။

"ဒါပေမယ့် အဲ့ဒါတွေ မလုပ်ခင် ငါ့မှာ လုပ်စရာတစ်ခု ရှိသေးတယ်"

လင်းဟွမ်သည် မွန်းစတားကတ် အနည်းငယ်ကို ထုတ်ယူပြီး တိုးတိုးလေး ရေရွတ်လိုက်သည်။ ထိုကတ်များမှာ အဓိပတိ အရှင်သခင်၊ မျှော်လင့်ချက် အရိုးဝိညာဉ်နှင့် မိစ္ဆာသုံးကောင် တို့ပင်။

သူတို့ထံမှ မွန်းစတား စွမ်းရည်များ ထုတ်ယူချင်သည်။ မွန်းစတားစွမ်းရည် နေရာလွတ်များကို ကန့်သတ်ထားသောကြောင့် ဆယ်ခုတွင် သုံးခုသာ လွတ်တော့သည်။ ထို့အပြင်

အဓိပတိ အရှင်သခင်၏ စွမ်းရည်ကို မထုတ်ယူရသေးကြောင့် နေရာတစ်ခုက လစ်လပ်နေသည်။

ယခုမူ သူသည် အဖြူရောင် မီးလျှံအဆင့် ရောက်လာသောကြောင့် မွန်းစတား စွမ်းရည်များကို ပိုမိုပိုင်ဆိုင်လာနိုင်ပြီး မွန်းစတားစွမ်းရည် နေရာလွတ် (၂၀) အထိ ရှိလာခဲ့သည်။

"ရှောင်ဖိန်၊ ဒီကတ် ငါးကတ်ဆီက စွမ်းရည်တွေ ထုတ်ယူချင်တယ်"

လင်းဟွမ်သည် ကတ်များကို ကြည့်ပြီးနောက် ညွှန်ကြားလိုက်သည်။

“စွမ်းရည်ထုတ်ယူခြင်း အသက် သွင်းနေပါတယ်။ ကျပန်းစွမ်းရည် ရွေးချယ်ခြင်း ပြီးဆုံးသွားပါပြီ”

“ အရုပ် လျှို့ဝှက်စွမ်းရည် (အဓိပတိ အရှင်သခင်) ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်”

“ဖိနှိပ်ခြင်း (မျှော်လင့်ချက် အရိုးဝိညာဉ်) ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်”

“နတ်ဆိုးဆန်သော စိတ်ချင်းဆက်သွယ်မှု (ယုတ်ညံ့မှင်စာ မီစ္ဆာ)ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်”

“နတ်ဆိုးအစွမ်း ပြန်လည် ကုသခြင်းစွမ်းရည် (တမန်တော်မိစ္ဆာ)ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်”

“စုန်းစွမ်းရည် (စုန်းမ) ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်”

လင်းဟွမ်သည် စွမ်းရည် ငါးခုကို ထုတ်ယူပြီးနောက် သူ၏ မွန်းစတားစွမ်းရည် နေရာလွတ် (၁၂) ခု ပြည့်သွားသည်။ သတ်ဖြတ်သူ ပုံမှန်ခါးမှာ ကတ်ပုံစံသာ ရှိနေသေးသောကြောင့် စွမ်းရည်များကို မထုတ်ယူ နိုင်သေးသဖြင့် နေရာလွတ်(၈) ခု ချန်ထားချင်သည်။

ထို့အပြင် လန်စန်လော့၏ ခါးကျေးကျွန်ရှစ်ယောက်မှာ မော်ကွန်းအဆင့် ဖြစ်ကြပြီး လင်းဟွမ်လိုချင်သော စွမ်းရည်များ မရှိသဖြင့် စွမ်းရည်များ မထုတ်ယူခဲ့ပေ။

"ဒီတစ်ကြိမ် ရထားတဲ့ စွမ်းရည်တွေက လုံးဝ မဆိုးဘူး။ အရုပ် လျှို့ဝှက်စွမ်းရည်၊ ဖိနှိပ်ခြင်း၊ စုန်းပညာ၊ ဒါတွေက ငါ အမြဲတမ်း လိုချင်နေတဲ့ ထိန်းချုပ်ရေး စွမ်းရည်တွေပဲ။ စိတ်ချင်း ဆက်သွယ်ခြင်း၊ ပြန်လည်ကုသခြင်း စွမ်းရည်တွေလည်း မဆိုးပါဘူး"

လင်းဟွမ်သည် သူရခဲ့သော စွမ်းရည်များနှင့် ပတ်သက်၍ စိတ်ကျေနပ်နေသည်။

ထို့နောက် နာရီကိုကြည့်လိုက်ရာ ည (၇) နာရီ ထိုးနေပြီဖြစ်ကြောင်း သိလိုက်သဖြင့် မစ္စတာဖူးထံ ချက်ချင်း ဖုန်းဆက်လိုက်သည်။ ဒုတိယအကြိမ် ဖုန်းသံမြည်ပြီးနောက် မစ္စတာဖူးက ဗီဒီယိုဖုန်းကို ကိုင်လိုက်သည်။

"ဘာဖြစ်လို့လဲ ချစ်တပည့်"

မစ္စတာဖူးရှေ့တွင် စစ်တုရင်ခုံ တစ်ခုရှိနေပြီး တစ်ယောက်ယောက်နှင့် စစ်တုရင် ကစားနေပုံပင်။

“ဆရာ၊ ကျွန်တော့်ရဲ့ကံကြမ္မာမီးလျှံနဲ့ ခန္ဓာကိုယ် တည်ငြိမ်သွားပြီ၊ စောစောက ပြောခဲ့တဲ့ အမှတ်အသားတွေကရော”

လင်းဟွမ် စကားမဆုံးခင် မစ္စတာဖူးရှေ့တွင် ထိုင်နေသော လူက စကားဖြတ် ပြောလိုက်သည်။

“မြန်မြန်လုပ်၊ မင်း မကစားရင် မင်းအရှုံးလို့ သတ်မှတ်လိုက်မယ်”

“လုပ်ကွာ၊ ငါ သဘောအကျဆုံး တပည့်နဲ့ စကားပြောနေတယ်”

မစ္စတာဖူးက လက်ခါပြပြီး လင်းဟွမ်ကို လှည့်ကြည့်လိုက်သည်။

"ငါ ကစားပွဲပြီးသွားရင် မင်းဆီကို ပျံ့သန်းနိုင်တဲ့ အမှတ်အသား ပို့ပေးလိုက်မယ်။ မင်း အချိန်ပေးပြီး လေ့လာလိုက် ။ နားမလည်တာရှိရင် ပြန်မေး"

မစ္စတာဖူး ချက်ချင်း ဖုန်းချသွားသည်။

ဆယ်မိနစ် မပြည့်ခင် မစ္စတာဖူးထံမှ မက်ဆေ့ချ် ပို့လာသည်။ အမှတ်အသား မျိုးကွဲများစွာနှင့် အဆင့်များစွာ ပါရှိသည်။ အဆင့်နိမ့်

အမှတ်အသားများကို မုဆိုးအဖွဲ့အစည်း သို့မဟုတ် မှောင်ခိုဈေးကွက်ထဲတွင် ဝယ်ယူနိုင်သည်။

လင်းဟွမ် လိုချင်သောတံဆိပ်မှာ မြေစွမ်းအား ဆန့်ကျင်နိုင်သော၊ ရွေ့လျားနိုင်သော၊ ဟန်ချက်ထိန်းချုပ်နိုင်သော၊ လိုသလို ပြောင်းလဲနိုင်သော၊ အရှိန်အတိုးအလျှော့ လုပ်နိုင်သော၊ လှည့်ပြောင်းနိုင်သော၊ ရုတ်တရက် ခုခံနိုင်သော၊ အရှိန်ရုတ်တရက် ရပ်တန့်နိုင်သော စသည့် စွမ်းရည်အမျိုးမျိုး ပေါင်းစပ်ထားသော ပျံသန်းမှု အမှတ်အသား ဖြစ်သည်။

ကံကြမ္မာစွမ်းအားများ လည်ပတ်ခြင်းဖြင့် ဤအမှတ်အသားများကို အသက် သွင်းရသည်။ ထိုအမှတ်အသားများ ပို၍ အသက်ဝင်လာသည်နှင့်အမျှ လူတစ်ယောက် ဗီဇ၏ အစိတ်အပိုင်းအနေနှင့် ပေါင်းစည်းနိုင်ခြေ ပိုများလာသည်။

သာလွန်အဆင့်အောက်တွင် လူသားများ မပျံ့သန်းနိုင်ရသော အကြောင်းအရင်းမှာ သူတို့သည် ကံကြမ္မာစွမ်းအားများကို ခွဲထုတ်ပြီး

အမှတ်အသားများ မတည်ဆောက်နိုင်သောကြောင့်ပင် ။

အခြားတစ်ဖက်တွင်မူ သာလွန်အဆင့်မွန်းစတားများစွာသည် သူတို့၏ မှတ်ဉာဏ်ထဲတွင် အလားတူ အမှတ်အသားများကို အမွေဆက်ခံသောကြောင့် ပျံသန်းနိုင်ကြသည်။

လင်းဟွမ်သည် ထိုအမှတ်အသားများကို ရရှိပြီးကတည်းက ပထမဦးဆုံး အကြိမ်စမ်းသပ်လိုက်သည်။ မစ္စတာဖူး ပေးခဲ့သော အမှတ်အသားသည် ရှုပ်ထွေး၍ အသေးစိတ်

ကျူလွန်းသည်။ ဒါသည် အမှတ်အသားပေါင်း (၂၀) ကျော်နှင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး လင်းဟွမ်သည် တစ်ခုပြီးတစ်ခု လေ့လာ သင်ယူခဲ့သည်။

ပထမဦးဆုံး သင်ယူခဲ့သည့်အရာမှာ မြေဆွဲအား ဆန့်ကျင်သော အမှတ်အသားပင်။ အစောပိုင်းက နှလုံးသား ကွန်ရက်ပေါ်တွင် သူ ကြည့်ခဲ့သော မြေဆွဲအား ဆန့်ကျင်သည့် အမှတ်အသားထက် ဆယ်ဆ ပိုခက်သည်။ စိတ်ရှည်ရှည်ထား၍ ထပ်ခါထပ်ခါ ကြိုးစားခဲ့ရသည်။

လင်းဟွမ်သည် အဖြူရောင် မီးလျှံအဆင့်သို့ ရောက်ရှိသည့်မှာ မကြာသေးသော်လည်း အစောပိုင်း ကာလများတွင် သွေးစွမ်းအားများကို အသုံး ပြုခဲ့သောကြောင့် ကံကြမ္မာစွမ်းအားများ ခွဲထုတ်ခြင်းနှင့် ပတ်သက်၍ ရင်းနှီးနေခဲ့သည်။

မည်သို့ပင်ဆိုစေကာမူ အကြိမ် (၂၀) ကျော် ကျရှုံးပြီးနောက် နောက်ဆုံးတွင် မြေဆွဲအား ဆန့်ကျင်သော အမှတ်အသားကို ကျွမ်းကျင်ခဲ့သည်။ ရှုပ်ထွေးလှသော ဒီအမှတ်အသားကို သာမန်လူတစ်ယောက်က ရေးဆွဲရန် မဆိုထားနှင့်၊

ကြည့်ရုံမျှဖြင့် ခေါင်းရှုပ် သွားနိုင်သည်။ ကံကြမ္မာစွမ်းအားများကို အသုံးပြု၍ ရေးဆွဲခြင်းမှာ အဆပေါင်း ရာနှင့်ချီ၍ ပိုခက်ခဲစေသည်။

လင်းဟွမ်သည် မြေဆွဲအား ဆန့်ကျင်သော အမှတ်အသားကို အသက်သွင်းပြီးနောက် ခန္ဓာကိုယ်က လေထဲ မြောက်တက်လာသည်။ ခန္ဓာကိုယ်က မြေပြင်ပေါ်မှ မြောက်တက်လာသောအခါ ဟီလီယံ မိုးပျံပူဖောင်း တစ်လုံးကဲ့သို့ ခံစားရသည်။ သို့သော်လည်း မြေဆွဲအားဆန့်ကျင်သည့် အမှတ်အသားကို

ကျွမ်းကျင်သေးသဖြင့် လိုသလို ထိန်းချုပ်နိုင်ခြင်း မရှိဘဲ မြေပေါ်မှ ကြွတက်ရုံမျှသာ မြောက်တက်နိုင်သည်။

သူသည် ဒုတိယ အမှတ်အသားကို မသင်ယူခင် မျက်လုံးမှိတ်ပြီး ပြီးပြည့်စုံလာအောင် အကြိမ် အနည်းငယ်ခန့် ထပ်မံ ရေးဆွဲခဲ့သည်။ ထိုညက မနက်တစ်နာရီခွဲအထိ လေ့ကျင့်ခဲ့ပြီး အမှတ်အသား နှစ်ခုသာ သင်ယူနိုင်ခဲ့သည်။ သို့သော်လည်း ပထမဦးဆုံး အမှတ်အသားမှာ အနည်းငယ် ပိုရှုပ်ထွေး၍ ခက်ခဲသောကြောင့်

နောက်ပိုင်းတံဆိပ်များအတွက် အထောက်အကူ ဖြစ်ခဲ့ပြီး ပိုမို လွယ်ကူစေခဲ့သည်။

နောက်ပိုင်း ရက်များတွင် တိုက်ပွဲလေ့ကျင့်ရေး အခန်းထဲ၌ အမှတ်အသားများ ရေးဆွဲရင်း အချိန်အားလုံး ကုန်ဆုံးခဲ့သည်။ မြေဆွဲငင်အား ဆန့်ကျင်သော တံဆိပ်အပြင် ရွှေ့လျားနိုင်သော၊ ထိန်းညှိနိုင်သော၊ လိုသလို ထိန်းချုပ်နိုင်သော စသည့်အရာများကို အကြိမ်ကြိမ် ကြိုးစား၍ ကျရှုံးပြီးနောက် ခြောက်ရက်မြောက်နေ့တွင် အမှတ်အသားအားလုံးကို ပေါင်းစပ်နိုင်ခဲ့သည်။

နောက်ဆုံးတွင် လင်းဟွမ် ပျံသန်းနိုင်ခဲ့ပြီ။

## အခန်း(၅၀၆) - ကံဆိုးမိုးမှောင်ကျခြင်း

"အထူး ဂန္ဓဝင်အဆင့် ပျံသန်းခြင်း စွမ်းရည်ကတ်ကို ရရှိထားတဲ့အတွက် ဂုဏ်ပြုပါတယ်။ ကျေးဇူးပြုပြီး စွမ်းရည် နာမည်ပေးပါ"

"ဒါကို အင်ပါယာ ပျံသန်းခြင်းလို့ ခေါ်လိုက်ရအောင်"

လင်းဟွမ်သည် စွမ်းရည်အသစ်ကို ပုံမဖော်ခင် ကတည်းက စဉ်းစားခဲ့သည်။ ခရမ်းရောင်

စွမ်းရည်ကတ်ပေါ်က စွမ်းရည် နာမည်ကို မြင်ပြီးနောက် ပြုံးလိုက်မိသည်။ ပျံသန်းခြင်းသည် သာလွန်အဆင့်နှင့် လူသားများကြားတွင် စည်းတားထားသော ကျော်ကြားသည့် စည်းတစ်ခုပင်။

“မပျံသန်းနိုင်ရင် ငါက သာလွန် လူသားတစ်ယောက်လို့ ဘယ်လို ပြောနိုင်မှာလဲ”

နောက်ဆုံးတွင် လင်းဟွမ်သည် စွမ်းအင်နယ်ပယ်ကို တည်ဆောက်ပြီးပြီ ဖြစ်သဖြင့် စစ်မှန်သော သာလွန်လူသား တစ်ယောက်

ဖြစ်လာခဲ့သည်။ သူသည် အင်ပါယာ ပျံသန်းခြင်း၏ ပျံသန်းခြင်း အကျိုးသက်ရောက်မှုကို စမ်းကြည့်လိုက်သည်။

ပုံမှန်ပျံသန်းမှု အမြန်နှုန်းမှာ မာစ် (၁) ( မှတ်ချက် - အမြန်နှုန်းကို တိုင်းတာသည့် ယူနစ်) နှင့် နီးစပ်နေပြီး တစ်နာရီလျှင် ကီလိုမီတာ (၁,၂၀၀) နှုန်းအထိ ရှိသည်။ အရှိန်မြင့်ပါက တစ်နာရီလျှင် ကီလိုမီတာ (၂,၅၀၀) အထိ ရောက်ရှိနိုင်သော်လည်း မာစ် (၂) ထက် ကျော်လွန်သွားပါက ကံကြမ္မာစွမ်းအား ကုန်ဆုံးမှုမှာ ငါးဆပိုလာသည်။ နှစ်ထပ်အရှိန်နှင့်

ပျံသန်းပါက အမြန်နှုန်းသည် မာစ် (၃) ထက် ကျော်လွန်သွားပြီး တစ်နာရီလျှင် ကီလိုမီတာ (၃,၇၀၀) အထိ ရောက်ရှိနိုင်ကာ ကံကြမ္မာစွမ်းအားမှာမူ ပုံမှန်အမြန်နှုန်းနှင့် ပျံသန်းခြင်းထက် အဆ (၅၀) ပိုကုန်သည်။

လင်းဟွမ်သည် တမန်တော်အရှိန်ကို အသက် မသွင်းဘဲ အမြင့်ဆုံး ကီလိုမီတာ (၄,၀၀၀) နှုန်းအထိ ပျံသန်းနိုင်ပြီး ကိုင်လီထက် နှေးကွေးသည်။ ထို့ကြောင့် ဝေးသောနေရာကို ချက်ချင်းရောက်ရန် လိုအပ်ပါက မိုးကြိုးကို စီးခြင်းက ပို၍

ကောင်းမွန်သည်။ မစ္စတာဖူးက သူ့ကိုပေးခဲ့သော အမှတ်အသားများသည် ပျံသန်းခြင်းဆိုင်ရာ တံဆိပ်များထဲတွင် ထိပ်ဆုံး ဖြစ်သည်။ သာမန် အမှတ်အသားများက အကန့်အသတ် ရှိနေပြီး အမြန်ဆုံးနှုန်းမှာ မာစ် (၂.၅) အထိသာ ရောက်ရှိနိုင်သည်။

အမှတ်အသားကို အထိုင်ချပြီးပါက သန့်ရှင်း မီးလျှံအဆင့်အတွင် ပျံသန်းမှု အမြန်နှုန်းသည် များစွာပြောင်းလဲလိမ့်မည် မဟုတ်ပေ။ သို့သော်လည်း အင်မော်တယ် အဆင့်ကို ရောက်သွားသည်နှင့်အမျ

အမှတ်အသားမှာ ပိုမိုအစွမ်းထက်လာပြီး အမြန်နှုန်းသည် (၃၀) ရာခိုင်နှုန်းမှ (၄၀) ရာခိုင်နှုန်း အထိ တိုးလာနိုင်သည်။

“အခုတော့ အင်ပါယာ ပျံ့သန်းမှုကို ကျွမ်းကျင်နေပြီးတော့ ထုတ်ယူထားတဲ့ မွန်းစတား စွမ်းရည်တွေကိုလည်း ရင်းနှီးသွားအောင် နှစ်ရက်လောက် အချိန်ယူပြီး လုပ်ရမယ်။ ငါ့မှာရှိတဲ့ လုပ်စရာတွေ လက်ကျန် ဖြတ်ပြီးရင် ဒီတစ်ပတ်ထဲမှာ အန္တရာယ်ဇုန်ကို သွားရမယ်”

လင်းဟွမ်သည် အင်ပါယာနှလုံးသား လက်စွပ်ထဲမှ ပြက္ခဒိန်ကို ထုတ်ကြည့်လိုက်သည်။

"ဒီနေ့က ဗုဒ္ဓဟူးနေ့ဆိုတော့ သောကြာနေ့မှာ အတန်း ရှိသေးတယ် သွားလို့မရသေးဘူး။ နောက်ပြီးတော့ ငါ လုပ်မယ့်ကိစ္စကလည်း တစ်ရက်တည်းနဲ့ အချိန် မလောက်ဘူး။ မမျှော်လင့်ထားတဲ့ အဖြစ်အပျက်တွေ ဖြစ်လာခဲ့ရင် တစ်ရက်ထက်တောင် ပိုကြာ နိုင်သေးတယ်။ ဒါကြောင့် အတန်း မလွတ်အောင် မစွန့်စားချင်ဘူး။ အင်း.... ဒီလိုဆိုမှတော့လဲ မွန်းစတားစွမ်းရည်နဲ့

ပိုရင်းနီးအောင် ရက်နည်းနည်းလောက် အချိန်ပိုယူပြီး သောကြာနေ့ အတန်းပြီးမှပဲ သွားတော့မယ်”

မကြာခင် နှစ်ရက်ကုန်သွားပြီး သောကြာနေ့ ရောက်လာသည်။ နိုဝင်ဘာလ ပထမအပတ်တွင် တိုက်ပွဲလေ့ကျင့်မှု စတင်မည်ဟု ယူဆရသည်။ သို့သော်လည်း ပြီးခဲ့သည့် လက သူတော်စင်အဖွဲ့အစည်း၏ အဖြစ်အပျက်နှင့် ပက်သက်၍ ပြည့်ထောင်စုအစိုးရက မြေအောက် အဖွဲ့အစည်းများနှင့် ပြဿနာ ဖြေရှင်း၍ မပြီးသေးချေ။ ထို့ကြောင့်

သိုင်းပညာမုဆိုးကောလိပ်သည် လုံခြုံရေးကို ထည့်သွင်းစဉ်းစားကာ ယခုတစ်ကြိမ် တိုက်ပွဲလေ့ကျင့်မှုကို ဆိုင်းငံ့ထားလိုက်သည်။

ပထမနှစ် ကျောင်းသားအားလုံးသည် ပုံမှန်အတိုင်းသာ အတန်း တက်ကြသည်။ ကျောင်းသား အချို့ကမူ ထိုအစီအစဉ်နှင့် ပတ်သက်၍ မကျေမနပ် ဖြစ်နေကြသော်လည်း ကြောက်စရာကောင်းသော အဖြစ်အပျက်ကို ပြန်ပြောင်းသတိရပြီးနောက် ပါးစပ်ပိတ်နေရန် ရွေးချယ်ခဲ့ကြသည်။

နေ့လည် တစ်နာရီ မိနစ်လေးဆယ်တွင် လင်းဟွမ်သည် ရုံးခန်းထဲ ရောက်လာသည်။ တစ်နာရီမိနစ်ငါးဆယ် ကျော်သောအခါ ချင်းထိုက်ရှင်း ရုံးခန်းထဲ ရောက်လာသော်လည်း မုရှောင်လန်ကိုမူ မည်သည့်နေရာမှာမှ မတွေ့ရပေ။

"အစ်ကိုချင်း၊ မစ္စမုက ခွင့်ယူထားတာလား"

လင်းဟွမ်သည် မုရှောင်လန်ကို မတွေ့ရသည်မှာ ထူးဆန်းနေသဖြင့် ချင်းထိုက်ရှင်းကို မေးလိုက်သည်။

"အလုပ် ထွက်သွားပြီ"

ချင်းထိုက်ရှင်းက ခေါင်းခါပြီး ပြောလိုက်သည်။

“အလုပ် ထွက်သွားတယ်”

“အင်း.... သူမက ဝမ်ရယ်ကို မမေ့နိုင်ဘူး။ သူတော်စင် အဖွဲ့အစည်းတွေနဲ့ တိုက်တဲ့ တိုက်ပွဲတွေကလည်း ဘာရလဒ်မှ မထွက်လာဘူး။ အဲ့ဒါနဲ့ မကျေမနပ်ဖြစ်ပြီး ပြီးခဲ့တဲ့ အပတ် အတန်းပြီးတာနဲ့ အလုပ်ထွက်သွားတာပဲ”

“အဖြူရောင် မီးလျှံအဆင့်ကို အဆင့်တက်လှမ်းဖို့ ကြိုးစားချင်တယ်လို့ ပြောတယ်။ သူတော်စင်တွေနဲ့ တိုက်ခိုက်တဲ့ စစ်ဆင်ရေးကိုလည်း ယူထားတယ်။

ကျောင်းသားရေးရာ အရာရှိနဲ့ငါက သူမကို ဆက်နေဖို့ တောင်းဆိုပါသေးတယ်။ ဒါပေမယ့် နားမထောင်ဘူး”

ချင်းထိုက်ရှင်းက အဖြစ်အပျက်များကို ပြန်ပြောပြလိုက်သည်။

“ဘာဖြစ်လို့ ဒီစစ်ဆင်ရေး မပြီးသေးတာလဲ။ တစ်လတောင် ကျော်နေပြီ”

လင်းဟွမ် အံ့ဩသင့်နေသည်။ သူသည် မုဆိုးအဖွဲ့အစည်း၏ ရွှေအဆင့် မုဆိုးတစ်ဦးမျှသာ ဖြစ်သောကြောင့် သာလွန်အဆင့်အတွက် ရည်ရွယ်သော သတင်းများကို မရနိုင်ပေ။

သို့သော်လည်း ချင်းထိုက်ရှင်းမှာမူ မုဆိုးအဖွဲ့အစည်း၏ အမှုဆောင်အရာရှိ စာရင်းဝင်နေသောကြောင့် ပြည်တွင်း သတင်းအချို့ကို ဝင်ရောက်ယူငင်နိုင်စွမ်း ရှိသည်။

"သူတော်စင်တွေ ပျောက်သွားပြီ။ ပြည်ထောင်စုအစိုးက သူတို့ ဌာနချုပ်ကို ရောက်တဲ့အချိန်မှာ ဟာလာ ဟင်းလင်းကြီး ဖြစ်နေတယ်။ အခြားဝပ်ကျင်းက ဂိုဏ်းခွဲတွေ အားလုံးကလဲ ရွှေ့သွားကြပြီ။ ကံကောင်းတာက အခုလက်ရှိမှာ သူတော်စင်အဖွဲ့ဝင် အားလုံးက

လူတိုင်းရဲ့ ရန်သူဖြစ်နေလို့ သတင်းပေါက်ကြားသွားပြီး ပုန်းအောင်းနေတဲ့ သူတော်စင်အဖွဲ့ဝင် (၈၀) ကျော် ဖမ်းမိခဲ့တယ်။ ဒါတောင် သူတို့အားလုံးကို ဖမ်းမိဖို့ ဆယ်ရက်ကနေ တစ်လခွဲလောက် အချိန်ပေးလိုက်ရသေးတယ်”

ချင်းထိုက်ရှင်းက ပြောလိုက်သည်။

“မစ္စမု အဆင်ပြေပါစေလို့ပဲ မျှော်လင့်ပါတယ်”

လင်းဟွမ်က ခေါင်းခါ၍ သက်ပြင်းချလိုက်သည်။ မုရှောင်လန်ဆိုသည်မှာ ချင်းထိုက်ရှင်းအပြင် သူ ရင်းနှီးသည့် တစ်ဦးတည်းသော လုပ်ဖော်ကိုင်ဖက်

ဖြစ်သည်။ အချိန်ဇယား တူနေသောကြောင့် သူတို့နှစ်ယောက်သည် သောကြာနေ့တိုင်း ဆုံတွေ့ကြသည်။ လင်းဟွမ်က ဤကဲ့သို့ ဖော်ရွေတတ်ပြီး ပျော်ရွှင်တတ်သော အမျိုးသမီးတစ်ယောက်ကို ဆိုးရွားသော အဖြစ်အပျက်များနှင့် မကြုံတွေ့စေချင်ပေ။

"အတန်းချိန်နီးနေပြီ၊ မင်းအတန်းကို သွားသင့်ပြီ။ ပြည်ထောင်စု စစ်တပ်ကလည်း မစ္စမုကို ကောင်းကောင်း စောင့်ကြည့်ပေးမှာပါ။ စိတ်မပူနဲ့"

ချင်းထိုက်ရှင်းက လင်းဟွမ်ပခုံးကို ပုတ်ပြီး ပြောလိုက်သည်။

....................

ဝပ်ကျင်းအမှတ် (၇) ဘီ (၉၉) ၊ ကံဆိုးမိုးမှောင်မြို့.....

ကံဆိုးမိုးမှောင်မြို့သည် အဖွဲ့ခွဲ (၇) ၏ မြောက်ဘက်အစွန်းတွင် တည်ရှိသည်။ ဒါသည် ရှေးခေတ် ယခင်အချိန် ကတည်းက အကျဉ်းသားများအတွက် နေရာတစ်ခုပင် ။ တစ်နေ့တွင် ရဟန်းတော်တစ်ပါးက ဤနေရာကို

ဖြတ်သန်းသွားလာစဉ် တောင်လိုယာလို ပုံနေသော အလောင်းများကို မြင်ခဲ့ပြီး ကံဆိုးမိုးမှောင် ကျနေတာပဲဟု ပြောကြားခဲ့သည်။ ထိုအချိန်မှစ၍ ဤနာမည်တွင်ခဲ့ပြီး ပြည်ထောင်စုအစိုးရသည် ဤမြို့ကို ပြန်လည် တည်ဆောက်သည့် အခါမှာလည်း ဤနာမည်ကိုသာ ဆက်လက် အသုံးပြုခဲ့သည်။

မုရှောင်လန်သည် လွန်ခဲ့သည့် ငါးရက်က ဤနေရာတစ်ဝိုက်တွင် သာလွန်အဆင့် မွန်းစတား တစ်ကောင်ကို သတ်ဖြတ်ပြီး သာလွန်အဆင့်

တက်လှမ်းခဲ့သည်။ ယခုအခါ သူမသည် အဖြူရောင်မီးလျှံအဆင့် ရောက်နေပြီဖြစ်သဖြင့် အသွင်ကူးပြောင်းမှု ပြီးဆုံးအောင် မစောင့်တော့ဘဲ ကံဆိုးမိုးမှောင်မြို့သို့ တိုက်ရိုက် ပြေးလာခဲ့သည်။

ကံဆိုးမိုးမှောင်မြို့ ဆိုသည်မှာ သူတော်စင်အဖွဲ့ဝင်များ ပုန်းအောင်းနေသော နေရာတစ်ခု ဖြစ်ကြောင်း မှောင်ခိုဈေးကွက်ထဲမှ ကြားသိခဲ့သည်။ သူမသည် စာရင်းသွင်းထားသော ရွှေအဆင့် မုဆိုးတစ်ယောက် ဖြစ်သောကြောင့် မုဆိုးများအတွက် သီးသန့် ပြုလုပ်ပေးထားသည့်

နေရာကူးပြောင်းခြင်း ပေါ်တယ်မှတဆင့် ဤနေရာသို့ ရောက်လာခဲ့သည်။

နောက်ပိုင်း ရက်များတွင် သူမ၏ အချိန်အများစုကို မှောင်ခိုဈေးကွက်ထဲတွင် သူတော်စင် အဖွဲ့အစည်းအကြောင်း စုံစမ်းရင်း ကုန်ဆုံး ခဲ့သည်။ ဤနေရာတွင် ပြည်ထောင်စုအစိုးရ၏ စစ်ဆင်ရေးကြောင့် သူတော်စင်များကို သတ်ဖြတ်ရန်အတွက် အခြား မုဆိုးအများအပြားလည်း ရောက်ရှိနေကြသည်။

မုရှောင်လန်သည် သူမ၏ လုံခြုံရေးအတွက် ရည်ရွယ်ပြီး မုဆိုးအများစု တည်းခိုသာ ဟိုတယ်တစ်ခုတွင် တည်းခိုခဲ့သည်။

တစ်နေ့တွင် ရွှေရောင် မျက်မှန်နှင့် အကျႌအဖြူဝတ်ထားသော အမျိုးသားတစ်ဦးက မှောင်ခို ဈေးကွက်ထဲမှ ပြန်ထွက်လာသော သူမထံ ချဉ်းကပ်လာသည်။ အနက်ရောင်ဝတ်စုံ ဝတ်ထားသော မုရှောင်လန်က သူ့ကို သတိကြီးကြီး ထားပြီး စောင့်ကြည့်လိုက်သည်။

"မင်္ဂလာပါ မစ္စမု"

ထိုလူက သူမနှင့် နှစ်မီတာပင မဝေးသော နေရာကို လျှောက်လာပြီး သူမကို ပြုံးပြကာ နှုတ်ဆက်လိုက်သည်။

"မင်း လူမှားနေပြီ"

မုရှောင်လန်သည် ပါးပြင်အောက်က စိုးရိမ်မှုများကို ဖုန်းကွယ်ထားပြီး မျက်နှာက အေးစက်စက် အမူအရာ ဖြစ်နေသည်။

"မဖြစ်နိုင်ဘူး။ မင်းက သိုင်းပညာ မုဆိုးကောလိပ်မှာ သင်ကြားခဲ့တဲ့ မုရှောင်လန်ပဲ။ ဝမ်ရယ်ဆိုတဲ့ အမျိုးသားတစ်ယောက်နဲ့

ချစ်ကြိုက်ခဲ့တဲ့ ဆရာမတစ်ယောက်ပဲ ကံဆိုးတာက လွန်ခဲ့တဲ့တစ်လက သူတော်စင်တွေရဲ့ တိုက်ခိုက်မှုမှာ ဝမ်ရယ်က သေဆုံးသွားပြီး မင်းက ပြီးခဲ့တဲ့ တစ်ပတ်ကမှ အလုပ် ထွက်ခဲ့တယ်။ ရှင်းရှင်းလင်းလင်း ပြောရမယ်ဆို ကလဲ့စား ချေဖို့အတွက် အလုပ်ထွက်ခဲ့တယ်"

မှိန်ပြပြ လမ်းမီးတိုင် အောက်တွင် မျက်မှန်တပ်ထားသည့် အမျိုးသားက သူမကို နွေးထွေးစွာ ပြုံးပြီးကြည့်နေသည်။

"မင်း ဘယ်သူလဲ"

မုရှောင်လန်က သူမခေါင်းစွပ်ကို ချွတ်လိုက်ပြီး ရဲရဲတောက်နေသော မျက်လုံးများနှင့် ထိုလူကို စိုက်ကြည့်လိုက်သည်။

“စိတ်မပူနဲ့ ငါက သူတော်စင်တစ်ယောက် မဟုတ်ဘူး။ မင်းက ငါ့ကို ဒေါက်တာလို့ ခေါ်လို့ရတယ်”

ထိုလူက ပြုံးရင်း သူ့ကိုယ်သူ မိတ်ဆက်ပေးသည်။

“မင်း ငါ့အကြောင်း သိပ်သိလွန်းတယ်။ မင်းက သူတော်စင်အဖွဲ့ဝင် မဟုတ်ရင်တောင် မင်းရဲ့

လာခြင်းက မကောင်းနိုင်ဘူး။ မင်းနဲ့ စကား ဆက်မပြောချင်ဘူး”

မုရှောင်လန်သည် သူတော်စင်အဖွဲ့ဝင် တစ်ယောက် မဟုတ်လျှင်ပင် သတိထားနေသည်။

“ဒါဆိုလည်း ကောင်းပြီလေ။ ငါ့ ရည်ရွယ်ချက်ကို ပြောပါရစေဦး”

ထိုလူက စကားဆက်မပြောခင် နှာခေါင်းပေါ်က မျက်မှန်ကို ပင့်တင်လိုက်သည်။

“လင်းဟွမ်က မင်းရဲ့လုပ်ဖော်ကိုင်ဖက် ဖြစ်ပြီး မင်းနဲ့ တော်တော်လေး ရင်းနှီးတယ်လို့ ကြားထားတယ်။ မင်းဆီကနေ သူ့အကြောင်း တစ်ခုခု သိချင်တယ်”

“ပြောစရာ အကြောင်းမရှိဘူး”

နောက်ဆုံး၌ မုရှောင်လန်သည် ထိုလူက လင်းဟွမ်ကြောင့် ဤနေရာသို့ ရောက်နေကြောင်း သိလိုက်သည်။

"အမျိုးသမီး ဒါက မင်း ဆုံးဖြတ်လို့မရဘူး”

ထိုလူက မျက်မှန်ချွတ်လိုက်ကာ သူ့ ဘယ်ဘက် မျက်လုံးထဲမှ မီးလျှံတစ်ခု ပစ်လွတ်လိုက်ပြီး မုရှောင်လန်ကို ထိမှန်သွားကာ မုရှောင်လန် လဲကျသွားသည်။ ရုတ်တရက်ဆိုသလို ထိုလူ၏လက်က ရွှေရောင် တောက်ပလာပြီး မြေပေါ်တွင် လဲကျနေသော မုရှောင်လန်ကို ဖုံးအုပ် သွားသည်။ ရွှေရောင်အလင်းများ မှိန်ဖျော့သွားသည်နှင့် မုရှောင်လန်လည်း ပျောက်ကွယ်သွားသည်။

ထို့နောက် ထိုလူသည် နေရာကူးပြောင်းခြင်း ခါတ်ကြွင်းတစ်ခုကို ဆင့်ခေါ်ကာ ထိုထဲသို့ ဝင်ပြီး ပျောက်ကွယ် သွားသည်။ မကြာခင် နေရာကူးပြောင်းခြင်း ခါတ်ကြွင်းလည်း ပျောက်ကွယ်သွားပြီး လမ်းကြားထဲ၌ မည်သည့်အရာမျှ မဖြစ်ခဲ့သလို တိတ်ဆိတ် ငြိမ်သက်နေခဲ့သည်။